ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

## ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၁၃ ရက်၊ တနင်္လာနေ့။ Monday 25 June 2018 ၄၃၂၈

# ရထားလမ်းပိုင်းအချက်ပြစနစ် ကောင်းမွန်လာ၍ ရထားအဝင်၊ အထွက် အဆင်ပြေလွယ်ကူ



ရန်ကုန်မြို့ပတ် RBE ရထားတွဲဆိုင်း ရန်ကုန်ဘူတာကြီးမှ ထွက်ခွာစဉ်။ *ဓာတ်ပုံ-တင်စိုး*

**ရန်ကုန် ဇွန် ၂၄**

ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစေရန် မြန်မာ့မီးရထားမှ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်ဘူတာကြီးနှင့် ပုဇွန်တောင်ဘူတာအတွက် ဂျပန်နည်းပညာသုံး ထိန်းချုပ်ရေးဇဟိုစင်တာကို ယခုအခါဖွင့်လှစ်လိုက်ပြီဖြစ်၍ ရထားလမ်းပိုင်းအချက်ပြစနစ်များ ကောင်းမွန်လာသောကြောင့် ရထားအဝင်၊ အထွက် အချိန်မှန်ကန်ပြီး အဆင်ပြေလွယ်ကူလာကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ဂျပန်နည်းပညာသုံး Electronic Interlocking System အသစ် တပ်ဆင်လိုက်သည့်အတွက် ရန်ကုန်ဘူတာကြီး၌ ရုံပိုင်အပါအဝင် ဝန်ထမ်း ၂၀ ကျော်နှင့် ပုဇွန်တောင်ဘူတာ၌ ရုံပိုင်အပါအဝင် ဝန်ထမ်းရှစ်ဦးတို့က ရန်ကုန်ဘူတာကြီးမှ ပုဇွန်တောင်ဘူတာအထိ Point Mission ၈၁ ခုကို လှမ်း၍ ထိန်းချုပ်နိုင်ပြီဖြစ်သည်။ အချက်ပြစနစ် **စာမျက်နှာ ၄ ကော်လံ ၄ သို့** ❋

## ထစ်ချုန်းမိုး

**နေပြည်တော်**

မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**

မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## ဝိညာဉ်စိမ်းရုပ်ရှင်ကား ဇွန် ၂၉ ရက်တွင် တစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံကြီးများ၌ ရုံတင်ပြသမည်

စာမျက်နှာ - ၇

## အာဂျင်တီးနားနိုင်ငံတွင် ကမ္ဘာ့ဖလားဆုရုပ်တုများအတွင်း၌ မူးယစ်ဆေးဝါးများ တွေ့ရှိ

စာမျက်နှာ - ၁၂

# ရန်ကုန်တိုင်းဒေသကြီးရှိ ရေလှောင်တမံ ကိုးခု မိုးသည်းထန်စွာရွာသွန်းခဲ့သော်လည်း စိုးရိမ်ဖွယ်ရာမရှိ

**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုရှိခဲ့သော်လည်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းထားသည့် ရေလှောင်တမံကိုးခုမှာ ရေဘေးအန္တရာယ် စိုးရိမ်ဖွယ်ရာမရှိကြောင်း အဆိုပါဌာနမှ သိရသည်။

"ငမိုးရိပ်ရေလှောင်တမံက ကန်ရေပြည့်မှတ်ရောက်ဖို့ ၁၇ ပေကျော်၊ လဂွမ်းပြင်ရေလှောင်တမံက ကန်ရေပြည့်မှတ်ရောက်ဖို့ ၂၂ ပေကျော်၊ တဘူးလှရေလှောင်တမံက ကန်ရေပြည့်မှတ်ရောက်ဖို့ ၂၇ ပေကျော် လိုပါသေးတယ်၊ ကျန်တဲ့တမံတွေလည်း ကန်ရေပြည့်မှတ်ရောက်ဖို့ အများကြီးလိုပါသေးတယ်၊ မိုးများလို့ ကန်ရေပြည့်မှတ် ရောက်သွားရင်တောင် ရေပိုလွှဲကနေ အလိုအလျောက် ရေကျော်ကျပြီး မူလချောင်းဟောင်းထဲကို ပြန်ရောက်သွားပါတယ်၊ ဝန်ထမ်းတွေအနေနဲ့ ရေလှောင်တမံတွေကို အမြဲတမ်းပြုပြင်ထိန်းသိမ်းမှုတွေလုပ်ပါတယ်၊ တမံတွေနဲ့ပတ်သက်ပြီး စိုးရိမ်စရာမရှိပါဘူး၊ ဝန်ထမ်းတွေအနေနဲ့ နေ့၊ ညမပြတ် တမံတွေကို စောင့်ကြည့်စစ်ဆေးနေပါတယ်" ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်က ဇွန် ၂၄ ရက်တွင် ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းထားသည့် ရေလှောင်တမံကိုးခုမှာ လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံ၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❋



ငမိုးရိပ်ရေလှောင်တမံ ရေပိုလွှဲအား ဇွန် ၂၄ ရက်က တွေ့ရစဉ်။

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

ကြေးမုံ

# သဘာဝဘေးအန္တရာယ် သတိပြုကာကွယ်

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ၊ ကမ်းပါးများ၊ တောင်များ ပြိုကျမှုဖြစ်ပွားသဖြင့် ဘုရားပုထိုး၊ အဆောက်အအုံများ အပါအဝင် လူနေအိမ်များပါ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

ထိုသို့ သဘာဝဘေးနှင့်ကြုံတွေ့နေရသည့် ဒေသများသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ဌာနများ၊ လူမှုရေးအသင်းအဖွဲ့များက သွားရောက်၍ ကူညီဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ ရေကြီးရေလျှံမှု ဘေးအန္တရာယ်များအား နိုင်ငံတစ်ဝန်းတွင်ကြုံတွေ့ခဲ့ရပြီး အချို့ဒေသများတွင် ဆိုးဆိုးရွားရွား ရင်ဆိုင်နေရသည်။ ဥပမာအားဖြင့် မွန်ပြည်နယ်၌ ပြည်နယ်တစ်ခုလုံး ရေဘေးကြုံတွေ့နေရပြီး မော်လမြိုင်မြို့ ရှေးဟောင်းသမိုင်းဝင် ကျိုက်သလ္လံဘုရားတောင်တော်မြေပြိုကျမှုကြောင့် သာသနိကပစ္စည်းများ ပျက်စီးခဲ့ရသည်။

ရာသီဥတုပြောင်းလဲလာမှုနှင့် ပြင်းထန်လွန်ကဲသည့် မိုးလေဝသဖြစ်စဉ်များကြောင့် ပတ်ဝန်းကျင်နှင့် လူအများ ထိခိုက်နစ်နာမှုများကို သတိမူဆင်ခြင်သုံးသပ်၍ နောင်ကာလများအတွက် ကြိုတင်ပြင်ဆင် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ ကြုံတွေ့နေရသည့် သဘာဝဘေးများမှာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းမဟုတ်ဘဲ နိုင်ငံအများ ရင်ဆိုင်နေရခြင်းဖြစ်သည်။ မိုးရာသီတွင် ဖြစ်ပွားတတ်သော သဘာဝဘေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအဖို့ အဆန်းမဟုတ်သော်လည်း ထိခိုက်ဆုံးရှုံးမှုများ တိုး၍ဖြစ်မလာရေးအတွက် ကာကွယ်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြဖို့ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်သည် တိုက်ရိုက်ဆက်စပ်နေသဖြင့် ဆိုးရွားသော ရာသီဥတုများ လျော့နည်းကျဆင်းအောင် သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရမည် ဖြစ်သည်။ ရေကြီးရေလျှံခြင်းဟူသော သဘာဝအန္တရာယ်နှင့် ကြုံတွေ့ရခြင်းသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ချောင်း၊ မြောင်းများ တိမ်ကောလာခြင်းနှင့် သစ်တောသစ်ပင်များ ပျက်စီးဆုံးရှုံးမှုကြောင့် ဖြစ်ရခြင်းကို အများပြည်သူအားလုံးနီးပါး သိရှိနားလည်ထားကြသည်။ ထို့ကြောင့် မြစ်၊ ချောင်းများ မတိမ်ကောရေး၊ သစ်တောသစ်ပင်များ မပြုန်းတီးရေးအတွက် ပြည်သူအားလုံး အသိစိတ်ဓာတ်ရှိစွာဖြင့် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။

မိုးသည်းထန်စွာရွာသွန်းခြင်းသည် သဘာဝဖြစ်စဉ်သာဖြစ်ပြီး မြစ်၊ ချောင်းများနှင့် သစ်တောသစ်ပင်များ ကောင်းမွန်နေပါက မိုးရေများ သဘာဝအတိုင်း စီးဆင်းသွားမည်ဖြစ်၍ လူတို့အတွက် ထိခိုက်နစ်နာမှု နည်းပါးမည်ဖြစ်သည်။ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိမှုနှင့် ခန့်မှန်းထားမှုများအရ ရာသီဥတုဖောက်ပြန်မှုကြောင့် ရေခဲတောင်များ၊ ရေခဲမြစ်များ အရည်ပျော်ကျလျက်ရှိသဖြင့် လက်ရှိတွင် ပင်လယ်ရေမျက်နှာပြင် တဖြည်းဖြည်းတက်နေပြီး ခန့်မှန်းချက်အရ ခရစ်နှစ် ၂၁၅၀ ခန့်တွင် ပင်လယ်ရေ အနည်းဆုံး တစ်ပေခွဲမှ နှစ်ပေခန့်အထိ တက်လာမည်ဟု တွက်ချက်ထားကြသည်။ ယခုကဲ့သို့ မိုးရာသီကာလတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်၊ ချောင်း၊ မြောင်းများ ရေစီးဆင်းမှုပိုများလာပြီး မြင့်တက်နေသော ပင်လယ်ရေနှင့် ဆုံစည်းသောအခါ ရေကြီးရေလျှံမှုများ၊ ရေနစ်မြုပ်မှုများနှင့် ကြုံတွေ့ရခြင်းဖြစ်သည်။

သို့ဖြစ်ရာ ရေကြီးရေလျှံမှုများကြောင့် ပြည်သူများ ရေဘေးအန္တရာယ်၊ ရေဘေးဒုက္ခများနှင့် ကြုံတွေ့ရမှု လျော့နည်းသက်သာစေရေးအတွက် မြစ်တွေ၊ ချောင်းတွေ၊ မြောင်းတွေ ရေစီးရေလာကောင်းမွန်ရေး၊ သစ်တောသစ်ပင်များ ပျက်စီးဆုံးရှုံးမှု လျော့နည်းသက်သာစေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပြည်သူများ ပူးပေါင်းပါဝင်ကာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် လက်တွဲကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## မသန်စွမ်းသူများအတွက် ICT Training Center ဖွင့်ပွဲကျင်းပ



**နေပြည်တော် ဇွန် ၂၄**

မြန်မာနိုင်ငံတွင် ပထမဆုံးစတင်ဖွင့်လှစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံအခြေစိုက် နိပ္ပွန်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် မသန်စွမ်းသူများအတွက် Information, Communication & Technology Training Center ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်ကာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ နိပ္ပွန်ဖောင်ဒေးရှင်းမှ Executive Director Mr. Yuji Mori နှင့် တာဝန်ရှိသူတို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** အဆောက်အအုံဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ဖွင့်လှစ်ကာ အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုသည်။

**ရပ်တည်နိုင်ရေးကြိုးပမ်း**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မည်သည့်မသန်စွမ်းသူမဆို စွမ်းဆောင်နိုင်ရန်နှင့် အထောက်အပံ့ရရှိရန် လိုအပ်သည့်အတွက် ICT နည်းပညာဖြင့် လေ့ကျင့်ပေးခြင်းဖြစ်ပါကြောင်း၊ ICT Center ဖွင့်လှစ်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် သဘောတူလက်မှတ်ထိုးခဲ့ပြီး လုပ်ငန်းစတင်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် ဇွန်လတွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ယခု ၂၀၁၈ ခုနှစ် ဇွန်လတွင် လုပ်ငန်းစတင်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ Center ရေရှည်တည်တံ့ရန်၊ မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်ရန်နှင့် ကိုယ်တိုင်ဘဝ ရပ်တည်ရေးအတွက် အစိုးရ၊ ပြည်သူနှင့် လူမှုအဖွဲ့အစည်းများ၊ အလှူရှင်များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ ပူးပေါင်းပံ့ပိုးဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ ရှေ့ဆက်၍ အာဆီယံနှင့် အာရှဒေသအတွင်း မသန်စွမ်းသူများအတွက် အဆင့်မီသော ICT Training Center အဖြစ် ရပ်တည်နိုင်ရေးအားထုတ်ကြိုးပမ်းပြီး နိုင်ငံတကာမှ မသန်စွမ်းအရေး ဆောင်ရွက်နေသော မသန်စွမ်းပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်ဖြစ်ပြီး ပြည်သူလူထုမှလည်း အကြံဉာဏ်များပေးခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိပ္ပွန်ဖောင်ဒေးရှင်းမှ Executive Director က ICT Training Center ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်သူ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က ICT Training Center ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ICT Training Center ၏ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ ယခုအခါ အဆိုပါ ICT Training Center တွင် မသန်စွမ်းသူများအတွက် ဆရာဖြစ်သင်တန်းကို သင်တန်းသား ၁၄ ဦးဖြင့် စတင်ဖွင့်လှစ်နေပြီဖြစ်သည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် H.I.S. Travel Myanmar Co.,Ltd. မှ ရခိုင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ် ခြောက်သိန်းအား ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးမြို့ ကြခတ်တောရဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကြခတ်တောရပညာရေးနှင့် လူမှုအထောက်အကူပြုကွန်ရက်တို့မှ ပူးပေါင်းဖွင့်လှစ်သော ရပ်ရွာအခြေပြု အခြေခံနှင့် အဆင့်မြင့် စက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်ကာ အဖွင့်အမှာစကားပြောကြားပြီး ထူးချွန်ဆုရ သင်တန်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်သည်။

**အားပေးကြည့်ရှု**

ထို့နောက် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ပြီး သင်တန်းသို့ အပ်ချုပ်စက်များလှူဒါန်းသည့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြွန်တန်ဆာမြို့ သီတဂူစက္ခုဒါနဆေးရုံကြီးသို့ရောက်ရှိပြီး ဇမ္ဗူအေးတောရအင်းဝိုင်းဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကာ နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းခဲ့ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ မျက်စိဝေဒနာရှင်များအား ကုသပေးနေမှုကို အားပေးကြည့်ရှုသည်။

ဆက်လက်၍ ကျောက်တံခါးမြို့နယ် ဖဒိုမြို့သို့ရောက်ရှိပြီး လူမှုဝန်ထမ်းဦးစီးဌာနသို့ Good Neighbourhood International မှ ဆောက်လုပ်လှူဒါန်းသည့် ဖဒိုမူလတန်းကြိုကျောင်းဖွင့်ပွဲသို့တက်ရောက်ပြီး ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းသည်။ ယင်းနောက် ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်ခဲ့ရာ ဒုတိယဝန်ကြီးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် စေတနာရှင် ပြည်သူလူထုများ၏ လှူဒါန်းငွေများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က လက်ခံရယူခဲ့ကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် ဇွန် ၂၄**

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိ



**နေပြည်တော် ဇွန် ၂၄**

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tarnchaiyan Srisuwan ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှနှင့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဒွန်မောင်း တပ်မတော်လေဆိပ် (Wing-6) သို့ ရောက်ရှိရာ ထိုင်းဘုရင့်တပ်မတော်ပူးတွဲစစ်ဦးစီးချုပ် Gen. Ponpipaat Benyasri နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော် အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ခင်ဇော်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

အဆိုပါခရီးစဉ်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းနိုင်ငံရှိ နယ်ဘက်စစ်ဘက်ခေါင်းဆောင်များနှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခြင်းနှင့် အထင်ကရနေရာများကို လှည့်လည်ကြည့်ရှုလေ့လာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း သစ်တောစိုက်ခင်း ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် ဇွန် ၂၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကိုးပင်-သာဂရလမ်း မိုင်တိုင်အမှတ် ၃၅/၀ အနီး ရိုးမကြိုးပြင်ကာကွယ်တောအတွင်းရှိ ၂/၂၀၁၇ စီးပွားရေးကျွန်းစိုက်ခင်း ဧက ၂၅၀ စိုက်ခင်းပေါင်းရှင်းခြင်း၊ ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ဆက်လက်၍ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် ၂၇၃/၂ မှ လေးမိုင်အကွာ ကိုးပင်-သာဂရလမ်းမိုင်တိုင်အမှတ် ၁၀/၀ အနီး တောင်ငူ သစ်ထုတ်ရေးဒေသ၏ ဆင်ထိန်းသိမ်းရေးအခြေပြု ခရီးသွားလုပ်ငန်းဖြစ်သော ဖိုးကျားဆင်စခန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက ဖိုးကျားဆင်စခန်း နောက်ခံသမိုင်း၊ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ ခရီးသွား ဧည့်သည်များအတွက် ဆောင်ရွက်ပေးနေသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ဧည့်သည်ဝင်ရောက်မှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဖိုးကျားဆင်စခန်းအတွင်းရှိ နှစ် ၁၀၀ ကျော် သက်တမ်းရှိ ကျွန်းပင်ကြီးများကို ကြည့်ရှုစစ်ဆေးပြီး ကျွန်းပင်ကြီးများ ရေရှည်တည်တံ့နိုင်ရေးအတွက် ပင်စည်အရင်းပိုင်းများ ကြံ့ခိုင်ရေး၊ အမြစ်များကုပ်တွယ်မှုကောင်းရေးတို့အတွက် ဖြည့်စွက်ဆောင်ရွက်ပေးရန် လိုအပ်သည်များကို မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် နေပြည်တော်-တောင်တွင်းကြီးကားလမ်းမိုင်တိုင်အမှတ် ၃၉/၀ နှင့် ၄၀/၀ အကြား ပလွေးကြိုးဝိုင်း အကွက်အမှတ်(၅၅)အတွင်း စိုက်ပျိုးတည်ထောင်လျက်ရှိသော ၁/၂၀၁၈ စီးပွားရေးကျွန်း ဧက ၁၅၀ စိုက်ပျိုးတည်ထောင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိမြို့နယ် နေပြည်တော် - တောင်တွင်းကြီးကားလမ်း မိုင်တိုင်အမှတ် ၃၆/၂ အနီး ပလွေးကြိုးဝိုင်း အကွက်အမှတ် ၇၆ အတွင်းရှိ ၁/၂၀၁၇ စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၀၀ ပေါင်းသင်ရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် သေပင်ဖာထေးခြင်း၊ ပင်ပူးခွာခြင်း၊ ပင်ခြေပိုင်းရှိမလိုအပ်သောအရွက်များ ဖယ်ရှားခြင်းနှင့် နွယ်ဖြတ်ခြင်းများအတွက် ဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်စစ်ဆေးမှုများ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင် ၂၉၀ ကို ASEAN CPA လက်မှတ်များချီးမြှင့်

**ရန်ကုန် ဇွန် ၂၄**

မြန်မာနိုင်ငံစာရင်းကောင်စီ၏ ASEAN Chartered Professional Accountants (ASEAN CPA) လက်မှတ်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ညနေ ၆ နာရီက Polo Club, Western Park Restaurant ရန်ကုန်မြို့၌ ကျင်းပသည်။

**ကျေပွန်စွာတုံ့ပြန်ပေးဆပ်**

အခမ်းအနားတွင် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက အာဆီယံဝန်ဆောင်မှုကုန်သွယ်ရေး ပူးပေါင်းညှိနှိုင်းကော်မတီကဆောင်ရွက်သည့် နိုင်ငံအလိုက် စာရင်းပညာရှင်များအပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ်အရ မြန်မာနိုင်ငံမှ စာရင်းပညာရှင်များဖြစ်သည့် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင် ၂၉၀ ကို သတ်မှတ်ချက်များနှင့်အညီ ASEAN CPA များအဖြစ် အသိအမှတ်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ပြောင်းလဲတိုးတက်လာသည့် ခေတ်နှင့်အညီ အာဆီယံနိုင်ငံများမှာ စာရင်းပညာရှင်အဖြစ် လုပ်ကိုင်ဆောင်ရွက်နိုင်မည့်အခွင့်အရေးများကို ရရှိလာမည်ဖြစ်ကြောင်း၊ စာရင်းပညာရှင်များဖြစ်ကြသည့် ASEAN CPA လက်မှတ်ရရှိသူများကလည်း နိုင်ငံတော်နှင့်တိုင်းပြည်၏ အကျိုးစီးပွားအတွက် တစ်ထောင့်တစ်နေရာမှ ကျေပွန်စွာတုံ့ပြန်ပေးဆပ်ရန်လိုအပ်ပါကြောင်း၊ အထူးသဖြင့် ပြောင်းလဲလာသည့် နိုင်ငံတော်အုပ်ချုပ်ပုံစနစ်သစ်နှင့်အညီ စီးပွားရေး၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသည့်အခါသမယတွင် နိုင်ငံတော်အတွက် ကျွမ်းကျင်သော စာရင်းပညာရှင်များနှင့် စာရင်းကျွမ်းကျင်သူများ အထူးလိုအပ်လျက်ရှိရာ ASEAN CPA လက်မှတ်ရရှိသူများအနေဖြင့် နေရာမရွေးလိုအပ်ချက်ကို ကျရာကဏ္ဍမှ ပါဝင်ကြိုးပမ်းကြရာတွင် စာရင်းပညာရပ်များ တိုးတက်ဖွံ့ဖြိုးစေရန်အတွက် စိတ်စေတနာထားကာ စွမ်းအားပြည့် တက်ကြွစွာ အလုပ်အကျွေးပြုရန် တိုက်တွန်းလိုကြောင်းနှင့် ASEAN CPA လက်မှတ်ရရှိသူများအနေဖြင့် စာရင်းပညာရပ်ဆိုင်ရာ ကျင့်ဝတ်၊ သိက္ခာ၊ စည်းကမ်းများကို တိကျစွာလိုက်နာ၍ စာရင်းပညာရှင်၏ဂုဏ်သိက္ခာဖြင့် ရိုးသားဖြောင့်မတ် တည်ကြည်စွာ ထမ်းရွက်နိုင်ကြပြီး ကိုယ်ကျင့်သီလ ကောင်းမွန်သည့် နိုင်ငံတော်က အားထားရသော၊ ပြည်ပနိုင်ငံများမှ အားထားရသော စာရင်းပညာရှင်များဖြစ်ရန် ကျင့်ကြံနေထိုင်လုပ်ကိုင်ရန် အထူးလိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ASEAN CPA လက်မှတ်ရရှိထားသူ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင် ၂၉၀ ကို ASEAN CPA လက်မှတ်များ ချီးမြှင့်ပေးသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် လှိုင်သာယာမြို့နယ်နှင့် အလုံမြို့နယ်များရှိ ဓာတ်အားခွဲရုံများကို ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဇွန် ၂၄**

ပြည်သူများ လျှပ်စစ်ဓာတ်အားတည်ငြိမ်ပြည့်ဝစွာရရှိစေရေးနှင့် ဓာတ်အားစနစ် ကြံ့ခိုင်ကောင်းမွန်စေရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာမြို့နယ်နှင့် အလုံမြို့နယ်တို့ရှိ ဓာတ်အားခွဲရုံများသို့ ရောက်ရှိစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ်ရှိ ၂၃၀ ကေဗွီ ကနောင်ဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ခွဲရုံတာဝန်ရှိသူများက ဓာတ်အားခွဲရုံ၏ ဗို့အားအဝင်၊ အထွက် အခြေအနေများ၊ ဝန်အားအခြေအနေများနှင့် 155 MVA ထရန်စဖော်မာ တိုးချဲ့တပ်ဆင်တည်ဆောက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းအချိန်မီပြီးစီးရေးနှင့် လျှပ်စစ်ဓာတ်အား လေလွင့်ပျောက်ဆုံးမှုမရှိစေရေးတို့အတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို မှာကြားပြီး ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ၂၃၀ ကေဗွီ လှိုင်သာယာပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ 155 MVA ထရန်စဖော်မာတိုးချဲ့တပ်ဆင်ဆောင်ရွက်နေမှုများကို စီမံကိန်းတာဝန်ခံက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ၂၃၀ ကေဗွီ ကနောင်ပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ လှိုင်သာယာပင်မဓာတ်အားခွဲရုံတို့တွင် ဆောင်ရွက်လျက်ရှိသော 155 MVA ထရန်စဖော်မာတိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများ ပြီးစီးပါက လှိုင်သာယာမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးမည်ဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အလုံမြို့နယ်ရှိ ၃၃ ကေဗွီ ဟုန်ဟိုင်းဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံအတွင်း ဗို့အား အဝင်၊ အထွက် အခြေအနေများကို စစ်ဆေး၍ ဓာတ်အားဖြန့်ဖြူးပေးပို့ရာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာဖြန့်ဖြူးနိုင်ရေးနှင့် ဓာတ်အားပြတ်တောက်မှုမဖြစ်ပေါ်စေရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

**သတင်းစဉ်**

# သက်ကြီးဝါရင့်အားကစားကလောင်ရှင်ကြီးများအား ဂါရဝပြုကန်တော့ခြင်းနှင့် ၂၀၁၇ ခုနှစ်အတွက် အကောင်းဆုံးအားကစားသမားဆုချီးမြှင့်ပွဲ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်

ရန်ကုန် ဇွန် ၂၄

**၂၀၁၈ ခုနှစ် အသက် ၇၀ နှစ်အထက် သက်ကြီးဝါရင့်အားကစားကလောင်ရှင်ကြီးများအား ဂါရဝပြုကန်တော့ပွဲနှင့် ၂၀၁၇ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံး အားကစားသမားဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နေ့လယ်ပိုင်းက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ ပတ္တမြားခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်သည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အားကစားစာပေလောကတွင်လည်း မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေသည့် အားကစားစာပေများကို နှစ်ပေါင်းများစွာရေးသားခဲ့သည့် သက်ကြီးအားကစားကလောင်ရှင်ကြီးများ၏ စွမ်းဆောင်မှုကို အသိအမှတ်ပြုသည့်အနေဖြင့် လည်းကောင်း၊ အဆိုပါကလောင်ရှင်ကြီးများ၏ အသက်အရွယ်အတွေ့အကြုံများ၊ အားကစားစာပေဗဟုသုတနှင့် အတုယူစရာ စာပေများကို ရသမြောက်အောင် စဉ်ဆက်မပြတ် ရေးသားခဲ့ကြသည်ကိုလည်း ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းဖြင့် ဂါရဝပြုပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအားကစားကလောင်ရှင်များ မီဒီယာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးမိုးကျော်က ကန်တော့ပွဲအခမ်းအနားကျင်းပရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အသက် ၇၀ နှစ်အထက် သက်ကြီးဝါရင့် အားကစားကလောင်ရှင် ၃၇ ဦးတို့အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ နှစ်သိန်းနှင့် အဖွဲ့ချုပ်မှ နှစ်သိန်း စုစုပေါင်း လေးသိန်းစီနှင့် ကန်တော့ခံပစ္စည်းများဖြင့် ဂါရဝပြုပေးအပ်ကြပြီး သက်ကြီးဝါရင့်အားကစားကလောင်ရှင်များအား ဂါရဝဂုဏ်ပြုကန်တော့ကြကာ ကလောင်ရှင်ကြီးများကိုယ်စား တက္ကသိုလ်စိုးဝင်းက သြဝါဒအမှာစကား ပြောကြားသည်။

ထို့နောက် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏအားကစားရုံ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မြန်မာနိုင်ငံအားကစားလောကအတွက် အမြင့်ဆုံးဖြစ်သော ၂၀၁၇ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံး အားကစားသမားဆုများ ချီးမြှင့်ပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များ မီဒီယာအဖွဲ့ချုပ်ဥက္ကဋ္ဌက ၂၀၁၇ ခုနှစ်အတွက် အကောင်းဆုံး အားကစားသမား စိစစ်ရွေးချယ်ပုံအသေးစိတ်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ၂၀၁၇ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံးအားကစားသမားဆုရ Sports Man of the Year-2017 ဆုရ ထွန်းထွန်းအောင်(ကာယဗလမောင်)၊ ၂၀၁၇ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံး အားကစားသမားဆုရ Sports Woman of the Year-2017 ဆုရ မမေပိုးဝါ(သေနတ်ပစ်)၊ ၂၀၁၇ ခုနှစ်ဆုရအတွက် အထူးဆုဖြစ်သည့် အကောင်းဆုံးနည်းပြဆရာဆုရ ဦးမင်းဇော်ဦး(ကာယဗလ)၊ ၂၀၁၇ ခုနှစ်အတွက် အသင်းလိုက်အသင်းဆုရ မြန်မာ့ရိုးရာလှေလှော်အသင်း၊ ၂၀၁၇ ခုနှစ်အတွက် အထူးဂုဏ်ပြုဆု Sport Personality Award 2017 ဆုရ MNA ကမ္ဘာလိုက်ဝိတ်တန်းနှင့် မစ်ဒယ်ဝိတ်တန်း ချန်ပီယံအောင်လအန်ဆန်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်သည်။

အဆိုပါဂုဏ်ပြုဆုများကို အကောင်းဆုံးအမျိုးသားဆုအတွက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ ၁၀ သိန်းနှင့်အဖွဲ့ချုပ်မှ ၁၀ သိန်း စုစုပေါင်း သိန်း ၂၀၊ အကောင်းဆုံးအမျိုးသမီးဆုအတွက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ ၁၀ သိန်းနှင့် အဖွဲ့ချုပ်မှ ၁၀ သိန်း စုစုပေါင်း သိန်း ၂၀၊ အကောင်းဆုံးနည်းပြဆုအတွက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ ငါးသိန်းနှင့် အဖွဲ့ချုပ်မှ ငါးသိန်း စုစုပေါင်း ၁၀ သိန်း၊ အကောင်းဆုံးအသင်းဆုအတွက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ ငါးသိန်းနှင့် အဖွဲ့ချုပ်မှ ငါးသိန်း စုစုပေါင်း ၁၀ သိန်း ဂုဏ်ပြုဆုငွေအပြင် စုစုပေါင်း သိန်း ၆၀ တိတိ ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံအားကစားကလောင်ရှင်များအဖွဲ့ချုပ်သို့ အလှူရှင်များက ပေးအပ်လှူဒါန်းရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာပါတီညီလာခံ အောင်မြင်စွာပြီးမြောက်

**ရန်ကုန် ဇွန် ၂၄**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာပါတီညီလာခံ (ဒုတိယနေ့)ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြပြီး ဒီမိုကရေစီအရေးတော်ပုံအဆက်ဆက်တွင် ကျဆုံးခဲ့သော ရဟန်းရှင်လူ၊ ကျောင်းသား ပြည်သူတို့ကို ဂုဏ်ပြုသောအားဖြင့် ရှစ်စက္ကန့်ငြိမ်သက်ခြင်းကို ဆောင်ရွက်ကြသည်။

ထို့နောက် ပါတီညီလာခံ သဘာပတိ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက "ဒီနေ့ညီလာခံမှာ အထူးအလေးအနက်ထားပြီးတော့ ဆောင်ရွက်စေချင်တာက ကျွန်တော်တို့အားလုံး အမြော်အမြင်ကြီးကြီး၊ အမြင်ကျယ်ကျယ်နဲ့ ရိုးသားပွင့်လင်းစွာ ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်၊ ဆုံးဖြတ်ဆောင်ရွက်တဲ့နေရာမှာလည်း သတ္တိရှိရှိနဲ့ တကယ့်အမှန်ကို ရဲရဲတင်းတင်း ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်" ဟု ပြောကြားသည်။

ယင်းနောက် လစ်လပ်လျက်ရှိသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အရန် ဗဟိုအလုပ်အမှုဆောင် အဖွဲ့များအားရွေးချယ်ခြင်း၊ ဗဟိုကော်မတီဝင်များ၏ အတည်ပြုချက် ရယူခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၏ ဗဟိုကော်မတီဝင်များက ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာများအပေါ် ပြန်လည်ဆွေးနွေးခြင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ပြန်လည်ဆွေးနွေးခြင်းတို့ကိုပြုလုပ်ကြသည်။




ယနေ့ညီလာခံအပြီးတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာဇော်မြင့်မောင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဉာဏ်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမျိုးညွန့်တို့က သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့ရာတွင် ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာညီလာခံတွင် တင်သွင်းခဲ့သော နိုင်ငံရေးအစီရင်ခံစာ၊ စည်းရုံးရေးအစီရင်ခံစာတို့နှင့်ပတ်သက်၍ လည်းကောင်း၊ ပါတီ၏ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လည်းကောင်း၊ ညီလာခံမှ ရွေးချယ်တင်မြှောက်လိုက်သည့် ဗဟိုကော်မတီဝင်များ၊ အရန် ဗဟိုကော်မတီဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ကိုယ်စားပြု ဗဟိုအလုပ်အမှုဆောင်များ၊ အရန်ဗဟိုအလုပ်အမှုဆောင်များ ရွေးချယ်ခြင်းနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့ကြသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

### ✻ ရွှေဖုံးမှ

ပေါင်းလင်းရေလှောင်တမံ(ငမိုးရိပ်ရေကူ)၊ မဟူရာရေလှောင်တမံ(ငမိုးရိပ်ရေကူ)၊ လဂွမ်းပြင် ရေလှောင်တမံ၊ ကလီထော်ရေလှောင်တမံ၊ တောင်လုံးမြောင်ရေလှောင်တမံ၊ တဘူးလှရေလှောင်တမံ၊ သန်လျင်မြို့နယ်ရှိ ဇာမဏီအင်းရေလှောင်တမံနှင့် ကျောက်တန်းမြို့နယ်ရှိ ဘန့်ဘွေးကုန်း ရေလှောင်တမံတို့ ဖြစ်ကြောင်း သိရသည်။

အဆိုပါတမံများ မိုးရာသီအတွင်း ထိခိုက်ပျက်စီးမှုမရှိစေရန်နှင့် ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရန်အတွက် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများသည် မိုးရာသီမတိုင်မီကတည်းက ရေဘေးကာကွယ်ရေးဆိုင်ရာ တည်ဆောက်ရေးပစ္စည်းများ ကြိုတင်စုဆောင်းထားရှိခြင်း၊ စက်ယန္တရား၊ ယာဉ်နှင့်လုပ်သားများ အသင့်ဖွဲ့စည်းထားရှိခြင်း၊ စီမံချက်များရေးဆွဲထားခြင်းနှင့် ရေကင်းတာဝန်ချထားခြင်းများကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးတွင် ရေကြီးနစ်မြုပ်မှု လျော့နည်းစေရေးအတွက် ၂၀၁၆ ခုနှစ်မှ စတင်ကာ ၂၀၁၈ ခုနှစ် မိုးရာသီမတိုင်မီအထိ ချောင်းကော၊ မြောင်းကော တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လှည်းကူးမြို့နယ်တွင် အလျားမိုင်(၁၅၀ ဒသမ ဝ၆)မိုင်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်တွင်(၃၂ ဒသမ ၈၂)မိုင်၊ ထန်းတပင်မြို့နယ်တွင် (၈၄ ဒသမ ၈၆၀)မိုင်၊ မှော်ဘီမြို့နယ်တွင် (၂၇ ဒသမ ၃၃) မိုင်၊ တိုက်ကြီးမြို့နယ်တွင် (၅၈ ဒသမ ၇၄) မိုင်၊ သန်လျင်မြို့နယ်တွင် (၃၂ ဒသမ ၆၅)မိုင်၊ ကျောက်တန်းမြို့နယ်တွင် (၆၉ ဒသမ ၇၈)မိုင်၊ ခရမ်းမြို့နယ်တွင်(၇၃ ဒသမ ၇၉) မိုင်၊ သုံးခွမြို့နယ်တွင် (၉၉ ဒသမ ၁၀)မိုင်၊ တွံတေးမြို့နယ်တွင် (၂၇ ဒသမ ၆၃)မိုင်၊ ဒလမြို့နယ်တွင်(၄၂ ဒသမ ဝ၂)မိုင်၊ ကော့မှူးမြို့နယ်တွင် (၅၉ ဒသမ ၂၁)မိုင်၊ ကွမ်းခြံကုန်းမြို့နယ်တွင် (၈၉ ဒသမ ၆၅၅)မိုင် စုစုပေါင်း အလျားမိုင်(၈၄၇ ဒသမ ၆၄၆)ကို တူးဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန်လအတွင်း မိုးရေချိန် အများဆုံး လေးလက်မကျော် ရွာသွန်းခဲ့သော်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်းမရှိကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းထားသည့် ရေလှောင်တမံ ကိုးခုမှ နွေစပါးစိုက်ပျိုးရေးနှင့် ရန်ကုန်မြို့နေလူထုအတွက် သောက်သုံးရေပေးဝေလျက်ရှိရာ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ရေလှောင်တမံများမှ နွေစပါးစိုက်ဧက ၅၃၃၀၁ ဧကကို ရေပေးဝေနိုင်ခဲ့ပြီး မိုးစပါးအတွက် လိုအပ်ပါက ရေပေးဝေနိုင်ရန် ဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်း - မင်းသစ်(MNA)**
**ဓာတ်ပုံ - နေလင်း**

### ✻ ရထားလမ်းပိုင်းမှ

မှန်ကန်ကောင်းမွန်မှုကြောင့် ရန်ကုန်ဘူတာကြီးသို့ ဝင်ရောက်မည့် ဘုရားလမ်းဘူတာနှင့် ပုဇွန်တောင်ဘူတာမှ မောင်းနှင်လာမည့် ရထားတွဲဆိုင်းများမှာ ရန်ကုန်ဘူတာကြီးသို့ ဝင်ရောက်ရန်အတွက် အချိန်ကြာမြင့်စွာ မစောင့်ဆိုင်းရတော့ဘဲ အဆင်ပြေလွယ်ကူ ဝင်ရောက်နိုင်ကြပြီဖြစ်သည်။

မြန်မာ့မီးရထား တိုင်း(၇) သွားလာပို့ဆောင်ရေးဌာနမှ မန်နေဂျာ ဦးဇော်လွင်က "အရင်တုန်းကတော့ နှစ်နေရာခွဲပြီး ထိန်းချုပ်ရပါတယ်၊ အခုကျတော့ ရန်ကုန်ဘူတာကြီးကနေ ပုဇွန်တောင်ဘူတာအထိရှိတဲ့ ပွိုင့်အားလုံးကိုလှမ်းပြီး ထိန်းချုပ်နိုင်ပါပြီ၊ ရထားအဝင်အထွက်အတွက် အချက်ပြစနစ် အချိန်မှန်ကန်လာတာကြောင့် ရထားစီးခရီးသည်များအနေနဲ့လည်း အချိန်ကြာမြင့်စွာ မစောင့်ဆိုင်းရတော့ဘဲ လုပ်ငန်းခွင်ဝင်ရောက်ရာမှာ အချိန်မှန် ဝင်ရောက်နိုင်မှာဖြစ်လို့ အဆင်ပြေလွယ်ကူနေပါပြီ"ဟု ပြောသည်။

ရန်ကုန်ဘူတာကြီးသည် ၁၉၅၄ခုနှစ်မှစတင်ကာ အင်္ဂလန်နိုင်ငံ WIES TING HOUSE ကုမ္ပဏီထုတ် လမ်းလွှဲနှင့် အချက်ပြမောင်းတံများဆွဲ၍ လုပ်ရသော လျှပ်စစ်ချိတ်ဆက်ထိန်းချုပ်ခုံအား ဖွင့်လှစ်အသုံးပြုခဲ့ရာ နှစ်ပေါင်း ၆၄ နှစ်ကြာမြင့်ခဲ့ပြီး အချက်ပြစနစ်များ မကြာခဏချွတ်ယွင်းမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ အချက်ပြစနစ်များမမှန်ကန်တော့ဘဲ မီးနီမှုများဖြစ်ပေါ်သဖြင့် ရထားတွဲဆိုင်းများ ရပ်တန့်ရကြောင်း၊ ယခုအခါ ဂျပန်နိုင်ငံ၏ထောက်ပံ့မှုဖြင့် ဂျပန်နည်းပညာသုံး ထိန်းချုပ်ရေး ဗဟိုစင်တာကို ပြုလုပ်လိုက်သောကြောင့် တိုက်ရိုက်ထိန်းချုပ်ဆောင်ရွက်နိုင်ပြီ ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်-မန္တလေး ရထားလမ်းမကြီးအား(Electronic Interlocking System) အသစ်ကို မကြာမီတပ်ဆင်အသုံးပြုသွားမည်ဖြစ်ပြီး ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းကိုလည်း အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်ပြီးစီးပါက အချက်ပြစနစ်ဖြင့် တပ်ဆင်အသုံးပြုသွားမည်ဖြစ်သည်။ ထို့ပြင် ယခုအခါ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအနေဖြင့် မြို့ပတ်နှင့် ဆင်ခြေဖုံးရထားလမ်းပိုင်း၌ RBE ရထားတွဲဆိုင်း ၁၂ ဆိုင်း၊ ရထားတွဲဆိုင်းကြီး ၁၃ ဆိုင်းဖြင့် ရထားတွဲဆိုင်း စုစုပေါင်း ၂၅ ဆိုင်းကို ရထားပြေးဆွဲမှုအခေါက်ရေ ၂၂၀ ဖြင့် ပြေးဆွဲပေးလျက်ရှိရာ နေ့စဉ်ရထားစီးခရီးသည်ဦးရေ ရှစ်သောင်းခန့်ရှိကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ သိရသည်။

**သတင်း - ပွင့်သစ္စာ**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဆေးဝါးစက်ရုံ(အင်းစိန်) မွမ်းမံပြင်ဆင်မှု ကြည့်ရှုစစ်ဆေး




**ရန်ကုန် ဇွန် ၂၄**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဇွန် ၂၃ ရက် နံနက်က ဆေးဝါးစက်ရုံ(အင်းစိန်)သို့ ရောက်ရှိလာပြီး ဆေးဝါးစက်ရုံ(အင်းစိန်) BPI တွင် ဆေးဝါးများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ထုတ်လုပ်ရေးလိုင်းဟောင်းများအား WHO GMP Guide Line နှင့်အညီ အကြီးစားပြုပြင်မွမ်းမံနေမှုများအား ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ GMP Guide Line နှင့်အညီ ပြုပြင်မွမ်းမံရေး၊ စက်ပစ္စည်းကိရိယာများအား ရေရှည်အသုံးပြုနိုင်ရန် စနစ်တကျ ထိန်းသိမ်းထားရှိရေး၊ ပြည်သူလူထုအတွက် လိုအပ်သောဆေးဝါးများအား နှစ်စဉ်တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ဆေးဝါးအမည်သစ်များအား သုတေသနပြုလုပ်၍ စစ်ဆေးထုတ်လုပ်နိုင်ရေး၊ နိုင်ငံတကာအဆင့်မီ ပဋိဇီဝဆေးများအား တိုးမြှင့်ထုတ်လုပ်ရေး၊ စက်များစွမ်းအားပြည့် လည်ပတ်နိုင်ရေးတို့အား မှာကြားသည်။

ဆေးဝါးစက်ရုံ(အင်းစိန်) BPI တွင် ယခင်က သွေးကြောသွင်းဆေးရည်များအား ဘူးဖြင့်ထုတ်လုပ်ခြင်းအစား သယ်ဆောင်ရပိုမိုလွယ်ကူသည့် ထုပ်ပိုးမှုပုံစံအသစ်အိတ်များဖြင့် ထပ်မံတိုးချဲ့ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုက်ဝိုင်းဘုရားလမ်းရှိ တည်ဆောက်ပြီးစီးသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုစင်တာရုံးအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ကျောင်းသားများ ခွဲစိတ်မှု လက်တွေ့ဆောင်ရွက်

**မြင်းခြံ ဇွန် ၂၄**

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများသည် မြင်းခြံခရိုင် နွားထိုးကြီးမြို့ရှိ ကျေးရွာ ၁၂ ရွာတွင် အဖွဲ့များခွဲ၍ စာတွေ့၊ လက်တွေ့ပေါင်းစပ်ခြင်း၊ ဒေသန္တရဗဟုသုတများရှာဖွေခြင်း၊ ကျေးရွာပြည်သူများဖြင့် တိုက်ရိုက်ထိတွေ့ဆက်ဆံပြောဆိုခြင်း၊ လူမှုစီးပွားရေးအချက်အလက်များ ကောက်ယူခြင်းတို့ ဆောင်ရွက်လျက်ရှိရာ ကွင်းဆင်းလေ့လာရေးအဖွဲ့တစ်ခုသည် မြင်းခြံမြို့သို့ရောက်ရှိပြီး လက်တွေ့ခွဲစိတ်မှုပြုလုပ်ခြင်းကို ယနေ့နံနက် ၈ နာရီခွဲက စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပညာရပ်ဆိုင်ရာ လက်တွေ့ကွင်းဆင်းလေ့လာရေးအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါက်တာအောင်အောင်နှင့် ကျောင်းသား ၂၂ ဦးအဖွဲ့သည် မြင်းခြံမြို့ အမှတ် ၁၃ ရပ်ကွက် လမ်းသစ်လမ်းရှိ တိရစ္ဆာန်ဆေးကုဆရာဝန် ဒေါက်တာကျော်ဝင်းရွှေ၏ဆေးခန်းတွင် လက်တွေ့ခွဲစိတ်မှုအဖြစ် ခွေးထီးလေးကောင်အား သင်းကွပ်ခြင်းနှင့် နွားများတွင်ဖြစ်တတ်သည့် တုတ်ဆွဲရောဂါကို ကုသခြင်းဖြစ်သည့် တုတ်ဖြတ်ခြင်းတို့ကို အဖွဲ့ငယ်များဖြင့် လက်တွေ့ဆောင်ရွက်ကြရာ အဖွဲ့ခေါင်းဆောင်၊ ကြီးကြပ်ဆရာမ နှစ်ဦးနှင့် ဒေါက်တာကျော်ဝင်းရွှေတို့က အနီးကပ်သင်ကြားပေးခဲ့ကြသည်။

ထို့အပြင် ဆေးခန်းသို့ လာရောက်ပြသသည့် ကြောင်များ၊ ခွေးများကိုလည်း လက်တွေ့စစ်ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



## ထီးလင်းမြို့၌ ဒုတိယနှစ်စက်ဝန်း မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**ထီးလင်း ဇွန် ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြု စီမံကိန်းမှ မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို ဇွန် ၂၄ ရက် နံနက် ၉ နာရီက ထီးလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက ကျေးလက်နေပြည်သူများ စွမ်းဆောင်ရည် မြင့်မားလာစေရန် ကဏ္ဍအလိုက် နည်းပညာပိုင်းဆိုင်ရာ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေး၊ ဝယ်ယူရေး၊ စောင့်ကြည့်ကြီးကြပ်ရေး၊ ကျား-မ ရေးရာကဏ္ဍ စသည်တို့ကို သင်တန်းပေးခြင်း၊ အခြေခံအဆောက်အအုံများဖြစ်သော လမ်းလုပ်ငန်း ၅၀၊ တံတားလုပ်ငန်း သုံးခု၊ အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်း ၂၀၊ ရေထိန်း၊ မြေထိန်း နံရံလုပ်ငန်း ရှစ်ခု၊ ရေပေးရေးလုပ်ငန်း ခြောက်ခု၊ မီးလင်းရေးလုပ်ငန်း ၁၈ ခု စုစုပေါင်းလုပ်ငန်းခွဲ ၁၀၄ ခု အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ပထမနှစ် စီမံကိန်းစက်ဝန်းတွင် ရရှိလာသည့် အတွေ့အကြုံများကို မျှဝေပေးကာ ကြုံတွေ့ရသည့် အခက်အခဲများအပေါ် သင်ခန်းစာယူပြီး လာမည့်နှစ်တွင် စီမံကိန်းအား မည်ကဲ့သို့ ပိုမိုကောင်းမွန်လာအောင် သုံးသပ်ဆွေးနွေးအကြံပေးခြင်းဖြင့် ကျေးရွာပြည်သူလူထုက ပူးပေါင်းဆောင်ရွက်တတ်လာပြီး ကျေးရွာလူထု၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများကြားတွင် ယုံကြည်မှုကို ပိုမိုမြှင့်တင်ပေးနိုင်ရန်၊ လူထုဗဟိုပြု စီမံကိန်းလုပ်ငန်းများကို ပိုမိုအောင်မြင်ရေး အထောက်အကူပြုနိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း အမှာစကားတွင် ထည့်သွင်းပြောသည်။

ဆက်လက်၍ ထီးလင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ် စီမံကိန်းလုပ်ငန်းစဉ်များအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးအောင်က ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက စီမံကိန်းလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပွင့်လင်းစွာဆွေးနွေးခြင်း၊ စီမံကိန်းလုပ်ငန်း အားနည်းချက်၊ အားသာချက်များကို အုပ်စုခွဲ၍ ဆွေးနွေးခြင်း၊ ဂျူရီအဖွဲ့များက အကဲဖြတ်အမှတ်ပေးခြင်း၊ ဆွေးနွေးချက်အကြောင်းအရာများကို ပြန်လည်တင်ပြခြင်းများ ဆောင်ရွက်ခဲ့သည်။

စီမံကိန်းလုပ်ငန်း ပိုမိုကောင်းမွန်လာအောင် သုံးသပ်ဆွေးနွေးအကြံပေးခြင်းဖြင့် ကျေးရွာပြည်သူလူထုက ပူးပေါင်းဆောင်ရွက်တတ်လာပြီး လူထုဗဟိုပြုစီမံကိန်းကြောင့် ကျေးရွာပြည်သူလူထုအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးများ ပိုမိုတိုးတက်ကောင်းမွန်လာမည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာပြီး လူတန်းစား၊ လူမျိုး၊ ဘာသာ မရွေး၊ ကျား-မ မရွေး တန်းတူပူးပေါင်းပါဝင်ဆောင်ရွက်ခွင့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီမံကိန်းဝန်ထမ်းများ၊ ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

## တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ဂုဏ်ပြု

**လှိုင်လင် ဇွန် ၂၄**

လှိုင်လင်မြို့နယ် အမှတ် ၃ ရပ်ကွက်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက အဆိုပါရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်သောင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရဲစိုးတို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် အမှတ် ၃ ရပ်ကွက်မှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ဆုများချီးမြှင့်ပေးသည်။ လှိုင်လင်မြို့နယ် အမှတ် ၃ ရပ်ကွက်တွင် နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် ရိုးရိုးအောင် ၂၀ ရှိကြောင်း သိရသည်။

အဆိုပါရပ်ကွက်အနေဖြင့် ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခဲ့သည်မှာ ခုနစ်ကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လှိုင်လင်)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့

၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်



Listen FIRST
Listening to children and youth is the first step to help them grow healthy and safe

"ဦးစွာနားထောင်ပါ"

# စီးပွားရေးလုပ်ငန်းများအတွက် အပြောင်းအလဲဆောင်ကြဉ်းပေးမည့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ်

မောင်ဝိုက

၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့က နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်တဲ့ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေဟာ နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၈ ခုနှစ် ဇွန်လ ၂၂ ရက်နေ့က ထုတ်ပြန်တဲ့ အမိန့်ကြော်ငြာစာအမှတ်၊ ၄၈/၂၀၁၈ အရ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှာ စတင်အာဏာ တည်တော့မှာ ဖြစ်ပါတယ်။

ကုမ္ပဏီများဥပဒေကို စတင်ပြဋ္ဌာန်းချိန်ကစပြီး အာဏာတည်သည့်အထိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ရှစ်လကျော် အချိန်ယူပြီး လိုအပ် တာတွေကို အသေးစိတ်စီမံပြင်ဆင်ခဲ့ပါတယ်။ ထူးခြားတာကတော့ ဩဂုတ်လ ၁ ရက်နေ့မှာ ကုမ္ပဏီများဥပဒေ အာဏာတည်ရုံသာမက ကုမ္ပဏီ ဆိုင်ရာလုပ်ငန်းစဉ်များ လွယ်ကူ၊ မြန်ဆန်၊ သက်သာစွာဆောင်ရွက်နိုင်တဲ့ အီလက်ထရွန်နစ်ကုမ္ပဏီ မှတ်ပုံတင်စနစ် (Myanmar Companies Online-MyCO) ကိုပါ တစ်ပြိုင်တည်း အသုံးပြုနိုင်တော့မှာ ဖြစ်ပါတယ်။

**ခိုင်ခိုင်မာမာလုပ်ကိုင်နိုင်မယ့် အခွင့်အလမ်းရရှိ**

ကုမ္ပဏီများဥပဒေဟာ ကုမ္ပဏီထူထောင်ခြင်း လုပ်ငန်းတွေအတွက် ခေတ်မမီတော့တဲ့ ဥပဒေဟောင်းပါ ပြဋ္ဌာန်းချက်တွေကို ဖယ်ရှားလိုက်ပြီး စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ လွယ်ကူစွာ ကုမ္ပဏီထူထောင်နိုင်အောင် ပြင်ဆင်ရေးဆွဲထားတာလည်း ဖြစ်ပါတယ်။ ယခင်တုန်းက ကုမ္ပဏီထောင်ရင် ရှယ်ယာရှင် နှစ်ဦးရှိမှသာ ထောင်လို့ရတဲ့အနေအထားကနေ ဥပဒေသစ်အရ ရှယ်ယာရှင်တစ်ဦးတည်းနဲ့ ကုမ္ပဏီထောင်နိုင်တော့မှာ ဖြစ်တဲ့အတွက် အသေးစားလုပ်ငန်းလေးတွေ၊ တစ်ဦးတည်းလုပ်ကိုင်နေတဲ့ လုပ်ငန်းရှင်တွေ ကုမ္ပဏီအဖြစ် ပြောင်းလဲပြီး ခိုင်ခိုင်မာမာ လုပ်ကိုင်နိုင်မယ့် အခွင့်အလမ်း ရရှိသွားမှာဖြစ်ပါတယ်။ အလားတူပဲ အများနှင့်မသက်ဆိုင်တဲ့ ကုမ္ပဏီတွေမှာ ဒါရိုက်တာတစ်ဦးတည်း ထားရှိဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ယခင်တုန်းက ကုမ္ပဏီထူထောင်တဲ့အခါမှာ "လုပ်ငန်းရည်ရွယ်ချက်" များ ဖော်ပြဖို့လိုအပ်တဲ့ ပြဋ္ဌာန်းချက်ကို ဥပဒေသစ်မှာ ပယ်ဖျက်လိုက်ပြီဖြစ်တဲ့ အတွက် ကုမ္ပဏီတစ်ခုထူထောင်ပြီးရင် ဥပဒေနဲ့ညီညွတ်တဲ့ မည်သည့် လုပ်ငန်းမဆို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရသွားမှာ ဖြစ်ပါတယ်။ ယခင်တုန်း က ကုမ္ပဏီထူထောင်တဲ့အခါ "သင်းဖွဲ့စည်းမျဉ်း" နဲ့ "သင်းဖွဲ့ မှတ်တမ်း" ဆိုတဲ့ စာရွက်စာတမ်း လိုအပ်ချက်နှစ်မျိုးကို ဥပဒေသစ်မှာ ကုမ္ပဏီရဲ့ "ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း" တစ်မျိုးတည်းနဲ့ အစားထိုးလိုက်တဲ့အတွက် များစွာရှင်းလင်းလွယ်ကူသွားပါတယ်။ ကုမ္ပဏီတွေအနေနဲ့ မည်သည့်ရှယ်ယာ အမျိုးအစားကိုမဆို လွတ်လပ်စွာ ထုတ်ဝေနိုင်ပြီး ယခင်ဥပဒေအရ ကုမ္ပဏီ ထောင်ရာမှာ "သတ်မှတ်မတည်ငွေရင်း" ဖော်ပြရတဲ့ လိုအပ်ချက်ကိုလည်း ပယ်ဖျက်ပေးလိုက်ပါတယ်။ ဒါ့ကြောင့် ကုမ္ပဏီများအနေနဲ့ ယခင်ဥပဒေ ဟောင်းနဲ့ ဆောင်ရွက်စဉ်ကာလကလို ကုမ္ပဏီမှတ်ပုံတင်ရုံးကို အကြိမ်ကြိမ် သွားရခြင်း၊ တရားရုံးကို အကြိမ်ကြိမ်သွားရခြင်းစသည်တို့ မလိုအပ်တော့ပါ။

**နိုင်ငံသားတွေအတွက် ငွေပင်ငွေရင်း ပိုမိုရရှိစေ**

ဥပဒေသစ်မှာ အရေးကြီးတဲ့ ပြဋ္ဌာန်းချက်က မြန်မာနိုင်ငံသား ကုမ္ပဏီ တွေမှာ နိုင်ငံခြားသားပါဝင်မှု ၃၅ ရာခိုင်နှုန်းအထိ ခွင့်ပြုပေးထားတာဖြစ်ပါ တယ်။ ဒါကြောင့် မြန်မာနိုင်ငံသားများအနေနဲ့ မိမိအခွင့်အရေး မဆုံးရှုံးဘဲ မိမိကုမ္ပဏီအတွင်းမှာ နိုင်ငံခြားသား စီးပွားရေးမိတ်ဖက်ကို တရားဝင် ဖိတ်ခေါ်ခွင့်ရသွားမှာ ဖြစ်ပါတယ်။ ဤပြဋ္ဌာန်းချက်က နိုင်ငံသားတွေအတွက် ငွေပင်ငွေရင်း ပိုမိုရရှိစေခြင်း၊ ဈေးကွက် ပိုမိုရရှိစေခြင်း၊ နည်းပညာရရှိခြင်းစတဲ့ အကျိုးကျေးဇူးတွေကို ဖန်တီးပေးမှာဖြစ်သလို နိုင်ငံခြားသားများအနေနဲ့လည်း မြန်မာပြည်အတွင်းမှာ စီးပွားရေးနဲ့ပတ်သက်တဲ့ အခွင့်အလမ်းတွေ ပိုမိုရရှိမှာ ဖြစ်တဲ့အတွက် မြန်မာ့စီးပွားရေးမှာ သိသာတဲ့ အပြောင်းအလဲတွေကို ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။

ဥပဒေသစ်ရဲ့ ထူးခြားချက်တစ်ခုက ဝန်ထမ်းဦးရေ ၃၀ အောက်ရှိပြီး တစ်နှစ် ဝင်ငွေကျပ်သန်း ၅၀ အောက်သာရှိတဲ့ ကုမ္ပဏီတွေကို "အသေးစား ကုမ္ပဏီ"လို့ သတ်မှတ်ပြီး သက်သာခွင့်တွေ ဖန်တီးပေးတာပါ။ ၎င်းကုမ္ပဏီ တွေဟာ သူတို့ရဲ့ နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းကို စာရင်းစစ်ဆေးရန် လိုအပ်ခြင်းမှ ကင်းလွတ်ခွင့်၊ နှစ်စဉ် အထွေထွေအစည်းအဝေးခေါ်ယူရန် လိုအပ်ခြင်းမှ ကင်းလွတ်ခွင့် စတဲ့ ကင်းလွတ်ခွင့်တွေ ရရှိမှာဖြစ်ပါတယ်။ လုပ်ငန်းပမာဏ မကြီးမားတဲ့ ကုမ္ပဏီငယ်လေးတွေကို စည်းမျဉ်းစည်းကမ်းဆိုင်ရာ ဝန်ထုပ်ဝန်ပိုးတွေ၊ ဥပဒေကို လိုက်နာရသည့်အတွက် ကုန်ကျမည့်စရိတ်တွေကို သက်သာအောင် ဖန်တီးပေးထားခြင်းပဲ ဖြစ်ပါတယ်။ ကုမ္ပဏီတွေ ရှယ်ယာ အပြောင်းအလဲလုပ်တဲ့ကိစ္စ၊ ကုမ္ပဏီမှတ်ပုံတင်ရုံးကို ပေးပို့ရမယ့် ပြန်တမ်းများ နောက်ကျတဲ့ကိစ္စတွေမှာ ယခင်ကလို တရားရုံးကို သွားရောက်ဆောင်ရွက်ရတဲ့ လိုအပ်ချက်ကိုလည်း ပယ်ဖျက်ထားပြီး ဖြစ်ပါတယ်။

**ရင်းနှီးမြှုပ်နှံနိုင်သူတွေကို ဥပဒေက အကာအကွယ်ပေး**

ယခင်ဥပဒေမှာတော့ ကုမ္ပဏီရဲ့ ဒါရိုက်တာ တာဝန်ထမ်းဆောင်သူတွေ လိုက်နာရမယ့် တာဝန်တွေ၊ ကျင့်သုံးရမယ့်ကျင့်ဝတ်တွေနဲ့ ပတ်သက်ပြီး တိကျတဲ့ ပြဋ္ဌာန်းချက်တွေ မပါတဲ့အတွက် အချို့ကုမ္ပဏီတွေမှာ ဖရိုဖရဲဖြစ်တဲ့ ဖြစ်စဉ်တွေ ရှိခဲ့ပါတယ်။ ကုမ္ပဏီဥပဒေသစ်မှာတော့ ဒါရိုက်တာတွေရဲ့ တာဝန်များနဲ့ပတ်သက်ပြီး သီးခြားအခန်းတစ်ခန်း ရေးဆွဲပြဋ္ဌာန်းထားတဲ့အတွက် ကုမ္ပဏီတွေရဲ့ "ကော်ပိုရိတ် စီမံအုပ်ချုပ်မှု" ကို ပိုမိုကောင်းမွန်လာစေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကုမ္ပဏီမှာ ပါဝင်ကြတဲ့ ရှယ်ယာအနည်းစု ပိုင်ဆိုင်သူတွေ ကိုလည်း အကာအကွယ်ပေးမယ့် ပြဋ္ဌာန်းချက်တွေလည်း ထည့်သွင်းပြဋ္ဌာန်း ထားတဲ့အတွက် ငွေအရင်းအနှီး အနည်းအပါးသာ ရင်းနှီးမြှုပ်နှံနိုင်သူတွေကို ဥပဒေက အကာအကွယ်ပေးပြီး ဖြစ်ပါတယ်။

ဥပဒေသစ်အရ ကုမ္ပဏီတွေအနေနဲ့ ကုမ္ပဏီဥပဒေပါပြဋ္ဌာန်းချက်တွေကို လိုက်နာကျင့်သုံးမှုနဲ့ ပတ်သက်ပြီး လိုအပ်သလို ထိန်းကျောင်းဆောင်ရွက်နိုင်ဖို့ အတွက်လည်း ကုမ္ပဏီမှတ်ပုံတင်အရာရှိကို လုပ်ပိုင်ခွင့်များ အပ်နှင်းထားပါ တယ်။ ဥပဒေပါ ပြဋ္ဌာန်းချက်တွေ လိုက်နာရန် အားနည်းမှုအပေါ် မူတည်ပြီး ကုမ္ပဏီမှတ်ပုံတင်အရာရှိက သက်ဆိုင်ရာကုမ္ပဏီတွေကို ဒဏ်ကြေးပေး ဆောင်ရန် ညွှန်ကြားနိုင်ပါတယ်။ ထို့အပြင် ကုမ္ပဏီတွေကို လိုအပ်လျှင် လိုအပ်သလို စုံစမ်းစစ်ဆေးခွင့်ရှိရုံသာမက ဥပဒေစည်းမျဉ်းစည်းကမ်း ဖောက်ဖျက်တဲ့ ကုမ္ပဏီတွေကို တရားစွဲဆိုနိုင်တဲ့အထိ ကုမ္ပဏီမှတ်ပုံတင် အရာရှိကို လုပ်ပိုင်ခွင့်များ အပ်နှင်းထားပါတယ်။ ကုမ္ပဏီများအနေနဲ့ ဥပဒေ သစ်အရ ဖြေလျှော့မှုများအပေါ် လွယ်ကူသက်သာစွာ လုပ်ငန်းများဆောင်ရွက် နိုင်သည့်နည်းတူ အခြားတစ်ဖက်ကလည်း ဥပဒေပါပြဋ္ဌာန်းချက်တွေ လိုက်နာ မှုကို ပိုမိုတင်းကျပ်စွာ ဆောင်ရွက်သွားမယ့် အခြေအနေကို ကြိုတင်သိရှိထားဖို့ အရေးကြီးလှပါတယ်။

**ကုမ္ပဏီများရဲ့ ပွင့်လင်းမြင်သာမှုကို အားကောင်းစေ**

အီလက်ထရွန်နစ်မှတ်ပုံတင်စနစ်ကို စတင်ကျင့်သုံးမယ့် ဩဂုတ်လ ၁ ရက်နေ့ကစပြီး လုပ်ငန်းရှင်များအနေနဲ့ ကုမ္ပဏီမှတ်ပုံတင်ခြင်းကို ကုမ္ပဏီ မှတ်ပုံတင်ရုံးသို့ လာရောက်ရန် လုံးဝမလိုတော့ဘဲ မိမိနေအိမ်၊ မိမိရုံးခန်း၊ မိမိလက်ကိုင်တယ်လီဖုန်းကနေ အလွယ်တကူ ဆောင်ရွက်နိုင်တော့မှာဖြစ်ပါ တယ်။ မှတ်ပုံတင်သည့် လုပ်ငန်းသာမက မှတ်ပုံတင်ကြေးပေးသွင်းခြင်း၊ အခြားဝန်ဆောင်ခများ ပေးသွင်းခြင်း၊ ဒဏ်ကြေးများ ပေးဆောင်ခြင်း စတာတွေကိုလည်း အီလက်ထရွန်နစ်စနစ်နဲ့ ပေးချေနိုင်မှာ ဖြစ်ပါတယ်။ ကုမ္ပဏီတွေက ကုမ္ပဏီမှတ်ပုံတင်ရုံးထံ နှစ်စဉ်ပုံမှန်ပို့ရတဲ့ ပြန်တမ်းတွေ၊ ကုမ္ပဏီမှတ်ပုံတင်ရုံးနဲ့ စာပေးစာယူ ဆက်သွယ်ဆောင်ရွက်ရမည့်ကိစ္စတွေ အားလုံးကိုလည်း အီလက်ထရွန်နစ်နည်းနဲ့ (Online) ဆက်သွယ်ဆောင်ရွက် နိုင်မှာ ဖြစ်ပါတယ်။ ကုမ္ပဏီများအနေနဲ့ ဥပဒေပါ လိုအပ်ချက်အရ အစီရင်ခံစာပေးပို့ခြင်းအပါအဝင် အခြားလိုက်နာရန်ကိစ္စရပ်များနဲ့ ပတ်သက်ပြီး ကုမ္ပဏီရုံးရဲ့ ကြိုတင်သတိပေးချက်တွေကို အီလက်ထရွန်နစ် နည်းနဲ့ ပုံမှန်ကြိုတင်ရရှိကြမှာဖြစ်တဲ့အတွက် သတိမေ့လျော့ပြီး ပေးပို့ရမယ့် ပြန်တမ်းတွေ၊ အစီရင်ခံစာတွေ နောက်ကျပေးပို့ခြင်း မဖြစ်ရလေအောင် Online စနစ်က သတိပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မှတ်ပုံတင်ထားတဲ့ ကုမ္ပဏီတစ်ခုချင်းစီရဲ့ အချက်အလက်ကို ကမ္ဘာတစ်ဝန်းက မည်သူမဆို အချိန်မရွေး MyCO ပလက်ဖောင်းပေါ်မှာ ဝင်ရောက်ကြည့်ရှုနိုင်မှာ ဖြစ်တဲ့အတွက် ကုမ္ပဏီများရဲ့ ပွင့်လင်းမြင်သာမှုကို အားကောင်းစေမှာ ဖြစ်ပါတယ်။ ကုမ္ပဏီတစ်ခုခုက ဥပဒေစည်းမျဉ်းစည်းကမ်းလိုက်နာရန် ပျက်ကွက်ခြင်း၊ အားနည်းခြင်းဖြစ်ပေါ်ခဲ့ရင် ၎င်းကုမ္ပဏီရဲ့ အခြေအနေကို Online ပေါ်မှာ ပကတိအတိုင်းဖော်ပြမှာ ဖြစ်တဲ့အတွက် ကုမ္ပဏီများ အနေနဲ့ မိမိကုမ္ပဏီရဲ့ ဂုဏ်သိက္ခာကို ထိခိုက်မှုမရှိစေရေး ဥပဒေကို ပိုမိုလေးစားလိုက်နာဖို့ အရေးကြီးလှပါတယ်။

**ငွေကြေးကုန်ကျမှုမရှိဘဲ ဆောင်ရွက်နိုင်**

ဥပဒေသစ် စတင်အာဏာတည်မည့် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ခြောက်လတာ ကာလအတွင်းမှာ ယခင်မှတ်ပုံတင်ထားပြီးဖြစ်တဲ့ ကုမ္ပဏီဟောင်းများအနေနဲ့ ဥပဒေသစ်နှင့်အညီ ပြန်လည်မှတ်ပုံတင်ဖို့ လိုအပ်ပါတယ်။ ပြန်လည် မှတ်ပုံတင်ခြင်းကို Online ပေါ်မှာ အခမဲ့ဆောင်ရွက်နိုင်ပါတယ်။ ပြန်လည် မှတ်ပုံတင်တဲ့အခါ ကုမ္ပဏီမှတ်ပုံတင် အမှတ်အသစ် ထပ်မံထုတ်ပေးမှာဖြစ်ပြီး ထိုကဲ့သို့ ထုတ်ပေးမည့် ကုမ္ပဏီမှတ်ပုံတင်နံပါတ်ဟာ ပြည်တွင်းအခွန် များဦးစီးဌာနရဲ့ အခွန်မှတ်ပုံတင်အမှတ် (Tax Identification Number-TIN) လည်း ဖြစ်ပါတယ်။ သတ်မှတ်ကာလအတွင်း ပြန်လည်မှတ်ပုံတင်ခြင်း မရှိတဲ့ ကုမ္ပဏီများကိုတော့ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်သွားမှာ ဖြစ်ပါတယ်။ ကုမ္ပဏီဟောင်းများအနေနဲ့ ပြန်လည်မှတ်ပုံတင်ရတဲ့အတွက် အလုပ်ရှုပ်စေမယ်လို့ ယူဆရသော်လည်း တကယ်တော့ ကုမ္ပဏီဟောင်း များအတွက် ကုမ္ပဏီသစ်ပါ ပြဋ္ဌာန်းချက်များအတိုင်း မိမိတို့ရဲ့ ကုမ္ပဏီကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းဖို့ ငွေကြေးကုန်ကျမှုမရှိဘဲ ဆောင်ရွက်နိုင်တဲ့ အခွင့်အရေးတစ်ရပ်ပဲ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဥပဒေဟောင်းနဲ့ မှတ်ပုံတင်ထားခဲ့တဲ့ ကုမ္ပဏီတွေကို ဥပဒေသစ်ပါ အခွင့်အရေးတွေ ပြန်လည်ပေးအပ်ခြင်းလည်း ဖြစ်ပါတယ်။

ကုမ္ပဏီဥပဒေနဲ့ပတ်သက်ပြီး အဓိက တာဝန်ယူဆောင်ရွက်ရတဲ့ ရင်းနှီး မြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေနဲ့ လိုအပ်တဲ့ပြင်ဆင်မှုတွေ ရှစ်လကျော်ခန့် အချိန်ယူဆောင်ရွက်ခဲ့ရခြင်းအပေါ် ဝေဖန်မှုတွေလည်း များစွာကြုံတွေ့ခဲ့ရပါတယ်။ တကယ်တော့ မြန်မာပြည်ထက် စီးပွားရေးရာ ကိစ္စများ၊ ကုမ္ပဏီရေးရာကိစ္စများ ပိုမိုရှေ့ရောက်တဲ့ ဟောင်ကောင်မှာ ကုမ္ပဏီဥပဒေသစ်ကို ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့က ပြဋ္ဌာန်းခဲ့ပြီး အာဏာတည်ဖို့ တစ်နှစ်နဲ့ရှစ်လ၊ မလေးရှားနိုင်ငံမှာ ၂၀၁၆ ခုနှစ် ဧပြီလ ၅ ရက်နေ့က ပြဋ္ဌာန်းခဲ့ပြီး အာဏာတည်ဖို့ တစ်နှစ်ကျော်၊ စင်ကာပူနိုင်ငံမှာ ၂၀၁၄ ခုနှစ် အောက်တိုဘာလက ပြဋ္ဌာန်းခဲ့ပြီး အပြည့်အဝ အာဏာတည်ဖို့ တစ်နှစ်နဲ့ သုံးလအချိန်ယူဆောင်ရွက်ခဲ့ရတာကြောင့် မြန်မာနိုင်ငံရဲ့ ပြင်ဆင် ဆောင်ရွက်မှုဟာ အဆိုပါနိုင်ငံတွေထက် အချိန်ကာလပိုမိုတိုတောင်းတာကို သုံးသပ်တွေ့ရှိနိုင်ပါတယ်။

**အပြောင်းအလဲတွေ ပေါ်ပေါက်စေ**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ အာဏာတည်မယ့်နေ့ကို နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကလည်း အထူးစိတ်ဝင်စားနေကြတာကြောင့် ဥပဒေ သစ်ဟာ မြန်မာပြည်ရဲ့ စီးပွားရေးလုပ်ငန်းများအတွက် သိသာတဲ့ အပြောင်း အလဲတွေ ပေါ်ပေါက်စေမှာ ဖြစ်ပါတယ်။ ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းကို အီလက်ထရွန်နစ်နည်းနဲ့သာ လက်ခံဆောင်ရွက်တော့မှာဖြစ်သော်လည်း အကျွမ်းတဝင်မရှိသေးတဲ့ မြန်မာနိုင်ငံတစ်ဝန်းက ပြည်သူများအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးရဲ့ မြို့တော်များမှာ ရုံးဖွင့်လှစ်ထားတဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ နိုင်ငံ့ဝန်ထမ်းများက လိုအပ်သလို ကူညီပေးရန်အဆင်သင့်ရှိနေပါကြောင်းကိုလည်း သတင်းကောင်း ပါးလိုက်ပါတယ်။ ။

> "မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ အာဏာတည်မယ့်နေ့ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကလည်း အထူးစိတ်ဝင်စားနေကြတာကြောင့် ဥပဒေသစ်ဟာ မြန်မာပြည်ရဲ့ စီးပွားရေးလုပ်ငန်းများအတွက် သိသာတဲ့အပြောင်းအလဲတွေ ပေါ်ပေါက်စေမှာ ဖြစ်ပါတယ်။ ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းကို အီလက်ထရွန်နစ်နည်းနဲ့သာ လက်ခံဆောင်ရွက်တော့မှာဖြစ်သော်လည်း အကျွမ်းတဝင်မရှိသေးတဲ့ မြန်မာနိုင်ငံတစ်ဝန်းက ပြည်သူများအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးရဲ့ မြို့တော်များမှာ ရုံးဖွင့်လှစ်ထားတဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ နိုင်ငံ့ဝန်ထမ်းများက လိုအပ်သလို ကူညီပေးရန်အဆင်သင့်ရှိနေပါကြောင်း"

# ဝိညာဉ်စိမ်း ရုပ်ရှင်ဇာတ်ကား တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ဇွန် ၂၉ ရက်တွင် ရုံတင်ပြသမည်


သရုပ်ဆောင် ဦးဇော်ဦး


ဦးချမ်းသာ (ရွှေမန်းသဘင်)


သရုပ်ဆောင် မင်းမော်ကွန်း


သရုပ်ဆောင် ဦးဇော်ဝင်းနိုင်


သရုပ်ဆောင် ဦးမေတ္တာ

**ရန်ကုန် ဇွန် ၂၄**

Media 7 ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်သည့် ချမ်းသာ(ရွှေမန်းသဘင်)၏ လိပ်ပြာမှား ဝတ္ထုဇာတ်လမ်းကို ဇာတ်ညွှန်း အကယ်ဒမီငြိမ်းမင်း ရေးဖွဲ့ပြီး ဒါရိုက်တာ ဝင်းထွန်းထွန်း ရိုက်ကူး ပုံဖော်ထားသည့် ဝိညာဉ်စိမ်း ရုပ်ရှင် ဇာတ်ကား စာနယ်ဇင်းအကြို မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ ညပိုင်းက ရန်ကုန်မြို့ JCGV Cinema (Junction City) ၌ ကျင်းပခဲ့သည်။

**အကြိုက်တွေ့**

အဆိုပါဇာတ်ကားသည် ဝိညာဉ်ဇာတ်ကားဖြစ်သော်လည်း ပရိသတ်အတွက် ထိတ်လန့်တုန်လှုပ်ဖွယ်ရာများကို ဦးစားပေးရိုက်ကူးထားခြင်း မဟုတ်ဘဲ မရိုးနိုင်သော မိဘမေတ္တာကို ရှုထောင့် ပုံစံသစ်တစ်ခုဖြင့် ရိုက်ကူးတင်ဆက်ထားသည့် "မိဘမေတ္တာဘွဲ့နှင့် ဝိညာဉ်လောကပညာပေး ဇာတ်လမ်း" ဖြစ်သည့်အတွက် ပရိသတ် အကြိုက်တွေ့စေမည့် ဇာတ်ကားကောင်း တစ်ခုပင်ဖြစ်သည်။

**အဆင့်မြင့်မြင့် ရိုက်ကူးထား**

ဇာတ်လမ်းတွင် ဦးဘသိန်းမောင်နှင့် ဒေါ်မြနုစ်၊ သားဖြစ်သူများဖြစ်သည့် ဘဦးမောင်၊ ဘထူးမောင်၊ ဘတိုးမောင်၊ ဘစိုးမောင်တို့ မိသားစုခြောက်ယောက်တွင် ဖခင်ဖြစ်သူ ဦးဘသိန်းမောင် ကွယ်လွန်ရာမှစ၍ ဖခင်ဝိညာဉ်ကိုခေါ်ခဲ့ရာမှ ကိုသိန်းဆိုသည့် တစ္ဆေတစ်ကောင်က နာမည်တူ၍ သူ့ကိုခေါ်သည်ထင်ပြီး လိုက်ပါလာသည်မှ အစပြုကာ ဖြစ်ပေါ်လာသည့် ဝိညာဉ်စိမ်းဇာတ်ကားတွင် ကောင်းမှုကုသိုလ် ပြုသူအတွက် ကောင်းကျိုးသည် အရိပ်ကောင်း သဖွယ်ရနိုင်ပုံတို့ကို ၅၂၈ မေတ္တာ၏ သမုဒယအနှောင်အဖွဲ့များကို ဇာတ်လမ်းဆင်ကာ လူ့စရိုက်၊ လူ့သဘာဝများကို ဖော်ကျူးကာ ဇာတ်ဆောင်အင်အားအပြည့်နှင့် အထူးပြုလုပ်ဖန်တီးချက်များဖြင့် ငွေကုန်ကြေးကျခံကာ အဆင့်မြင့်မြင့် ရိုက်ကူးထားခြင်းဖြစ်သည်။

ဦးချမ်းသာ (ရွှေမန်းသဘင်)က "နာမည်တစ်လုံး လွဲမှားမှုကြောင့် ကြေကွဲစရာ အဖြစ်ဆိုး တွေ့ကြုံရတဲ့ သာဓကကို ဒီဇာတ်လမ်းကိုကြည့်ပြီး သင်ခန်းစာတစ်ခု ရရှိမယ်လို့ မျှော်လင့်ပါတယ်၊ ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့အရ သေသူရဲ့ ဝိညာဉ်ကို သစ်ရွက်၊ သစ်ခက်တွေနဲ့ အိမ်ကိုခေါ်ပြီး တရားနာတဲ့ ဓလေ့တွေ ရှိကြတယ်၊ အဲဒီအချိန်မှာ ခေါ်သူက သံယောဇဉ်တစ်ခုကြောင့် နာမည်အပြည့်အဝမခေါ်ဘဲ ပြီးစလွယ်ခေါ်လိုက်တဲ့အတွက် နာမည်အပြည့်အစုံ ပါသူကမသွားရဘဲ ဖြစ်သွားတယ်၊ ဘယ်အချိန်မဆို ရေစက်ချ အမျှပေးဝေဖို့အတွက် သေသူရဲ့ နာမည်ကို အပြည့်အဝခေါ်စေချင်လို့ ဇာတ်လမ်းမှာ အသိပေးထားပါတယ်" ဟု ပြောသည်။

**အပေးအယူမျှ**

ဝိညာဉ်စိမ်းဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသည့် အကယ်ဒမီ မင်းမော်ကွန်းက "ဒီကားထဲမှာ သားလေးယောက်ထဲမှာ သားအလတ်နေရာက သရုပ်ဆောင်ထားတယ်၊ တွဲပြီး သရုပ်ဆောင်ရတဲ့ သူတွေကလည်း ညီအစ်ကိုတွေလိုဖြစ်နေတယ်၊ ကျွန်တော်တို့ထက် ဝါရင့်တယ်၊ ဦးကျော်သူတို့ ဦးရန်အောင်တို့ဆိုတာကလည်း သင်ဆရာတွေလို ရင်းနှီးပြီးသား၊ အပေးအယူမျှပြီးသူတွေဖြစ်တယ်၊ အခက်အခဲတော့ အများကြီး မရှိပါဘူး" ဟု ပြောသည်။

သရုပ်ဆောင် ဦးမေတ္တာကလည်း "ပြဇာတ်ကို သေသေချာချာကြည့်တယ်၊ ဝိညာဉ်စိမ်းဆိုတာ လိပ်ပြာမှားပေါ့၊ ကိုချမ်းသာရဲ့ ပြဇာတ်တွေကို စိတ်ဝင်စားတယ်၊ ဒီဇာတ်လမ်းကို ရိုက်မယ်ဆိုတော့ စိတ်ဝင်စားတယ်၊ မကြီးစိုးကို ရည်းစားစကားလိုက်ပြောရတဲ့ အခန်းက ပါရတယ်၊ ဇာတ်မအေးအောင် လှုပ်ရှားမှုတစ်ခု အနေနဲ့ ဇာတ်ညွှန်းရေးဆရာက ထည့်သွင်းရေးသားထားတယ်၊ပြဇာတ်ထဲမှာ မရှိတဲ့ အခန်းတစ်ခန်းပေါ့"ဟု ပြောသည်။

**ပေးချင်တာက မေတ္တာဓာတ်**

သရုပ်ဆောင် ဦးဇော်ဝင်းနိုင်က "ဇာတ်ပို့ဇာတ်ရံဆိုတော့ ဇာတ်ပို့ဇာတ်ရံနေရာကပါရတာပေါ့၊ ဒီဇာတ်ကားရိုက်ရင်း ထူးထူးခြားခြားလေးတွေ တွေ့ရတယ်၊ ပုပ္ပားမှာ ရိုက်နေတုန်း ဦးကျော်သူလိုပုံမျိုး နောက်တစ်ယောက်တွေ့လိုက်တယ်၊ ဒီဇာတ်လမ်းရဲ့ အဓိက ပေးချင်တာက မေတ္တာဓာတ်ပေါ့၊ ဇာတ်ကားကကောင်းပါတယ်"ဟု ပြောသည်။

သရုပ်ဆောင်မှုပိုင်းတွင် သဘာရင့်ဝါရင့်ပီပီ ပိုင်နိုင်စွာသရုပ်ဆောင်နိုင်သူ မင်းသားကြီး အကယ်ဒမီ ဦးကျော်သူ၏ သရုပ်ဆောင်ကွက်များ၊ အကယ်ဒမီများရှင်ရန်အောင်၊ မြင့်မြတ်၊ မင်းမော်ကွန်း၊ ကျော်ကျော်ဗို၊ နေမျိုးအောင်၊ ဟိန်းဝေယံနှင့် စိုးမြတ်သူဇာတို့၏ ထိမိပိုင်နိုင်သော သရုပ်ဆောင်ချက်များဖြင့် ကြည့်ရှုသူပရိသတ်အား ရင်ထဲတစ်စုံတစ်ရာ စွဲထင်ကျန်ရစ်စေမည့် အဆိုပါရုပ်ရှင်ဇာတ်ကားကြီးကိုလာမည့် ဇွန် ၂၉ ရက်တွင် တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများ၌ ရုံတင်ပြသတော့မည်ဖြစ်သည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ- ဇော်မင်းလတ်**

---

**❖ (၅၅)ကြိမ်မြောက်မှ**

သင်တန်းသူများ၏ ကျောက်စိမ်း၊ ကျောက်မျက်၊ ပယင်း အချောထည်ပစ္စည်းအပြင် ကနုကမာ အချောထည်လက်မှုပစ္စည်းများကိုလည်း ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။

ကျောက်စိမ်းအတွဲအမှတ် ၁၁၅၁ မှ ၂၃၀၀ အထိ တင်ဒါ အောင်စာရင်းကို ဇွန် ၂၅ ရက်တွင် ကြေညာသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲအမှတ် ၂၃၀၁ မှ ၃၄၅၀ အထိကို ဇွန် ၂၆ ရက်တွင် လည်းကောင်း၊ ကျောက်စိမ်းအတွဲအမှတ် ၃၄၅၁ မှ ၄၆၀၀ အထိကို ဇွန် ၂၇ ရက်တွင် လည်းကောင်း၊ ကျောက်စိမ်းအတွဲ အမှတ် ၄၆၀၁ မှ ၅၇၅၀ အထိကို ဇွန် ၂၈ ရက်တွင် လည်းကောင်း၊ ကျောက်စိမ်းအတွဲအမှတ် ၅၇၅၁ မှ ၆၇၉၅ အထိကို ဇွန် ၂၉ ရက်တွင်လည်းကောင်း တင်ဒါအောင်စာရင်းများ ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့် (သတင်းစဉ်)**

**✳ ကျောဖုံးမှ**

ပြီးခဲ့တဲ့ မေလကတည်းကစတင်တက်လာတာ အခုအချိန်အထိတက်လာနေဆဲဖြစ်ပါတယ်" ဟု မော်လမြိုင်ဆန်ကုန်သည်တစ်ဦးက ပြောသည်။

"အခုလိုဆန်ဈေးတွေတက်လာနေတော့ ဒီအချိန်က မိုးရာသီကာလဖြစ်တဲ့အတွက် အလုပ်က ကျပန်းအလုပ်ကို လုပ်ရတော့ ဝင်ငွေက အရင်နွေဘက်လို သိပ်ပြီး မရတဲ့အခါ ဆန်က ဈေးကြီးပေးဝယ်ရနေရလို့ မိသားစုများတဲ့သူတွေဆို ဝင်ငွေနဲ့ ထွက်ငွေပါ မမျှဘူး" ဟု ကျပန်းလုပ်ကိုင်သူဦးမောင်က ပြောသည်။

ရေးမြို့နယ်ဆန်ကုန်သည်များက စပါးဈေးကြီး၍ ဆန်ကို ပြည်တွင်းဈေးကွက်တွင် လိုအပ်သလောက် ယူဝယ်၍မရကြောင်း၊ ဆန်ဈေးလည်း အမြင့်ဈေးကို ပေးပြီးဝယ်ရသည့်အခါ ဒေသထွက်ကုန်များ မကောင်းကြကြောင်း၊ ရာသီဥတုလည်းဖောက်ပြန်ပြီး အရောင်းအဝယ် အေးနေကြောင်း သိရသည်။

အဓိကအကြောင်းရင်းမှာ စပါးဈေးများ တက်သွားသည့်ရိုက်ခတ်မှုကြောင့် ဆန်ဈေးပါ အဆမတန် မြင့်တက်ရခြင်းဖြစ်ကြောင်း ဆန်ကုန်သည်များထံမှ သိရသည်။

**ထွန်းထွန်း(ရေး)**

**❍ မြန်မာအမျိုးသမီးအသင်းမှ**

မြန်မာအမျိုးသမီးအသင်းတွင် နည်းပြချုပ် ဦးဝင်းသူမိုး၊ လက်ထောက် နည်းပြ ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ ဂိုးနည်းပြ ဦးမြတ်ကိုမင်း၊ ကစားသမားများအဖြစ် ဂိုး-မေဇင်နွယ် (မြဝတီ)၊ ဇာဇာမြင့် (အားကစားနှင့် ကာယပညာဦးစီးဌာန)၊သင်းသင်းစိုး (ဖွဲ့ကပင်)၊နောက်တန်း- ခင်သန်းဝေ၊အေးအေးမိုး (မြဝတီ)၊ အိရတနာဖြိုး၊ ဝေဝေအောင်၊ ခင်မျိုးဝင်း (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ဇင်မာဝင်း၊ ငယ်ငယ်ထွေး၊ ယမင်းလွင် (သစ္စာအားမာန်)၊ အလယ်တန်း-ခင်မိုးဝေ၊ နော်အားလိုဝါးဖော၊ခင်မိုမိုထွန်း၊ နီလာမြင့်၊သန္တာမိုး (သစ္စာအားမာန်) နုနု၊ ခင်မာလာထွန်း (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ သန်းသန်းထွေး(ဖွဲ့ကပင်)၊ ရှေ့တန်း-နီလာဝင်း၊ ဂျူလိုင်ကျော်(သစ္စာအားမာန်)ရီရီဦး (အားကစားနှင့် ကာယပညာဦးစီးဌာန)နှင့် ဝင်းသီတာထွန်း (မြဝတီ)တို့ ပါဝင်သည်။

မြန်မာအမျိုးသမီးအသင်းသည် ထိုင်းခြေစမ်းခရီးစဉ်အပြီးတွင် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်ခဲ့ပြီး အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၃ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အုပ်စု (ခ) တွင် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ အင်ဒိုနီးရှားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## ကျောက်တံတားမြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ရန်ကုန် ဇွန် ၂၄**

ကျောက်တံတားမြို့နယ်တွင် ယနေ့နံနက် အစောပိုင်းက မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁ နာရီခွဲခန့်က မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျောက်တံတားမြို့နယ် အမှတ် ၉ ရပ်ကွက် လမ်း ၄၀ (အလယ်ဘလောက်) အမှတ် ၁၉၇ (ပထမ)ထပ်ရှိ စည်သူအောင် ၁၈ နှစ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေကြရာ ခုတင်အောက်မှ ဆေးခြောက်ဟုယူဆရသော အရွက်ခြောက် အလေးချိန် ၃၅ ဂရမ်ခန့်ပါ ငါးအိတ် ၁၇၅ ဂရမ်ခန့်၊ အရွက်ခြောက်အလေးချိန် ၁၆ ဂရမ်ခန့်ပါ လေးအိတ် ၆၄ ဂရမ်ခန့်၊ အရွက်ခြောက် အလေးချိန် ၆၅ ဂရမ်ခန့်ပါ တစ်အိတ် စုစုပေါင်းအလေးချိန် ၃၀၄ ဂရမ်ခန့်နှင့် ၎င်း၏နေအိမ် ဧည့်ခန်းအတွင်းရှိ သံစားပွဲ ခုံအောက်သံအံဆွဲအောက်ဆုံးအဆင့်မှ ပလတ်စတစ်ကပ်ခွာအိတ်အတွင်း အရွက်ခြောက် အလေးချိန် ၃၅ ဂရမ်ခန့်ပါတစ်အိတ်၊ အရွက်ခြောက်အလေးချိန် ၁၅ ဂရမ်ခန့်ပါ သုံးအိတ်၊ ၄၅ ဂရမ်ခန့် စုစုပေါင်းအလေးချိန်ဂရမ် ၈၀ ခန့်ဖြင့် အားလုံးပေါင်းအလေးချိန် ၃၈၄ ဂရမ်ခန့်အား သိမ်းဆည်းရမိသဖြင့် ပြစ်မှုကျူးလွန်သူအား ကျောက်တံတားမြို့မ



ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ပွင့်သစ္စာ**

## တနင်္သာရီမြို့နယ် ပျို့အိုင်ကျေးရွာ၌ မှိုစားသုံးမိ၍ အစာအဆိပ်သင့်မှုဖြစ်ပွား

**တနင်္သာရီ ဇွန် ၂၄**

တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံ၌ ယနေ့နံနက် ၈ နာရီခန့်က အစာအဆိပ်သင့်လူနာ ရောက်နေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၃ ရက် ည ၈ နာရီခန့်တွင် တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းကျေးရွာအုပ်စု ပျို့အိုင်ကျေးရွာနေ ဦးသန်းမောင်နှင့်သားဖြစ်သူ ကိုလင်းနိုင်တို့သည် မှိုဖြူ(ဒေသအခေါ်-ကျွတ်မှို)အား စားသုံးမိရာမှ နာရီဝက် ခန့်အကြာတွင် မူးဝေအော့အန်ခြင်းများဖြစ်လာသောကြောင့် ည ၁၁ နာရီတွင် တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသမှုခံယူရာ နှစ်ဦးလုံး ပြန်လည်သက်သာကောင်းမွန်နေပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် ၎င်းပျို့အိုင်ရွာမှ မှိုစားသုံး၍မူးဝေအော့အန်ခဲ့သူရှစ်ဦးသည် ညောင်ပင်ကွင်းအုပ်စု ညောင်ပင်ကွင်းရွာ ဆေးခန်း၌ ကုသမှုများ ပြုလုပ်ပေးခဲ့ရာ ပြန်လည်သက်သာကောင်းမွန်သွားပြီဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ် လူသစ် ဘဝသစ်**

# ပြောင်းလဲမြင်တွေ့လာရသော ရန်ကုန်မြို့တွင်းကားလမ်းများပေါ်မှ မြင်ကွင်းအချို့

ရန်ကုန်မြို့တွင် မြင်တွေ့နေကျမြင်ကွင်းအချို့ ပြောင်းလဲခြင်းများကို၂၀၁၆ ခုနှစ်မှ ယနေ့ကာလအထိ နှစ်နှစ်ကျော်ကာလတွင် ကြုံတွေ့လာရာ ရုပ်ဝတ္ထုနှင့် စိတ်ဓာတ်ရေးရာတို့ပြောင်းလဲလာခြင်းများ သိသာစွာမြင်တွေ့လာသော်လည်း ပြုပြင်ရန်လိုအပ်ချက်အချို့ရှိနေဆဲဖြစ်သည်။ ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့ရှုပ်ထွေးခြင်းကို သက်ဆိုင်ရာကဆောင်ရွက်ဖြေရှင်းပေးနေသော်လည်း လမ်းအသုံးပြုသူအချို့နှင့် လမ်းများအတွင်းနေ ယာဉ်ပိုင်ရှင်အချို့တို့၏စိတ်ဓာတ်ရေးရာလိုအပ်ချက်ကြောင့် ဥပဒေများအပေါ် လေးစားလိုက်နာမှု၊ အရေးယူမှု၊ အားနည်းနေခြင်းဖြစ်ကြောင်း မြို့တွင်းနေသူတစ်ဦးက ပြောသည်။

**ယာဉ်ပိတ်ဆို့ခြင်း ရံဖန်ရံခါရှိ**

ထို့အတူ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှအစပြု၍ ရန်ကုန်မြို့တွင်း ခရီးသည်တင်ယာဉ်လိုင်းစနစ်ဟောင်းကို ပယ်ဖျက်၍ YBS ယာဉ်လိုင်းစနစ်သစ် စတင်ကျင့်သုံးလာခဲ့သည်။ မြို့ပြင်မှလာသောခရီးသည်တင်ယာဉ်လိုင်းများကို မြို့လယ်ကားလမ်းမများတစ်လျှောက်ပြေးဆွဲခြင်းခွင့်မပြုဘဲ သခင်မြပန်းခြံ၊ မော်တင်၊ ဆူးလေနှင့် ဗိုလ်တထောင်၊ သိမ်ဖြူတို့တွင်ဂိတ်ဖျားများအဖြစ်ထားရှိ၍ မြို့ပြင်သို့ပြန်လည်ထွက်ခွာ ပြေးဆွဲစေခဲ့သည်။ သို့ဖြစ်ရာ မြို့လယ်ဖြတ်ကားလမ်းများတစ်လျှောက်တွင် မြို့တွင်းပတ်ယာဉ်လိုင်းသုံးလိုင်းမှ ယာဉ်များသာပြေးဆွဲနေသည်ကိုမြင်တွေ့လာရသည်။ မြို့တွင်းကားလမ်းများ၏ နေရာအချို့တွင်သာ ဂိတ်ဖျားသွားမြို့ပြင်မှလာသော ယာဉ်လိုင်းအချို့မှယာဉ်များ မြင်တွေ့ရသည်။ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်းစသည့်ကားလမ်းများတစ်လျှောက်တွင် ယခင်ကကဲ့သို့ ခရီးသည်တင်လိုင်းကားပေါင်းစုံ



မမြင်တွေ့ရဘဲ ယာဉ်ကြောပိတ်ဆို့မှုလျော့ကျလာသည်ကို မြင်တွေ့ရသည်။ သို့သော်အိမ်စီးနှင့်အငှားယာဉ်ငယ်အချို့လမ်းဘေးများတွင် ယာဉ်နှစ်ထပ်ရပ်ထားခြင်း၊ ကားလမ်းပေါ်တွင် ယာဉ်စည်းကမ်းလိုက်နာမောင်းနှင်မှု အားနည်းနေခြင်းတို့ကြောင့် ယင်းကားလမ်းများတွင် ယာဉ်ပိတ်ဆို့ခြင်း ရံဖန်ရံခါမြင်တွေ့နေရသေးသည်။

ရန်ကုန်မြို့တွင်း လမ်းဘေးယာဉ်ရပ်နားရန်နေရာအခက်အခဲရှိရာကားလမ်းမအစွန်ယာဉ်ကြောအချို့တွင် ယာဉ်နှစ်ထပ်ရပ်ခြင်းကြောင့် ယာဉ်ရပ်ရန်နေရာအတွက် ပြည်သူအချင်းချင်းခိုက်ရန်များ ဖြစ်ပွားခြင်းရှိခဲ့သည်။

**မြင်တွေ့ရဆဲရှိ**

သက်ဆိုင်ရာမှ ရန်ကုန်မြို့လယ်ရှိကားလမ်းမပေါင်း ၁၁လမ်းတွင် လမ်းဘေးဈေးရောင်းချခြင်းကို ၂၄ နာရီခွင့်မပြုထားသော်လည်း ရောင်းချခြင်းအချို့ရှိနေ၍ သက်ဆိုင်ရာမှလှည့်ကင်းအပြင် အထိုင်ချစောင့်ကြည့်အရေးယူခြင်းရှိနေရသည်ကို မြင်တွေ့ရသည်။ အများပြည်သူနှင့်သက်ဆိုင်သော နေရာများတွင် မိမိတို့အကျိုးအတွက် ကျူးကျော်အသုံးပြုနေခြင်း၊ ဈေးရောင်းချနေခြင်းတို့အပေါ် အရေးယူတားမြစ်နေရာတွင် အရေးယူနေသည့်နာရီအတွင်းသာ ရှင်းလင်းသွားသော်လည်း ကျန်အချိန်များတွင်မူလအတိုင်းရှိနေဆဲဖြစ်သည်ကို မြို့နယ်အများစုတွင် မြင်တွေ့ရဆဲရှိနေသေးသည်။

မိုးတွင်းကာလမိုးရွာသွန်းခြင်းများသည့် နေ့အချို့တွင် ကားလမ်းပေါ် ရေကြီးရေလျှံမှုမြင်တွေ့နေရသော်လည်း မိုးတိတ်ပြီးအချိန်အနည်းငယ်တွင်ရေပြန်ကျသွားသည်ကိုမြင်တွေ့ရသည်။ ရေမြောင်းများအတွင်းအမှိုက်များ၊ မြောင်းချေးများ ဆယ်ယူရှင်းလင်းခြင်းအပြင် ရေစီးဆင်းမှုလျင်မြန်ရေးအတွက်ရေမြောင်းများ မြစ်ရေထွက်ပေါက်များ၏အနိမ့်အမြင့်များကိုပါ ထည့်သွင်းတွက်ချက်ပြုပြင်ပေးသင့်သည်။

စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းအချို့ကို နေရာအများအပြားတွင်မြင်တွေ့ရဆဲဖြစ်သည်။ လမ်းဘေးများတွင်ထားရှိသော အမှိုက်ပုံးကြီးများအတွင်းစည်းကမ်းတကျစွန့်ပစ်သင့်သော်လည်း လမ်းသွားချိန်၊ ကားစီးချိန်များတွင် လွယ်လင့်တကူ အမှိုက်စွန့်ပစ်ခြင်းများ၊ ကွမ်းတံတွေးထွေးပစ်ခြင်းများရှိနေဆဲရှိသည်။ အမှိုက်ပုံးကြီးများထားရှိသည့်နေရာဝန်းကျင်တွင် အနံ့ဆိုးထွက်အရည်အချို့စီးထွက်နေတတ်ရာ ယင်းအနီးဖြတ်သန်းသွားလာသူများနှင့် အနီးနေထိုင်သူများမှာ အနံ့ဆိုးများ ရှူရှိုက်နေရသည်။ တစ်ဦးချင်းစည်းကမ်းတကျ အမှိုက်စွန့်ပစ်တတ်သည့် အလေ့အကျင့်များကိုထားရှိပြီး လက်တွေ့လိုက်နာကျင့်သုံး ရန်လိုအပ်နေသည်ဟု အမှိုက်ပုံးများအနီးနေထိုင်သူ လမ်းမတော်မြို့နယ်နေ ကိုသန်းအောင်က ပြောသည်။

**မောင်စေအောင်**

# ခရမ်းမြို့နယ်၌ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပြည်သူ့စကားဝိုင်းကျင်းပ

**ခရမ်း ဇွန် ၂၄**

၂၀၁၈ ခုနှစ် ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြို လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၂၂ ရက် နံနက် ၁၀ နာရီက ခရမ်းမြို့ မင်းတံခွန်ကိုယ်ပိုင်အထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။**(အောက်ပုံ)**

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ခရမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆန်းထွန်း၊ တောင်ပိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ရီရီလွင်၊ မြို့မရဲစခန်းမှူး ဒုရဲမှူးဇော်မင်းဦး၊ ခရမ်းမြို့နယ် ဒုတိယမြို့နယ်တရားသူကြီး ဦးတင်မိုးဝင်း၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစောသူရိန်တို့က လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်နှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းကို**







# စဉ့်ကိုင်မြို့နယ်၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲပြုလုပ်

**စဉ့်ကိုင် ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ထန်းတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)စုဝေးခန်းမဆောင်၌ ဇွန် ၂၃ ရက် မွန်းလွဲ ၁ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးဆောင်မှုဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ပေးနေသည့်ဌာနဆိုင်ရာတာဝန်ရှိသူများသည် ပြည်သူများနှင့် တွေ့ဆုံပြီး ကျေးရွာလိုအပ်မှုများဖြည့်ဆည်းပေးနိုင်ရေး တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကြည်မို့မို့လွင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ဝေဝေဖြိုးက စကားဝိုင်းပြုလုပ်ရခြင်း၏ရည်ရွယ်ချက်များကိုရှင်းလင်းဆွေးနွေးသည်။ ထို့နောက်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်ဝင်းက နိုင်ငံတော်အစိုးရ၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် လွှတ်တော်အတွေ့အကြုံများကိုလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပြည်သူတို့၏ အခန်းကဏ္ဍများကိုလည်းကောင်း၊ တိုင်းဒေသကြီးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း စဉ့်ကိုင်မြို့နယ်မန်နေဂျာဦးစိုးမြင့်၊ ကျေးလက်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးရဲလွင်၊ မြို့နယ်ပညာရေးမှူး၊ ဆရာမကြီးဒေါ်တူးတူးမာ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်ဌေး၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးနှင့်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းညွှန့်လှိုင်တို့က ကျေးလက်ဒေသအတွက်ဆောင်ရွက်ပေးလျက်ရှိသည့် ဌာနလုပ်ငန်းများအကြောင်းကို အသီးသီးရှင်းလင်းဆွေးနွေးပြောကြားခဲ့ရာ တက်ရောက်လာသည့်ပြည်သူများက ကျေးရွာအတွက်လိုအပ်ချက်များပြန်လည်တင်ပြဆွေးနွေးခဲ့ကြပြီး အမှတ် (၁) နယ်မြေ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏအောင်က ဆွေးနွေးပွဲနှင့်ပတ်သက်၍ သုံးသပ်ချက်များနှင့်ထင်မြင်ယူဆချက်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# တင့်တယ်လှပမှုပုံရိပ်များ ပြန်လည်ရှင်သန်ခြင်းပြပွဲနှင့် အမျိုးသမီးရေးရာအငြိမ့် ဖျော်ဖြေပွဲ ကျင်းပမည်

သတင်း - သီသီမင်း

ဓာတ်ပုံ - ဖြိုး

၂၀၁၈ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က စီစဉ်တင်ဆက်သည့် "တင့်တယ် လှပမှုပုံရိပ်များ ပြန်လည်ရှင်သန်ခြင်းပြပွဲနှင့် အမျိုးသမီးရေးရာအငြိမ့်" ဖျော်ဖြေပွဲကြီးကို ဇွန် ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဒေါ်မြတ်မြတ်ဦးက "ဇူလိုင် ၃ ရက်မှာ ကျရောက်တဲ့ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ်လုပ်ခဲ့တာဆို ၁၅ နှစ်ရှိပြီ၊ ဒီနှစ်မှာတော့ ရုပ်ရှင်၊ ဂီတ၊ သဘင်ဆိုပြီး သုံးခုလုံး ပါဝင်လာအောင် စည်းရုံးထားတယ်၊ ဒီပွဲမှာ ရိုးရာယဉ်ကျေးမှု အဝတ်အစားတွေကို ဝတ်ဆင်ပြသမယ့် အနုပညာရှင်တွေက သူတို့ချစ်တဲ့ အနုပညာရှင်တွေဖြစ်တဲ့အတွက် သူတို့ကိုကြည့်ပြီး အပြင်မှာ ဝတ်ကြမှာဖြစ်တဲ့အတွက် အန်တီတို့ပေးချင်တဲ့ ရည်ရွယ်ချက်ကို ရောက်မှာပါ။

"အရင်ကဆိုရင် မြန်မာဝတ်စုံဆို မင်္ဂလာဆောင်အခမ်းအနားလောက်ပဲ သတို့သမီးဝတ်စုံကို ဝတ်ကြတယ်၊ အခုနောက်ပိုင်း ပြပွဲတွေမှာ ဆန်းသစ်တဲ့ ဒီဇိုင်းလေးတွေ ဝတ်ရင်းဝတ်ရင်းနဲ့ လူငယ်လေးတွေဟာ ဘာပဲပြောပြော အနည်းနဲ့အများ မြန်မာဝတ်စုံလေးတွေကို ဒီဇိုင်းဆန်းဆန်းလေးတွေ ချုပ်ပြီး တကယ့်ကို ခုံခုံမင်မင် လိုက်ဝတ်လာတဲ့အတွက် ဝမ်းသာမိပါတယ်၊ ဒီပြပွဲကနေပြီးတော့ အန်တီတို့ ပြောပြချင်တာတွေ အများကြီးရှိပါတယ်၊ အားလုံးထဲကမှ တစ်ခုတလေဖြစ်ဖြစ် ရသွားရင် အပင်ပန်းခံရကြိုးနပ်ပါပြီ" ဟု ပြောသည်။

အဆိုပါ ဖျော်ဖြေပွဲကို ဒါရိုက်တာ ဒေါ်မြတ်မြတ်ဦး၏ စိတ်ကူးပုံဖော်မှုကို John Lwin (Star Event Production) က ပံ့ပိုးကူညီကာ နိုင်ငံကျော် ရုပ်ရှင်၊ သဘင်၊ ဂီတ၊ Stars & Models Int'l မှ မော်ဒယ်များနှင့် အနုပညာရှင်မြောက်မြားစွာက အားဖြည့်ကူညီ ပါဝင်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။




ဒါရိုက်တာ ဒေါ်မြတ်မြတ်ဦး

စာရေးဆရာမခင်ဦး( ခင်မေ)က "တင်ဆက်ခဲ့တာလည်း ၁၅ နှစ်ရှိပြီဆိုတော့ တစ်နှစ်နဲ့တစ်နှစ် မထပ်အောင် တော်တော်လေး ကြိုးစားခဲ့ရပါတယ်၊ ဘယ်ခေတ်ကိုပဲ ကြည့်ကြည့် မြန်မာအမျိုးသမီးတွေရဲ့ လှလှပပ ဝတ်စားဆင်ယင်ခဲ့တာတွေဟာ သမိုင်းတွင်ပြီး ကျန်ခဲ့တာပါပဲ၊ အမျိုးသမီးတစ်ယောက်ဟာ လှတာထက် ကျက်သရေရှိရှိ လှပတင့်တယ်ခြင်းက အမျိုးသမီးတစ်ယောက်အတွက် ပိုပြီးတော့ တန်ဖိုးမြင့်စေတယ်လို့ ယူဆပါတယ်၊ ဒါကြောင့် တင့်တယ်လှပခြင်းပုံရိပ်များ ပြန်လည်ရှင်သန်ခြင်းဆိုတဲ့ ဒီခေါင်းစဉ်လေးကို ပေးခဲ့ပါတယ်" ဟု ပြောသည်။

၎င်းက ဆက်လက်၍ "ယဉ်ကျေးမှုတစ်ခုမှာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကလည်း တစ်ခုပါပါတယ်၊ မြန်မာလူမျိုးတွေ ဘယ်ခေတ်မှာ ဘယ်လိုဝတ်တယ်ဆိုတာ ဒါလေးတွေ ပြန်လည်ပြီး




စာရေးဆရာမ ခင်ဦး(ခင်မေ)

ထုတ်ဖော်ပြသတဲ့ပွဲ ဖြစ်ပါတယ်၊ ဒီနေ့ခေတ် လူငယ်ကြိုက် မော်ဒယ်တွေ၊ သီချင်းလေးတွေ၊ ဟာဒယရွှင် ဆေးလေးတွေ ပါမယ်၊ အငြိမ့်မှာဆိုလည်း ပရိသတ်တွေအကြိုက်တွေ့မယ်လို့ ထင်ပါတယ်" ဟု ပြောသည်။

ဖျော်ဖြေမှု အစီအစဉ်ကို နှစ်ပိုင်းခွဲကာ ကျင်းပသွားမည်ဖြစ်ပြီး ပထမပိုင်းတွင် တေးသီချင်းများဖျော်ဖြေခြင်း၊ ဒီဇိုင်နာ မေမြတ်ဝါဆို၏ မဒီဟန်ချီ ဆေးရေးပန်းချီ၊ ဒီဇိုင်နာ မျိုးမင်းစိုး၏ ခေတ်များအလိုက် သူတို့အကြိုက်၊ ဒီဇိုင်နာ မေသဥ္စာသိမ့်၏ တိုင်းရင်းစုံလင် ရိုးရာအဆင်၊ ပြင်ဆင်ခြယ်သရှုမဝ စသည့် ဝတ်စားဆင်ယင်ပြင်ဆင်ခြယ်သမှုများ ပါဝင်မည်ဖြစ်သည်။

ထို့ပြင် တေးသီချင်းများကို အဆင့်ဆင့် လက်ဆင့်ကမ်းသယ်ဆောင်ကာ သီဆိုသည့် "လက်ဆင့်သယ်ကမ်း ဂီတပန်း" အစီအစဉ်တို့အပြင် Galaxy Star အဖွဲ့၏ "အကြမ်းဖက်မှုမှ ဝေးစေချင်" တစ်ခန်းရပ် ပြဇာတ်တို့လည်း ပါဝင်မည်ဖြစ်သည်။



သရုပ်ဆောင် ဂျင်းနီ

ဒုတိယပိုင်း အစီအစဉ်ဖြစ်သည့် "အမျိုးသမီးရေးရာ အငြိမ့်" တွင် အနုပညာရှင်များ ဖြစ်ကြသည့် ကျော်ရဲအောင်၊ ဝေဠုကျော်၊ ကျော်ကျော်၊ ညီထွဋ်ခေါင်၊ ကြက်ဖတို့က လူရွှင်တော်များအဖြစ် ဆောင်ရွက်ကာ ဂျင်းနီနှင့် ငြိမ်းချမ်းခိုင်တို့က ကပြဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသမီးရေးရာအငြိမ့်အစီအစဉ်တွင် လူရွှင်တော်အဖြစ်ပါဝင်မည့် ရုပ်ရှင်သရုပ်ဆောင် ကိုဝေဠုကျော်က "ကျွန်တော်က နှစ်နှစ်ဆက် ပြန်ပါတာပါ၊ ဟိုးရှေးမှာလည်း ပါဖူးတယ်၊ မြန်မာအမျိုးသမီးများရဲ့ ဂုဏ်ကို မြှင့်တင်ဖို့အတွက် လုပ်တဲ့ပွဲဆိုတော့ ဒီပွဲမှာ ကျွန်တော်က လူရွှင်တော်၊ အငြိမ့်ဆိုတော့ လူရွှင်တော်အနေနဲ့ ပါတာပါ၊ အငြိမ့်ဆိုတာ ရယ်စရာ ပြက်လုံးလေးတွေ ပြက်ကျတယ်ပေါ့၊ လူရွှင်တော်ကြီးတွေက ပိုသိမှာပါ၊



ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်

ကျွန်တော်တို့က လူရွှင်တော်အစစ်ကြီးတွေလို ကောင်းချင်မှကောင်းမှာပါ၊ ဒါပေမယ့် အတတ်နိုင်ဆုံးကြိုးစားထားပါတယ်၊ အားပေးကြပါလို့ ပြောချင်ပါတယ်" ဟု ပြောသည်။

သရုပ်ဆောင် ဂျင်းနီက "အမျိုးသမီးရေးရာပွဲမှာ နှစ်တိုင်းပါဝင်ဖျော်ဖြေဖြစ်ပါတယ်၊ ဒီနှစ်ကတော့ အငြိမ့်မင်းသမီးပါ၊ ဒါပေမယ့် အစ်ကိုတွေနဲ့ ပြက်လုံးခွင် တစ်ခွင်တော့ပါတယ်၊ ကိုယ်ကိုယ်တိုင်လည်း မြန်မာအမျိုးသမီးတစ်ယောက်ဖြစ်တဲ့အတွက် အမျိုးသမီးများနေ့ အထိမ်းအမှတ်ပွဲလေးမှာ ပါဝင်ခွင့်ရလို့ ဂုဏ်ယူပါတယ်" ဟု ပြောသည်။

အဆိုတော် ကိုကြက်ဖက "မနှစ်ကတော့ စမ်းတဝါးဝါး ခပ်စိမ်းစိမ်းပါ၊ အခုကတော့မိသားစုလိုပါပဲ၊ အကုန်လုံးက ပျော်ဖို့ကောင်းပါတယ်၊ အခုက အငြိမ့်ကကြမှာပါ၊ အငြိမ့်ပြက်လုံးတွေတော့ တိုက်နေကြတယ်၊ ငါးရက်လောက်ရှိပြီဆိုတော့ ရုပ်လုံးတော့



အဆိုတော် ကြက်ဖ

ကြွလာပါတယ်၊ ကိုဝေနဲ့က နှစ်နှစ်ရှိပြီ ဆုံတာ၊ ကိုနိုင်(ကိုကျော်ရဲအောင်)နဲ့က ပထမဆုံးပါ၊ ရုပ်ရှင်ကားမှာတော့ တစ်ခန်း နှစ်ခန်းတော့ ဆုံဖူးတယ်၊ ကိုနိုင်ကြီးနဲ့က တော်တော်ပျော်ဖို့ကောင်းပါတယ်" ဟု ပြောသည်။

မကြာမီ အမျိုးသားဇာတ်ရုံကြီးတွင် တင်ဆက်ဖျော်ဖြေမည့် အဆိုပါ "တင့်တယ်လှပမှုပုံရိပ်များ ပြန်လည်ရှင်သန်ခြင်းပြပွဲနှင့် အမျိုးသမီးရေးရာအငြိမ့်" ဖျော်ဖြေပွဲတွင် ၁၉၂၀ ပြည့်နှစ်မှ ယနေ့အထိ နာမည်ကျော်ရုပ်ရှင်မင်းသမီးများ၏ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင် ထုံးဖွဲ့မှုများကို ကြည့်ရှုခံစားရမည့်အပြင် ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားသည့် ဖက်ရှင်ရှိုးများ၊ သီဆိုဖျော်ဖြေတင်ဆက်မှုများ၊ လှပဆန်းပြားသည့် LED အပြင်အဆင်များ၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကို ထင်ဟပ်ပေါ်လွင်စေမည့် သီဆိုဖျော်ဖြေမှုများလည်း ပါဝင်မည်ဖြစ်သည်။

# ကြက်သွန်နီဈေးနှုန်း ပြန်လည်ငြိမ်သက်

**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်ဈေးကွက်သို့ နေ့စဉ် ကြက်သွန်နီပိဿာချိန် ၁၅၀၀၀၀ ကျော် ဝင်ရောက်နေရာ ဇွန် ၂၃ ရက်တွင် ဆိပ်ဖြူအမျိုးအစား ကြက်သွန်နီလက်ကားတစ်ပိဿာ ၅၅၀၊ ၆၂၅၊ ၆၂၅၊ ၆၂၅ ကျပ်နှုန်း၊ မြင်းခြံ ၅၂၅၊ ၆၂၅၊ ၅၇၅၊ ၅၅၀ ကျပ်နှုန်းရှိရာ မြင့်တက်စပြုလာသော ကြက်သွန်နီဈေးနှုန်းမှာ ပြန်လည်ငြိမ်သက်နေသည်ဟု ဈေးကွက်အဝယ်တော်တစ်ဦးက ပြောသည်။

ယခုနှစ် မေလလယ်မှ ဇွန်လဆန်းအထိ ရန်ကုန်ဈေးကွက်တွင် ဆိပ်ဖြူကြက်သွန်နီတစ်ပိဿာ လက်ကားဈေး ၅၀၀၊ ၆၀၀၊ ၅၇၅၊ ၅၅၀ ကျပ်နှုန်းရှိရာမှ ဇွန် ၅ ရက်တွင် ဈေးနှုန်းအနည်းငယ် စတင်မြင့်တက်လာသည်။ ဇွန် ၁၂ ရက်မှ ၂၁ ရက်အထိ ၅၅၀၊ ၆၂၅၊ ၆၂၅၊ ၆၂၅ ကျပ်နှုန်းသို့ ဈေးနှုန်းပြောင်းလဲလာသည်။

မူဆယ်နယ်စပ်ဒေသတွင် ကုန်သည်များ၏ဘဏ်ငွေစာရင်းများ ပိတ်ခံထားခြင်းများရှိနေရာ ဆန်၊ ကြက်သွန်နီအရောင်းအဝယ်များ လျော့ကျလာသည်ဟုဆိုသော်လည်း မေ ၂၆ ရက်မှ ဇွန် ၁ ရက်အတွင်း မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၂၉ သန်းတန်ဖိုးရှိ ကြက်သွန်နီ တန် ၇၆၀ တင်ပို့ခဲ့ရာ ယင်းရက်ပိုင်းမတိုင်မီရက်သတ္တတစ်ပတ်ထက် ကြက်သွန်နီတန်ချိန် ၃၃၇ တန် ပိုမိုတင်ပို့ခဲ့သည်ဟု သိရသည်။ ၂၀၁၈ ခုနှစ် မေလအတွင်း ယင်းနယ်စပ်မှကြက်သွန်နီတန်ချိန် ၅၀၀၀ ခန့် (ပိဿာချိန် သိန်း ၃၀) တင်ပို့ခဲ့သည်ဟု သိရသည်။

ရန်ကုန်ဈေးကွက်သို့လည်း မေလအတွင်း ကြက်သွန်နီ ပိဿာချိန် ၄၅ သိန်းဝန်းကျင် တင်ပို့ခဲ့သည်ဟု သိရသည်။ ယခင်နှစ်ကာလတူဖြစ်သော ၂၀၁၇ ခုနှစ် ဇွန် ၂၁ ရက်တွင် ဆိပ်ဖြူလက်ကားတစ်ပိဿာ ၉၀၀၊ ၁၁၂၅၊ ၁၂၀၀၊ ၁၂၅၀ ကျပ်နှုန်း၊ မြင်းခြံ ၁၁၅၀၊ ၁၂၀၀၊ ၁၃၀၀၊ ၁၄၀၀ ကျပ်နှုန်း အသီးသီးရှိခဲ့ရာ ၂၀၁၈ ခုနှစ် ဇွန် ၂၁ ရက်တွင် ကြက်သွန်ဈေးနှုန်းသည် ယခင်နှစ်တူအချိန်ကာလဈေးနှုန်း၏ ထက်ဝက်ခန့်သာ ရှိသေးသည်ဟု သိရသည်။

ယခင်နှစ် ဇွန် ၉ ရက်တွင် ကြက်သွန်ဈေးနှုန်း တစ်ပိဿာ ၁၀၀၀ အထက်သို့ စတင်မြင့်တက်ရာမှ နှစ်ကုန်ဒီဇင်ဘာလ ၂၆ ရက်တွင် ကျပ် ၃၀၅၀ နှုန်း၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ဆိပ်ဖြူ ကျပ် ၃၁၀၀၊ မြင်းခြံ ကျပ် ၃၃၀၀၊ မြစ်သား ကျပ် ၃၅၀၀ နှုန်းအထိ ဈေးနှုန်းအမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်ဟု သိရသည်။

ယခုနှစ် မတ်လအတွင်း ရန်ကုန်ဈေးကွက်တွင် ကြက်သွန်နီလက်ကား တစ်ပိဿာ ဆိပ်ဖြူအမျိုးအစားအလုံးကြီး ကျပ် ၈၀၀ ဝန်းကျင်ရှိရာမှ မေလနှင့် ဇွန်လအတွင်း အလုံးကြီး ကျပ် ၆၀၀ ဝန်းကျင်သာ ရှိနေသေးသည်။ ကြက်သွန်ထွက်ရှိရာနယ်များတွင် တစ်ပိဿာ ကျပ် ၄၀၀၊ ၄၅၀ ဝန်းကျင်သာရှိသဖြင့် နယ်ဈေးကွက်များတွင် ကြက်သွန်ဝင်ရောက်မှုနည်းသည်။ သို့သော် ယင်းနယ်များမှ ရန်ကုန်၊ မော်လမြိုင်နှင့် နယ်စပ်အပို့များသည်လည်း လျော့ကျနေ၍ ကြက်သွန်ဈေးနှုန်းများသည် ဈေးနှုန်းအနိမ့်တွင်သာ ရှိနေသေးသည်ဟု ကြက်သွန်အဝယ်တော် ကိုဇော်ထွန်းက ပြောသည်။



သို့သော်ဈေးကွက်သဘာဝအရ ပြည်ပမျိုးတူကုန်စည်ဈေးနှုန်း၊ ပြည်တွင်းပြည်ပအထွက်နှုန်း၊ စိုက်ပျိုးရေးမိုးလေဝသဖြစ်ပေါ်မှု စသည့်တို့ပေါ် အခြေခံ၍ ဈေးနှုန်းအတက်အကျဖြစ်ပေါ်တတ်ရာ ကြက်သွန်နီလက်ဝယ်ရှိနေသေးသော ကြက်သွန်စိုက်ပျိုးသူအချို့နှင့် လှောင်လက်များအနေဖြင့် ဈေးကွက်အခြေအနေကို စောင့်ကြည့်လျက်ရှိကြသည်ဟု ဆိုသည်။

ကြက်သွန်ဈေးကွက်အတွင်း ဈေးနှုန်းမြင့်တက်လာချိန်တွင် နေ့စဉ်ဝယ်ယူနေကျအဝယ်တော်များအနေဖြင့် ဝယ်ယူရာတွင် တက်ဈေးသဘာဝအရ ရောင်းချသူများစီမံရောင်းချခြင်းကို သည်းခံဝယ်ယူနေရသည်။ ဈေးနှုန်းသာမက မိမိဝယ်လိုသောအရေအတွက်အစား ခွဲတမ်းစနစ်ဖြင့်သာ ဝယ်ယူရရှိသည်။ ကုန်ဖိုးငွေကိုလည်း လက်ငင်းပေးချေရသည်။ ယခုလပိုင်းကဲ့သို့ ဈေးနှုန်းပြောင်းလဲခြင်းနည်းနေချိန်ကြက်သွန်ဝယ်ယူရာတွင် ဈေးနှုန်းအရည်အသွေး ဝယ်ယူမည့်အိတ်ရေတို့ကို ရွေးချယ်ဝယ်ယူခွင့်ရလာသည်။ ဈေးမြင့်ချိန်ဝယ်ယူရရှိနိုင်ရန် ကြိုတင်စာရင်းပေးရခြင်းများရှိခဲ့သော်လည်း ဈေးနှုန်းမပြောင်းလဲဘဲ ပုံမှန်ရှိချိန်တွင်မူ ရောင်းသူများက ဝယ်ယူရန်ဆက်သွယ်ပြောဆိုခြင်းများ ရှိနေသည်။

ယခုနှစ် လှောင်ကြက်သွန်နီအသစ် ထွက်ပေါ်ပြီး သုံးလဝန်းကျင်အကြာ ဈေးနှုန်းအနိမ့်တွင်ရှိနေသော်လည်း ၂၀၁၅ ခုနှစ်မှ ယခုနှစ်အထိ နှစ်စဉ်ပြည်ပကြက်သွန်ဈေးနှုန်းထက် ပိုမိုများသောဈေးနှုန်းသို့ မြင့်တက်သည့်ဖြစ်စဉ်များ ယခုနှစ်ကုန်ပိုင်းတွင် ထပ်မံဖြစ်ပေါ်လာနိုင်ခြင်း ရှိ၊ မရှိသည် မိုးကြက်သွန်စိုက်ပျိုးထွက်ရှိမှုအပေါ် မူတည်နေသည်ဟု ကြက်သွန်ဝယ်ယူရောင်းချနေသူတစ်ဦးက ပြောသည်။

**မောင်စေအောင်**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၂၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၉ တွင် ဖော်ပြခဲ့သော တွဲဖက်ရွှေကျင်သာသနာပိုင် ဆရာတော် ဘဝနတ်ထံပျံလွန်တော်မူသတင်း၏ ဒုတိယကော်လံ သမိုင်းစာတမ်းများ ရေးသားပြုစုခေါင်းစဉ်ငယ်၏ စာကြောင်းရေ ငါးကြောင်းမြောက်တွင် "ကထိက ရဟန်း"ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်း**

# မကွေးတိုင်းဒေသကြီးက ဆံရစ်ဝိုင်းတို့ ရွာလေး

**ရွာ အမည်က ရေပုတ်ကြီး၊ အိမ်ခြေက ၆၅၀၊ လူဦးရေက ၃၁၇၀ ရှိပြီး မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း တည်ရှိသည်။ ကျေးရွာတွင် ဆံရစ်ဝိုင်းထားကြသူဦးရေ ၆၀၀ ကျော်ရှိနေသည်။ နိုင်ငံတစ်ဝန်း သိကြဖို့ဝေးစွ။ မကွေးတိုင်းဒေသကြီးအတွင်းမှ လူတိုင်းပင် ထိုအကြောင်းမသိ။ ဆံရစ်ဝိုင်းလေးများတွေ့လျှင် ကျောက်ပန်းတောင်းမြို့နှင့် ညောင်ဦးမြို့နယ်အစပ်ရှိ "စက်စက်ယို ရွာကလား" ဟု မေးကြသည်။**



အနုပညာရှင် ပရဟိတသမားကြီး ဦးကျော်သူ၏ ပံ့ပိုးမှုဖြင့် စက်စက်ယိုရွာမှ ဆံရစ်ဝိုင်းလေးများက နာမည်ကျော်လာသည်။ စာရေးသူကိုယ်တိုင် ရွာအထိအရောက်သွား၍ သူတို့အကြောင်း ရေးဖြစ်ခဲ့သည်။ ဆရာတော်ကြီး ဦးပညာဗလကို ဖူးမြော်ရင်း ဆံရစ်ဝိုင်းယဉ်ကျေးမှုကို ထိန်းသိမ်းနေသည့် ကလေးငယ် ၅၀ ခန့်အကြောင်း ကြည်ကြည်နူးနူးသိခွင့်ရခဲ့ပြီး အမှတ်တရဓာတ်ပုံများ တွဲ၍ ရိုက်ဖြစ်ခဲ့သည်။

**တစ်ရွာလုံး ဆံရစ်ဝိုင်းထား**

၂၀၁၈ သင်္ကြန်မတိုင်မီက မကွေးမြို့မှ ဓာတ်ပုံအနုပညာရှင် ဇော်မင်းလတ်နှင့် ကိုဇော်(မကွေး)တို့ပြောပြ၍ မကွေးတိုင်းဒေသကြီးမှာ လူမသိသူမသိ ယဉ်ကျေးမှုအမွေ ထိန်းနေသည့် ရေပုတ်ကြီးရွာအကြောင်း သိခဲ့ရသည်။ မကွေးလမ်းလျှောက်သင်္ကြန်၌ ရေပုတ်ကြီးမှ ဆံရစ်ဝိုင်းလေးများ ရေကစားလာကြသည်။ မြသလွန်နှင့် ရွှေစက်တော်ဘုရားဖူးထွက်ကြသည်။ မင်းဘူး နဂါးပွက်တောင်သို့ လည်ပတ်ကြသည်။ မကွေးမြို့မှဓာတ်ပုံပညာရှင်များ၏ကျေးဇူးကြောင့် မကွေးတိုင်းဒေသကြီးတွင် တစ်ရွာလုံး ဆံရစ်ဝိုင်းထားကြသည့် ရွာကြီးတစ်ရွာ ရှိနေမှန်း သိခွင့်ရလာသည်။

မဏိစည်သူမင်းကြီး လယ်ကိုင်းမြို့တွင် စံနေစဉ် ရေပုတ်ကြီးကျေးရွာသို့ ရောက်လာကာ ဧရာသုခ ကိုးတောင်ပြည့်စေတီကို ဖူးမြော်ခဲ့ဖူးပြီး ယခုအခါ စေတီကိုငုံ၍တည်ထားသည့် ရတနာဦးစေတီကို ဖူးမြော်နိုင်ကြောင်း သိရပါသည်။

**အစဉ်အဆက်ပြောခဲ့**

"မဏိစည်သူမင်းကြီးမှာ ဦးမဲကျော်ဆိုတဲ့ ပျော်တော်ဆက် ငယ်ကျွန်ကြီးရှိတယ်၊ မနာလိုတဲ့သူတွေက ဘုရင်ကို ကုန်းတိုက်တော့ ဘုရင်က ယုံပြီး သတ်မယ်လို့ ကြိမ်းလိုက်မိတယ်၊ ဒါကို ဦးမဲကျော်ကြားပြီး ထွက်ပြေးတယ်၊ ရေပုတ်ကြီးရွာရဲ့ အရှေ့တောင်ဘက် နှစ်ဖာလုံလောက်မှာ ကန်တစ်ကန်ရှိတယ်၊ ကန်နားမှာ သခွပ်ကုန်းကျေးရွာရယ်လို့ ရှိတယ်၊ အဲဒီမှာ ခိုအောင်းနေတယ်၊ နောက်များမကြာမီမှာ ဘုရင်က အကြောင်းစုံသိပြီး ပြေလည်သွားတော့ လိုက်ရှာပြီးခေါ်ခိုင်းတယ်၊ ပြန်မလိုက်တော့ဘူး၊ ဦးမဲကျော်က ရေပုတ်ကြီးရွာက ဧရာသုခစေတီရောက်တော့ ဖူးမြော်ကြည်ညိုလို့မဆုံးဖြစ်ပြီး တရားကျင့်ကြံအားထုတ်ရာကနေ ဝိဇ္ဇာလမ်းပေါက်သွားတယ်၊ သူ့ကို ဘုရင်နဲ့ မိဖုရားကိုယ်တိုင် ရေပုတ်ကြီးရွာအထိ လာခေါ်ခဲ့ဖူးပါတယ်" ဟု အသက် ၇၇ နှစ်အရွယ် ဒေသခံ ဦးတင်အောင်က ပြောပြခဲ့သည်။

ဦးတင်အောင်က ရေပုတ်ကြီးတောရကျောင်းထိုင်ဆရာတော် ဦးကုသလ ထိန်းသိမ်းမှတ်တမ်းတင်ထားခဲ့သော သမိုင်းအထောက်အထားများကို ဖတ်ရှုသိမ်းဆည်းထားသူဖြစ်ပြီး မှတ်တမ်းပြုစုသူ ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ကျောင်းထိုင်သုံးဆက် ပြောင်းလဲခဲ့ပြီဖြစ်သည်။

"ဘုရင်နဲ့ မိဖုရားရောက်လာပြီး စားတော်ပွဲပြင်ရတဲ့ အခါကျတော့ ဟင်းတစ်ခွက်လိုနေတာကြောင့် ရွာထဲက မန်ကျည်းချိုပင်ကြီးကနေ မန်ကျည်းဟင်းတစ်ခွက် ဆက်ခဲ့ရပါတယ်လို့ ဘိုးဘွားတွေ အစဉ်အဆက်ပြောခဲ့ကြတယ်၊ ခုထိ မန်ကျည်းချိုပင်ကြီး ရှိသေးတယ်၊ မိဖုရားကြီးက ဧရာသုခစေတီသွားဖူးတယ်၊ ကြည်ညိုလွန်းလို့ ဘုရင်ပြန်ခေါ်တော့ မလိုက်တော့ဘူး၊ မဏိစည်သူမင်းကြီးက စိတ်ဆိုးပြီး ရေအိုင်တွေ့သမျှ၊ ရေရှိသမျှ နေရာတွေကို ပုပ်စေတတ်တဲ့ဆေး ခတ်ခိုင်းလိုက်တယ်၊ ရေတွေဟာ ခေတ္တအားဖြင့် ပုပ်ပေးရပါတယ်" ဟု ၎င်းက ဆက်ပြောပြသည်။

ယခင်က ရေပုတ်ကြီးရွာကို ရေဇလုတ်ကြီးရွာဟု ခေါ်တွင်ခဲ့ပြီး ထိုသို့ခေါ်တွင်ရခြင်းမှာ ရွာအနီး၌ ငှက်ဇလုတ်သဏ္ဌာန် ရေအိုင်ကြီးကိုအစွဲပြု၍ ခေါ်တွင်ခြင်းဖြစ်ကြောင်း၊ မဏိစည်သူမင်းကြီးက ရေတွေ ခေတ္တခဏ ပုပ်သွားစေရန် အမိန့်ချခြင်း၊ ဆေးခတ်ခြင်းများ လုပ်ဆောင်အောင်မြင်သွား၍ ရေဇလုတ်ကြီးမှ ရေပုပ်ကြီးရွာအမည်တွင်လာခဲ့ကြောင်း ဒေသခံ ဦးတင်အောင်ထံမှ သိရသည်။

ရေပုတ်ကြီးကျေးရွာ၌ ဆံရစ်ဝိုင်းဓလေ့ထိန်းသိမ်းလာခဲ့သည်မှာ နှစ်ပေါင်း ၂၀၀ ခန့်ရှိပြီဖြစ်ကြောင်း အသက် ၈၀ အရွယ်တွင် ဆုံးသွားသော ဖခင်၏ ပြောစကားအရ လက်လှမ်းမီသိရှိခဲ့ရသည်ဟု ဦးတင်အောင်က ပြောပြခဲ့သည်။

"ဆံရစ်ဝိုင်းဆိုသည်မှာ အားလုံးသိကြသည့်အတိုင်း ရှေးကမြန်မာလုံမငယ်တို့ ဆင်ယင်ထုံးဖွဲ့လေ့ရှိခဲ့ကြသော ဆံပင်ပုံစံတစ်မျိုးကိုခေါ်ခြင်းဖြစ်သည်။ နဖူးဆံစမှ ဦးခေါင်း ပတ်ပတ်လည် စက်ဝိုင်းသဏ္ဌာန်ရစ်ထားသော ဆံပင်များကို အောက်သို့အတန်းလိုက် ချတာကချ၊ အပေါ်သို့စုထုံးဖို့ လှန်တင်တာက တင်ထားရသည်။ ကြားထဲတွင် ဆံပင်ပန်းကုံးကြောင်းလေး ပေါ်နေတတ်သည်။ ပန်းကုံးညီမှ လှသည်။ ဆံရစ်ဝိုင်းပုံစံမှာ အရိုးရှင်းဆုံးနှင့် အကျော့ရှင်းဆုံးဖြစ်ပြီး ကလေးဆန်ခြင်းကိုပြသည့် သဘောလည်း ဖြစ်သည်။ အသက်လေး၊ ငါးနှစ်သမီးအရွယ် ဆံပင်စထားပြီ ဆိုကတည်းက ဆံရစ်ဝိုင်းပုံကို စတင်ထားတတ်ကြသည်မှာ ရှေးမြန်မာတို့ ဓလေ့ပဲဖြစ်သည်။ ဆယ်ကျော်သက် အရွယ်ရောက်လျှင်တော့ ဆံပင်ကို ဦးလုံးသိမ်းပြီး ဆံထုံး၊ ဆံတောက် စသဖြင့် အလှအပ အဆင်တန်ဆာတွေ စိတ်ကြိုက်ပြုပြင်ကြတော့သည်" ဟု စာရေးဆရာမကြီး ဒေါ်ခင်ခင်ထူးက ဆံရစ်ဝိုင်းဝတ္ထုတိုများ စာအုပ်တွင် ကျွန်မရဲ့ဆံရစ်ဝိုင်းဟူသည့် ကိုယ်တွေ့အမှာစာကို ရေးသားခဲ့သည်။

**နှစ်ပေါင်း ရာကျော်**

"ရေပုတ်ကြီးမှာ ဆံရစ်ဝိုင်း၊ ဆံတောက်ထားသူ ဦးရေ ၆၀၀ ခန့်ရှိပါတယ်၊ ပြီးခဲ့တဲ့နှစ်က မူလွန်စာသင်ကျောင်း အဆင့်ပဲရှိတယ်၊ အခုနှစ်မှ အလယ်တန်းခွဲဖွင့်တာပါ၊ ကျောင်းသားဦးရေ ၇၂၀ ရှိပါတယ်၊ အတော်များများ ဆံရစ်ဝိုင်းထားကြတယ်ဗျ၊ နောက်ပေါက်ကလေးတွေ ဆံရစ်ဝိုင်းထားတာများလာကြပါတယ်၊ ဘိုးဘွားတွေ လက်ထက်ကတည်းက ထားလာကြတာ၊ သိသလောက်ကတော့ နှစ်ပေါင်းရာကျော်ပါပြီ" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလူဝင်းက ဆိုသည်။

ဆံရစ်ဝိုင်းကို မိန်းကလေး၊ ယောကျ်ားလေးများ အားလုံးထားကြပြီး ကျောင်းမနေသည့် ကလေးများလည်း ဆံရစ်ဝိုင်းထားကြကြောင်း၊ ရှင်ပြုသင်္ကန်းစည်းပြီးသည့် ကလေးများလည်း ဆံရစ်ဝိုင်းပြန်ထားလေ့ရှိကြောင်း၊ အိမ်ထောင်မကျသေးသူများမှာ ဆံရစ်ဝိုင်းသာထားလေ့ရှိပြီး အိမ်ထောင်ကျပြီးသား မိန်းကလေးများမှာ ဆံပင်ဦးလုံးသိမ်းထားကြကြောင်း ရေပုတ်ကြီးရွာသူ လုံမငယ် မပြုံးပြုံးက ပြောပြသည်။

"ဒီလိုလေးနေရတာကိုပဲ နေလို့ကောင်းတယ်၊ ဆံပင်ဖားလျားကြီးချထားရတာက စိတ်လည်းအိုက်တယ်၊ မိန်းမတို့ဘုန်း ဆံထုံးတဲ့၊ ဟိုအရင်တုန်းက နောက်ပိုင်းမင်းသမီးတွေငိုရင် ဆံပင်ဖားလျားကြီးတွေချ ငိုတာတဲ့၊ မင်္ဂလာကျက်သရေမရှိတဲ့ အခြေအနေမျိုးမှာ ဆံပင်ဖားလျားချတတ်တာလို့ လူကြီးမိဘတွေက ပြောကြပါတယ်" ဟု မပြုံးပြုံးက ဆိုသည်။

ရေပုတ်ကြီး ရွာသူ ရွာသားများမှာ မိရိုးဖလာစိုက်ပျိုးရေးလုပ်ကိုင်စားသူများသာဖြစ်ကြပြီး မိန်းမပျိုများ လောကတွင် ရက်ကန်းထည်ရက်လုပ်ဝတ်ဆင်မှုများလည်း ရှိနေသေးကြောင်း သိရသည်။

"၂၀၁၄ ခုနှစ်အတွင်းကစပြီး ဧည့်သည်တွေ လာရောက်လည်ပတ်မှု များလာကြပါတယ်၊ မကွေး၊ ရန်ကုန်၊ မန္တလေးမြို့တွေက ဧည့်သည်တွေလာရောက်လည်ပတ်ကြပြီးတော့ တစ်ခါတစ်ရံ နိုင်ငံခြားသားဧည့်သည်တွေပါ ပါလာတတ်ပါတယ်၊ ဓာတ်ပုံဆရာတွေရဲ့ အဆက်အသွယ်နဲ့ ပါလာကြတာဗျ၊ အစဉ်အဆက်ရိုးရာထိန်းသိမ်းတဲ့အနေနဲ့ အခုအချိန်အထိမပျောက်တာ ဝမ်းသာစရာပါ၊ ကျေးရွာရဲ့ရပ်မိရပ်ဖတွေ၊ ကျေးရွာနေသူတွေကလည်း ဆက်လက်ထိန်းသိမ်းသွားဖို့ ဆန္ဒရှိကြပါတယ်"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလူဝင်းက ဝမ်းမြောက်စကား ဆိုသည်။

ဆံရစ်ဝိုင်း၊ သျှောင်ပေစူးထားရခြင်းမှာ နေ့စဉ်ဆီထည့်ဖြီးသင်ထုံးဖွဲ့ရသည့်အပြင် ဆံထိပ်မှ ဆံထုံးလေးကို ဖြေကြည့်လျှင် ကျောလယ်အထိ ရှည်လာတတ်ခြင်း၊ ကလေးများအနေဖြင့် လျှော်ရ၊ ထိန်းသိမ်းရခက်ခဲခြင်း၊ အလုပ်များခြင်းတို့ကြောင့် ဆံရစ်ဝိုင်းထားသည့်ဓလေ့ တဖြည်းဖြည်း ပျောက်ကွယ်လာခြင်းဖြစ်မည်ဟု သုံးသပ်ပြောဆိုမှုများရှိခဲ့သော်လည်း ရေပုတ်ကြီးကျေးရွာက ခြွင်းချက်ဖြစ်နေဟန်ရှိသည်။

**မြတ်နိုးဖွယ်ဖြစ်**

ဆရာမခင်ခင်ထူးက ငယ်ဘဝကိုတမ်းတစွာဖြင့် ဝတ္ထုရေးသက် ၁၀ နှစ်အတွင်း ရေးဖြစ်ခဲ့သည့် ဝတ္ထုတိုလေးများကို ဆံရစ်ဝိုင်းထားစအရွယ်လေးနှင့်တင်စားကာ "ဆံရစ်ဝိုင်း ဝတ္ထုတိုများ" ဟု အမည်ပေးခဲ့သည်ဟု သိရပါသည်။

"ကျွန်မ၏ ဝတ္ထုတိုကလေးများသည် ဦးလုံးမသိမ်းရသေးပါ၊ တစ်ပတ်လျှိုဆံထုံး၊ နှစ်ပတ်လျှိုဆံထုံး မထုံးရသေးပါ၊ ထို့မှတစ်ဆင့် လှပခံ့ညားသော ဘီးကျော့ပတ်ဆံထုံး၊ ပျားအုံပုံ ဘီဟိုက်ဆံထုံး၊ ဗျာပါဆံ ဆံထုံးများထုံးဖို့အထိ အလှမ်းမမီသေးပါ" ဟု ရေးသားထားပုံက ဆင်ယင်ထုံးဖွဲ့မှုဆိုင်ရာ ဗဟုသုတများရစေသည့်အပြင် မြတ်နိုးဖွယ်လည်း ဖြစ်ပေသည်။

ရွှေဘိုတက္ကသိုလ်တွင် ဆံရစ်ဝိုင်းလေးဖြင့် ဂုဏ်ထူးတန်းအထိ ကျောင်းတက်ခဲ့သည့် ကျောင်းသူတစ်ဦးဖြစ်သူ မခင်မျိုးဦး ဆိုသူမှာ ခေတ်မီသောအလှတရားများကြားတွင် မြန်မာဆန်သော အလှတရားဖြင့် မိန်းကလေးချင်းပင် လည်ပြန်ကြည့်ရသည်ဟူသော ဂုဏ်သတင်းကျော်ကြားမှုများလည်း ရှိခဲ့ဖူးသည်။

"ရှေးမူကို မဖျက်ပါဘူး အစဉ်၊ တို့တောက ဆံပင်အလှပင်၊ ဆံရစ်ဝိုင်းကိုမှ အသားပေးပေး၊ အလှူတကာ နေရာမရွေး ပျူငှာပဲ လူတကာအပြေးလေး ကြိုဆိုသရှင့်" ဟူသော သီချင်းလေးကလည်း တစ်ခေတ်တစ်ခါက ရေပန်းစားခဲ့ဖူးသည်။ ဂီတမှူး ဆရာကိုရဲအောင် ရေးသားပြီး အဆိုတော်ကြည်ကြည်ဝင်း သီဆိုထားသည့် ဆံရစ်ဝိုင်းသီချင်းမှာ ရောင်းတမ်းဝင် ဓာတ်ပြားတစ်ချပ်ဖြစ်ခဲ့သည်။

ဆံရစ်ဝိုင်းဟု အသံကြားမိတိုင်း မူလတန်းကျောင်းသားဘဝက ကျောင်းကပွဲများတွင် သရုပ်ဆောင်ခဲ့ဖူးသော "တို့ငယ်ငယ်တုန်းအရွယ် သျှောင်ပေစူးကလေးတွေနဲ့ရယ် ကောက်ရိုးပုံတွေကြား တူပုန်းကစားကြတယ်၊ အရင်ကဆို ခင်ခင်မင်မင်၊ ချစ်ချစ်ခင်ခင် တို့တစ်တွေရယ် ပြေးလွှားဆော့ကစားလို့ရယ် အပူအပင်ကင်းကြလေတယ်" ဆိုသည့် သီချင်းလေးကို ပြန်ကြားယောင်ရင်း ငယ်ဘဝကိုလည်း လွမ်းဆွတ်မိပါသည်။

**တန်ဖိုးထားနေတတ်**

"အင်္ဂလိပ်စကားမှာ Price နဲ့ Value က မတူပါဘူး၊ မြန်မာစကားမှာလည်း ဈေးနှုန်းနဲ့ တန်ဖိုးဆိုတာ အတူတူလို ပြောဆိုသုံးနှုန်းတတ်ကြပေမယ့် မတူပါဘူး၊ ဈေးနှုန်းတူတဲ့ ပစ္စည်းချင်းအတူတူကို တန်ဖိုးထားမှုက ကွာနေတတ်ပါတယ်၊ တစ်ခါတလေ ဘာမှမဟုတ်ဘဲ၊ ဈေးကြီးမပေးရဘဲ တန်ဖိုးထားသူက တန်ဖိုးထားနေတတ်ပါတယ်၊ တန်ဖိုးထားမှုဆိုတာ လူတစ်ဦးချင်းရဲ့ အတွေ့အကြုံခံယူချက်နဲ့ဆိုင်သလို ယဉ်ကျေးမှုနဲ့လည်း ဆိုင်ပါတယ်၊ ခေတ်နဲ့လည်း ဆိုင်ပါတယ်၊ သျှောင်ပေစူးနဲ့ ကလေးတွေကို တွေ့တဲ့အခါဖြစ်ဖြစ်၊ ပန်းချီထဲမှာ

**ဇေယျာတု(မကွေး)**

တွေ့တဲ့အခါဖြစ်ဖြစ် ငေးကြည့်လိုက်တဲ့အခါ ပျောက်ဆုံးသွားတဲ့ တန်ဖိုးထားမှုလေးကို သတိရလိုက်တာပါပဲ" ဟု ဆရာမမေနှင်းအေးက "ပျောက်ဆုံးနေသော တန်ဖိုးများ" ဆောင်းပါးတွင် သူ၏ သဘောထားအမြင်ကို ဖော်ပြခဲ့ပါသည်။

ယနေ့ခေတ် မြန်မာ့လူ့ဘောင်၏ ယဉ်ကျေးမှုနှင့် တန်ဖိုးထားမှုစံတို့က မည်သို့နည်း။ စာအုပ်၊ မှတ်တမ်း၊ ကားချပ်များထဲမှ အညွှန်းကိန်းများမှာ ခေတ်လူသားတို့၏ ရယ်သွမ်းသွေးဖွယ်ဖြစ်နေကြပြီလား မေးခွန်းထုတ်စရာ ဖြစ်လာခဲ့သည်။ ဘာသာဗေဒအပါအဝင် ယနေ့ ဆင်ယင်ထုံးဖွဲ့မှုများက ထားရှိဖူးခဲ့သည့် စံနှင့် တန်ဖိုးများကြား ကြီးမားသော ယဉ်ကျေးမှုပြတ်ရွှေ့ကြောင်းအဖြစ် တည်ရှိနေသည်ကို အလုံးစုံငြင်းချက်ထုတ်၍ကား မရတော့။

**အလှတရားဟုမြင်**

ထိုဖြစ်စဉ်များကြား၌ နိုင်ငံတကာ၏ ယဉ်ကျေးမှုကျူးကျော်လာမှုကို ကြံ့ကြံ့ခံကာကွယ်နေသည့် မကွေးတိုင်းဒေသကြီးထဲမှ ဆံရစ်ဝိုင်းတို့ရွာလေးက ဒါမြန်မာ့အလှ၊ မြန်မာ့တန်ဖိုးဟု ကမ္ဘာ့ရှေ့ထိုး လက်ညှိုးထိုးပြစရာအဖြစ် ကျန်နေသေး၍သာ တော်တော့သည်။ ကိုယ်ပိုင်ယဉ်ကျေးမှုကို အလှတရားဟု မြင်သူတွေ ဘယ်ရွေ့ဘယ်မျှ ကျန်ပါဦးမည်နည်း။

အလှတရားမြတ်နိုးသူများက ထိုရွာလေးသို့ သွားကြပေလိမ့်မည်။ ဟောင်ကောင်ဓာတ်ပုံပညာရှင်များအဖွဲ့က ထိုရွာလေးသို့လာရန် စုံစမ်းချိတ်ဆက်မှုများ လုပ်နေကြသည်။ မကွေးဓာတ်ပုံပညာရှင်များကလည်း သူတို့၏အလှကို အနုပညာမြောက်စွာ ရိုက်ကူးနေကြသည်။ ပြီးခဲ့သည့် ဇွန်လ ၉ရက်နေ့က စာရေးသူ၏ သူငယ်ချင်းများဖြစ်သည့် ၁၉၉၃-၁၉၉၄ အထက-၁ မကွေးပရဟိတသူငယ်ချင်းများက ရေပုတ်ကြီးကျေးရွာ စာသင်ကျောင်း မျက်နှာကြက်အတွက် စုပေါင်းလှူဒါန်းခဲ့ကြသည်။

ပွင့်ဖြူမြို့နယ် ရှောက်တောကျေးရွာလမ်းခွဲမှ အနောက်ဘက်အတိုင်း သုံးမိုင်ခန့်သွားလျှင် ကျောင်းကုန်းကြီးကျေးရွာသို့ ရောက်မည်ဖြစ်ပြီး လေးမိုင်ခန့်ဆက်သွားလျှင် ရေပုတ်ကြီးကျေးရွာသို့ ရောက်မည်ဖြစ်သည်။ ရေပုတ်ကြီးကျေးရွာနှင့် ကျောင်းကုန်းကြီးကျေးရွာကြားရှိ လေးမိုင်ခန့် အရှည်လမ်းမှာ မိုးတွင်းကာလသွားလာရေးခက်ခဲပြီး "မိုးပွင့်ရင် သဲတော၊ မိုးရွာရင် ဗွက်တော" ဟု ဆိုနိုင်သော လမ်းဖြစ်သည်။

ကျောင်းကုန်းကြီး အထက်တန်းကျောင်းသို့ သွားတက်ရသည့်ကလေးများက ကျောင်းတက်သည့်နေ့တိုင်း လမ်းဒုက္ခကို ခံစားနေရသည်။ ကျောင်းကုန်းကြီးကျေးရွာတွင် လျှပ်စစ်မီးရနေပြီဖြစ်ပြီး လေးမိုင်သာဝေးတော့သည့် ယဉ်ကျေးမှုများ ထိန်းသိမ်းထားရာ နေရာလေးတစ်ခုက ညစဉ်ညတိုင်း အမှောင်ကျနေဆဲပင်။

မည်သို့ဆိုစေ မကွေးတိုင်းဒေသကြီးမှ ဆံရစ်ဝိုင်းတို့ နေထိုင်ရာ ရွာလေးက သူတို့၏ယဉ်ကျေးမှုသမိုင်းကို ဆက်ရေးနေကြဦးမည်ဟု ယုံကြည်မိပါသည်။ ။

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်**

# မြောက်ဦးမြို့၌ စာစီစာကုံးပြိုင်ပွဲ၊ စာအုပ်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲပြုလုပ်

**မြောက်ဦး ဇွန် ၂၄**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် စာစီစာကုံး ပြိုင်ပွဲ၊ စာအုပ်ပြိုင်ပွဲ၊ ဓာတ်ပုံပြပွဲနှင့် လူငယ်နှင့် မူးယစ်ဆေးဝါးအကြောင်း ဟောပြောခြင်းကို ဇွန် ၂၄ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ က အဆိုပါခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူးက လူငယ်နှင့် မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် ဟောပြောရာတွင် မူးယစ်ဆေးဝါးအန္တရာယ် ကြီးမားပုံ၊ မူးယစ်ဆေးဝါးများ လူငယ်ထုအတွင်းသို့ နည်းအမျိုးမျိုးဖြင့် စိမ့်ဝင်စီးဆင်းပျံ့နှံ့နေပုံတို့အပြင် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ မူးယစ်ဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်းကို ကျောင်းသား ကျောင်းသူများအား အသိပညာဗဟုသုတ ရရှိစေရန် ဟောပြောခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူးက မူးယစ်ဆေးဝါး၏ဆိုးကျိုးများ အန္တရာယ်အကြောင်း အရာများအား ဟောပြောခဲ့သည်။



ထို့နောက် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်များနှင့် လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် ပြသထားသော မှတ်တမ်းဓာတ်ပုံများအား ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မင်္ဂလာဒုံမြို့နယ်၌ စာစီစာကုံးနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

**မင်္ဂလာဒုံ ဇွန် ၂၄**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက စတင်ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများကို အကဲဖြတ်အမှတ်ပေးဒိုင်ဖြစ်သော ဆရာမ ဒေါ်သီတာဝင်းက ရှင်းလင်းပြောကြားကာ ကျောင်းသားကျောင်းသူ ၂၄ ဦးက“မူးယစ်ဆေးဝါး တိုက်ဖျက်ဖို့ ဒို့လူငယ်တွေစည်းရုံးစို့” ခေါင်းစဉ်ဖြင့် စာစီစာကုံးရေးသား ဖြေဆိုခဲ့ကြသည်။ ဆက်လက်ပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဇင်ငြိမ်းအိက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲမေးခွန်းများကို မေးမြန်းကာ ကျောင်းသား ကျောင်းသူများက ဖြေဆိုခဲ့သည်။



ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို ဆုချီးမြှင့်ပေးအပ်ပြီး ကြွရောက်လာသော ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်စာစောင်များကိုကြည့်ရှု၍ ဝန်ထမ်းများက “သတင်းစကား”လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဆောင်းဦး(ပြန်/ဆက်)**

# ပုံပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**တာချီလိတ် ဇွန် ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုအဖြစ် ပုံပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါဦးစီးဌာနရှိ Community Centre ၌ ပြုလုပ်သည်။

ရှေးဦးစွာ အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးလှဌေးက ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်လာမည့် ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များကို သိရှိရှောင်ရှားနိုင်စေရန်၊ လူအများကြားတွင် ပြောရဲဆိုရဲတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ပြီး အတွေးအခေါ် တိုးတက်မြင့်မားလာစေရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ မူလတန်းအဆင့် ပုံပြောပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ခုနစ်ဦးနှင့် ပန်းချီပြိုင်ပွဲတွင် ၁၂ ဦး၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ၁၂ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၁ ဦးတို့က ပါဝင်ယှဉ်ပြိုင်ပြီးနောက် ဆုရကျောင်းသား ကျောင်းသူများအား မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာများ၊ မြို့နယ် ပန်းချီပညာရှင်များနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## မနက်ဖြန် နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

## သတင်းအတိုအထွာ (၂၄-၆-၂၀၁၈)

### မြစိမ်းရောင် စီမံကိန်းချေးငွေ ထုတ်ချေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးယုနိုင်လင်း ဦးဆောင်သော ဝန်ထမ်းများအဖွဲ့သည် ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာဖြစ်သည့် ငဖဲမြို့နယ် ကံသာကျေးရွာသို့ သွားရောက်ပြီး ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေး မြစိမ်းရောင်စီမံကိန်း အရင်းမပျောက် လည်ပတ်မတည်ရန်ပုံငွေ ထုတ်ချေးပေးနိုင်ရန်နှင့် စီမံကိန်း လုပ်ငန်းများအကြောင်း ကွင်းဆင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ငဖဲမြို့နယ် ကံသာကျေးရွာသည် ယခုနှစ် ပထမခြောက်လပတ်တွင် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာအဖြစ် ရွေးချယ်ခြင်းခံထားရသော ကျေးရွာတစ်ရွာဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

### မြန်မာ့ဂီတနေ့ကို ကြိုဆိုဂုဏ်ပြု

ဇွန် ၂၇ ရက်တွင်ကျရောက်မည့် မြန်မာ့ဂီတနေ့ကို ကြိုဆိုဂုဏ်ပြု၍ မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌကပေးပို့သော သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဇွန် ၂၄ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးတင်ဦးလေးကပေးပို့သော မြန်မာ့ဂီတနေ့ သဝဏ်လွှာအား(ဗဟို)ပြန်ကြားရေးမှူး ဦးစိုးထွဋ်ခိုင်က ဖတ်ကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်နှင့် မြို့နယ်ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးမြတ်ကျော်သူတို့က အမှာစကား ပြောကြားကြသည်။ **ကိုကြီးစိုး(ဆိပ်ကမ်း)**

### စပါးရိတ်သိမ်းခြွေလှေ့စက်နှင့် ထွန်စက်များအသုံးပြုပုံ သရုပ်ပြ

တောင်သူလယ်သမားများ စိုက်ပျိုးနေသည့် ရာသီသီးနှံအမျိုးမျိုးကို အချိန်နှင့် တစ်ပြေးညီ ထွန်ယက်ပြီးစီးနိုင်ရန်အတွက် စပါးရိတ်စက်နှင့် ထွန်စက်များ သုံးစွဲပုံနှင့် ပြုပြင်ထိန်းသိမ်းမှုနည်းစနစ်များ လက်တွေ့သရုပ်ပြသ ပညာပေးဆွေးနွေးပွဲကို ဇွန် ၂၄ ရက် နံနက်ပိုင်းက ရေဦးမြို့နယ် ဂြုတ္တုံကျေးရွာ တောင်သူ ဦးမြည်မြင့်၏ လယ်မြေ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွေးနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်တို့က အဆင့်မြင့်လယ်ယာမြေဧကဖော်ထုတ်နိုင်ရေး၊ သီးနှံများအထွက်နှုန်းကောင်းမွန်ကာ အရည်အသွေးပြည့်မီစေရန် ခေတ်မီနည်းစနစ်များ အသုံးပြုစိုက်ပျိုးရေးတို့ကို အလေးထား မှာကြားသည်။ **သန်းထိုက်(ရေဦး)**

### အားကစားလှုပ်ရှားမှု အမျိုးသမီးများ ပါဝင်ဆင်နွှဲ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် Unity and Healthy Fitness၊ MEGA We care ဆေးကုမ္ပဏီမှ Maxx Omegas တို့ပူးပေါင်း၍ ဇွန်းဘားအားကစားလှုပ်ရှားမှုကို အောင်ဆန်းသူရိယအေးချို အားကစားခန်းမ၌ ယနေ့ကျင်းပသည်။

ထို့နောက် ဇွန်းဘားအားကစားကို Unity and Healthy Fitness မှ အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မမနှင်းနှင့်အဖွဲ့တို့က အသက် ၃၅ နှစ်အထက် အမျိုးသမီး ၁၀၀ အား တေးသွားအလှအကများဖြင့် အကများ သင်ကြားပေးကာ ကိုယ်လက်လှုပ်ရှားအားကစားလုပ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သည့်ဘဝကို ပိုင်ဆိုင်ခြင်း၊ ခန္ဓာကိုယ်မှ အဆီများလျော့ကျစေခြင်း အကျိုးကျေးဇူးများရရှိလာပြီး ကျန်းမာကြံ့ခိုင်သော အမျိုးသမီးများဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကိုယ်လက်လှုပ်ရှား ဆေးတစ်ပါးအားကစားတစ်ရပ် လှုပ်ရှားမှုကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

### မိုးညှင်းမြို့တွင် ကြက်ခြေနီတပ်ဖွဲ့ ကတိသစ္စာခံယူပွဲ ကျင်းပ

**မိုးညှင်း ဇွန် ၂၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စိမ်းလဲ့ရတနာခန်းမ၌ ယနေ့ နံနက် ၁၁ နာရီတွင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ တပ်အပ်ပွဲနှင့် ကတိသစ္စာခံယူပွဲအခမ်းအနားကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူးချုပ်၊ ကချင်ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဂဲနက်စ်က အမှာစကား ပြောကြားသည်။

ထို့နောက် မိုးညှင်းမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ဒေါ်ဝသုန်ထွန်း ဦးဆောင်ပြီး တက်ရောက်လာကြသော မြို့နယ်အတွင်းရှိ တပ်ခွဲငါးခွဲမှ တပ်ဖွဲ့ဝင် ၂၁၇ ဦးတို့က မြန်မာနိုင်ငံတော်အလံနှင့် ကြက်ခြေနီအလံအား အလေးပြု၍ ကတိသစ္စာခံယူခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

ကြေးမုံ
ဇွန် ၂၅၊ ၂၀၁၈

# လွှတ်တော်နှင့် သမ္မတရွေးကောက်ပွဲများတွင် တူရကီပြည်သူများ မဲပေးကြပြီ

**အန်ကာရာ ဇွန် ၂၄**

တူရကီနိုင်ငံ၌ လွှတ်တော်ရွေးကောက်ပွဲနှင့် သမ္မတရွေးကောက်ပွဲတို့ကို ဇွန် ၂၄ ရက်တွင် ကျင်းပရာ ပြည်သူများ မဲပေးလျက်ရှိကြကြောင်း၊ လုပ်ပိုင်ခွင့်အာဏာများ ပိုမိုရရှိလာမည့် သမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်ခြင်းမှာ ယခုကျင်းပသော ရွေးကောက်ပွဲ၏ ထူးခြားချက်တစ်ရပ်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

လွန်ခဲ့သည့်နှစ်က ပြုလုပ်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်များအရ သမ္မတသစ်သည် စီမံအုပ်ချုပ်ခွင့်အာဏာ ခိုင်ခိုင်မာမာ ရရှိလာမည်ဖြစ်သည်။ လက်ရှိ ပါလီမန်စနစ်အရမူ သမ္မတ၏ အခန်းကဏ္ဍမှာ အဆောင်အယောင်ရာထူးမျှသာဖြစ်သည်။

တူရကီနိုင်ငံ၏ လက်ရှိနိုင်ငံရေးစနစ်အရ ဝန်ကြီးအဖွဲ့နှင့် လွှတ်တော်တို့မှာ စီမံအုပ်ချုပ်ခွင့်အာဏာများနှင့် ဥပဒေပြုရေးအာဏာများ အခိုင်အမာရရှိထားပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ချက်များအရ ယင်းအာဏာများကို လျှော့ချပေးနိုင်မည်ဖြစ်သည်။

တူရကီနိုင်ငံ၏ လွှတ်တော်ရွေးကောက်ပွဲကို ကနဦးတွင် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပရန် စီစဉ်ခဲ့သော်လည်း လွှတ်တော်ရွေးကောက်ပွဲကို တစ်နှစ်ကျော်မျှစော၍ ခေါ်ယူရန် ဧပြီလအတွင်း ဆုံးဖြတ်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် သမ္မတ ရေစစ်တေယစ်အာဒိုဒန် အစိုးရအဖွဲ့အား ဖြုတ်ချနိုင်ရန် ရည်ရွယ်သည့် အာဏာသိမ်းပွဲ ဖြစ်ပွားခဲ့ချိန်မှစ၍ တူရကီနိုင်ငံတွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ထားပြီး အရေးပေါ်အခြေအနေ မရုပ်သိမ်းဘဲရှိနေဆဲမှာပင် ရွေးကောက်ပွဲကျင်းပခြင်းဖြစ်သည်။

ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူ လက်ရှိသမ္မတ အာဂိုဒန်သည် အသက်(၆၄)နှစ်ရှိပြီး ပြည်သူ့မဟာမိတ်အဖွဲ့၏ ခေါင်းဆောင်ဖြစ်သည်။ အာဂိုဂန်သည် ဝန်ကြီးချုပ်ရာထူးနှင့် သမ္မတရာထူးတို့တွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး အာဏာရရှိမှုမှာ ၁၅ နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ အာဂိုဒန်သည် အာဏာရရှိစဉ်ကာလအတွင်း ရွေးကောက်ပွဲတိုင်းတွင် အနိုင်ရရှိခဲ့သော်လည်း နိုင်ငံတော်စီးပွားရေးကျဆင်းနေချိန် အတိုက်အခံများ အင်အားကောင်းလာမှုနှင့် ရင်ဆိုင်နေသူဖြစ်သည်။ ဒုတိယမြောက်သမ္မတရာထူးသက်တမ်းတွင် ဆက်လက်စိုးစံနိုင်ရေးအတွက် ကြိုးပမ်းနေသူ အာဒိုဒန်၏ အဓိကပြိုင်ဘက်မှာ တူရကီနိုင်ငံ၏ အဓိက အတိုက်အခံပါတီဖြစ်သော စီအိပ်ချ်ပီ ပါတီ(ရီပတ်ဘလီကန်ပြည်သူ့ပါတီ)၏ သမ္မတလောင်း မူဟာရစ် အင်ဆေးဖြစ်သည်။ **အေအက်ဖ်ပီ**





# အီသီယိုပီးယားဝန်ကြီးချုပ် တက်ရောက်သော နိုင်ငံရေးလူထုစည်းဝေးပွဲ၌ ဗုံးပေါက်ကွဲ

**ကုလသမဂ္ဂ ဇွန် ၂၄**

အီသီယိုပီးယားနိုင်ငံ ဝန်ကြီးချုပ် အဘီအာမက်တက်ရောက်သော နိုင်ငံရေးလူထုစည်းဝေးပွဲကို ပစ်မှတ်ထားကာ ဗုံးခွဲတိုက်ခိုက်မှုနှင့် ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်သော်နီယို ဂူတဲရက်ရှ်က ပြစ်တင်ရှုတ်ချလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အီသီယိုပီးယားနိုင်ငံ မြို့တော် အဒစ်အဘာဘာမြို့၌ ဇွန် ၂၃ ရက်က နိုင်ငံရေး လူထုစည်းဝေးပွဲ ကျင်းပနေချိန်အတွင်း ရဲတပ်ဖွဲ့ယူနီဖောင်း ဝတ်ဆင်ထားသူတစ်ဦးက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်တိုက်ခိုက်ခဲ့သည့် ဖြစ်ရပ်ပေါ်ပေါက်ခဲ့သည်။ ဝန်ကြီးချုပ် အာမက်သည် လူထုစည်းဝေးပွဲတွင် မိန့်ခွန်းပြောကြားမှု စတင်ခဲ့ပြီးနောက် မကြာမီအချိန်တွင် ယင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။

ဗုံးပေါက်ကွဲမှုကြောင့် လူအများ ထိတ်ထိတ်လန့်လန့်ဖြင့် ထွက်ပြေးကြရာတွင် လူပြိုမှု ဖြစ်ပွားခဲ့ရာမှ လူတစ်ဦးထက်မနည်း သေဆုံးပြီး လူပေါင်း ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့ကြရကြောင်း ဒေသဆိုင်ရာ သတင်းများတွင် ဖော်ပြသည်။

နိုင်ငံရေး လူထုစည်းဝေးပွဲ ကျင်းပချိန်အတွင်း လူပြိုမှုဖြစ်ပွားသော်လည်း ဝန်ကြီးချုပ်အာမက်မှာ ထိခိုက်မှုမရှိပေ။ အာမက်သည် ဧပြီ ၂ ရက်မှစ၍ ဝန်ကြီးချုပ် ရာထူးတွင် စတင် တာဝန်ထမ်းရွက်ခဲ့သူဖြစ်သည်။ **ဆင်ဟွာ**

## အာဂျင်တီးနားနိုင်ငံတွင် ကမ္ဘာ့ဖလားဆု ရုပ်တုများအတွင်း၌ မူးယစ်ဆေးဝါးများ တွေ့ရှိ

**ဗျူနိုအေရီ ဇွန် ၂၄**

အာဂျင်တီးနားနိုင်ငံတွင် ကမ္ဘာ့ဖလားဆု အသွင်တူရုပ်တုကလေးများအတွင်း၌ ကိုကိန်းနှင့် အခြားမူးယစ်ဆေးဝါးများ တရားမဝင်သယ်ဆောင်လာသော လူတစ်စုအား ဖမ်းဆီးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါပစ္စည်းများကို သယ်ဆောင်လာသော အဖွဲ့တွင် အမျိုးသမီးနှင့် အမျိုးသား ခြောက်ဦးခန့် ပါဝင်ကြောင်း ဗျူနိုအေရီမြို့တော် အာဏာပိုင်များက ဆိုသည်။

၎င်းတို့ သယ်ဆောင်လာသော ကမ္ဘာ့ဖလားဆုပုံတူ ရုပ်တုများအတွင်း၌ ကိုကိန်း ၁၀ ကီလိုဂရမ်နှင့် ဆေးခြောက် ၂၀ ကီလိုဂရမ်ခန့်ကို တွေ့ရှိခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ကိုလံဘီယာနိုင်ငံမြို့တော် ဘိုဂိုတာတွင် ကမ္ဘာ့ဖလားဘောလုံးအားကစားဝတ်စုံအတုများအတွင်း ကိုကိန်း ၅ ကီလိုဂရမ်ကို တွေ့ရှိခဲ့ကြောင်း လေဆိပ်အာဏာပိုင်များက ဆိုသည်။ ယင်းဝတ်စုံများ၏ အတွင်းအိတ်ကပ်များ၌ ကိုကိန်းများကို တွေ့ရှိခဲ့ရသည်။

ယခင် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင်လည်း မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်သူများသည် ယခုနည်းလမ်းများ အသုံးပြုကာ မူးယစ်ဆေးဝါးများကို သယ်ဆောင်ခဲ့နိုင်ဖွယ်ရှိကြောင်း အာဏာပိုင်များက ဆိုသည်။ **အင်န်အိတ်ချ်ကေ**



# နိုင်ငံအတွင်းသို့ တရားမဝင် ဝင်လာသူများကို ထိန်းသိမ်းထားရန် အမေရိကန်ရေတပ်က စခန်းများ တည်ဆောက်သွားမည်ဆို

**ဝါရှင်တန် ဇွန် ၂၄**

သိန်းနှင့်ချီသော တရားမဝင် ရွှေ့ပြောင်းဝင်ရောက်လာသူများအား ယာယီထိန်းသိမ်းထားနိုင်ရေးအတွက် ဝေးလံသီခေါင်သော စစ်စခန်းများတည်ရာ နေရာဒေသများ၌ စခန်းများ တည်ဆောက်သွားရန် အမေရိကန်ရေတပ်က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တိုင်းမ်စ်သတင်းမဂ္ဂဇင်းက ရရှိသော ရုံးတွင်းမှတ်စုတွင် ဖော်ပြထားသည်ဟု အေအက်ဖ်ပီ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဥပဒေမဲ့ ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူများအပေါ် လုံးဝ စာနာထောက်ထားမှု မပြုဟူသော သမ္မတဒေါ်နယ်ထရန့်၏ မူဝါဒ ရပ်တည်ချက်နှင့်အညီ ဝေးလံခေါင်သီသော ရေတပ်စခန်းများတည်ရှိရာ နယ်မြေဒေသများ၌ ယာယီထိန်းသိမ်းရေးစခန်းများကို အမေရိကန်ရေတပ်က တည်ဆောက်သွားမည်ဟု ဖော်ပြထားကြောင်း အဆိုပါ ရုံးတွင်းမှတ်စုအရ သိရှိရသည်ဆို၏။

အမေရိကန်ပြည်ထောင်စု အယ်လ်ဘားမားပြည်နယ်ရှိ လေယာဉ်ကွင်းဟောင်းများ တည်ရာ နယ်မြေ၌ ရွှေ့ပြောင်းလာသူ လူပေါင်း ၂၅၀၀၀ အတွက်လည်းကောင်း၊ ဆန်ဖရန်စစ္စကိုမြို့အနီးရှိ စခန်းတစ်နေရာတွင် လူပေါင်း ၄၇၀၀၀ အတွက် လည်းကောင်း၊ ကာလီဖိုးနီးယားပြည်နယ်တောင်ပိုင်းရှိ စစ်ရေးလေ့ကျင့်ရေးစခန်းတည်ရာ နယ်မြေတွင် လူပေါင်း ၄၇၀၀၀ အတွက်လည်းကောင်း ယာယီထိန်းသိမ်းထားနိုင်မည့် ရွက်ဖျင်တဲမြို့များကို တည်ဆောက်သွားမည်ဆို၏။

လူပေါင်း ၂၅၀၀၀ ဆံ့ စခန်းတစ်ခုကို ခြောက်လကြာမျှ ဖွင့်လှစ်နိုင်ရေးအတွက် အမေရိကန်ရေတပ်က ဒေါ်လာ ၂၃၃ သန်း ကျခံသုံးစွဲရမည်ဟု ခန့်မှန်းကြောင်း အဆိုပါ ရုံးတွင်းမှတ်စုတွင် ဖော်ပြထားသည်။

အရွယ်ရောက်ပြီးသော ရွှေ့ပြောင်းအခြေစိုက်သူများအား ထိန်းသိမ်းထားနိုင်ရေးအတွက် အမိမြေလုံခြုံရေးဌာနက မိမိတို့၏ ဌာနကို နေရာထိုင်ခင်း စီစဉ်ပေးရန် အကူအညီတောင်းခံလာပါက အကူအညီပေးမည်ဖြစ်ကြောင်း ပင်တဂွန် (ကာကွယ်ရေးဌာန) ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဂျမီဒေးဗစ်က အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။ သို့ရာတွင် ဥပဒေမဲ့ ခိုးဝင်လာသူများအား ထိန်းသိမ်းနိုင်ရေးအတွက် နေရာထိုင်ခင်း အကူအညီပေးရန် အမိမြေလုံခြုံရေးဌာနက ကာကွယ်ရေးဌာနထံ တောင်းဆိုလာခြင်း မရှိသေးကြောင်း ၎င်းက ပြောကြားသည်။ **အေအက်ဖ်ပီ**

## ကမ္ဘာ့ဖလားအားကစားသတင်းများ

# ကမ္ဘာ့ဖလားချန်ပီယံဆုကို ကာကွယ်ရန် ဂျာမနီအသင်း မျှော်လင့်ချက်ပြန်လည်ရှင်သန်လာ

ဂျာမနီအသင်းသည် ဆွီဒင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စုအဆင့်ဒုတိယပွဲစဉ်တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ကမ္ဘာ့ဖလားချန်ပီယံဆုကို ကာကွယ်ရန် မျှော်လင့်ချက်ပြန်လည်ရှင်သန်လာခဲ့ပြီဖြစ်သည်။

ဂျာမနီအသင်းနှင့် ဆွီဒင်အသင်းတို့၏ ပွဲစဉ်တွင် ဆွီဒင်အသင်းသည် ပွဲကစားချိန် ၃၂ မိနစ်တွင် တိုအီဗိုနန်၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့သော်လည်း ဂျာမနီအသင်းက ပွဲကစားချိန် ၄၈ မိနစ်တွင် မာကိုရူးစ်၏ သွင်းဂိုးဖြင့် ချေပဂိုးပြန်လည်ရရှိခဲ့သည်။ထို့နောက် ဂျာမနီအသင်းအတွက် အနိုင်ဂိုးကို နာကျင်အချိန်ပိုတွင် တိုနီခရုစ်က သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါပွဲစဉ်တွင် ဂျာမနီနောက်ခံလူ ဘိုတန်မှာ ပွဲကစားချိန် ၈၂ မိနစ်တွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

လက်ရှိအုပ်စု(F)တွင် မက္ကဆီကိုအသင်းမှာ နှစ်ပွဲနိုင်ထားခြင်းကြောင့် ရမှတ်ခြောက်မှတ်ရရှိထားကာ အုပ်စုတွင် ထိပ်ဆုံး၌ ရပ်တည်လျက်ရှိပြီး နောက်တစ်ဆင့်တက်လှမ်းရန် သေချာသွားခဲ့ပြီဖြစ်သည်။

ဂျာမနီအသင်းမှာ အုပ်စုအဆင့်အဖွင့်ပွဲစဉ်တွင် မက္ကဆီကိုအသင်းကို ရှုံးနိမ့်ခဲ့ပြီး ယခုတစ်ပွဲနိုင်ခဲ့ခြင်းကြောင့်သာ သုံးမှတ်ရရှိခဲ့ခြင်းဖြစ်သည်။ ဂျာမနီအသင်းသည် ကမ္ဘာ့ဖလားလက်ရှိချန်ပီယံဖြစ်ပြီး ဆွီဒင်အသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် ကမ္ဘာ့ဖလားချန်ပီယံဆုကို ကာကွယ်ရန် မျှော်လင့်ချက်ပြန်လည်ရှင်သန်လာခဲ့ပြီဖြစ်သည်။

ဂျာမနီအသင်းသည် အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်တွင် တောင်ကိုရီးယားအသင်းနှင့် ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ် နိုင်ပွဲရရှိခဲ့ပါက နောက်တစ်ဆင့်တက်လှမ်းနိုင်မည့် အခွင့်အလမ်းတစ်ရပ်ရရှိနိုင်မည်ဖြစ်သည်။ သို့ရာတွင် ဆွီဒင်အသင်းမှာ မက္ကဆီကိုအသင်းနှင့် ကစားရန်ကျန်ရှိနေပြီး မက္ကဆီကိုနိုင်ပွဲရရှိကာ တစ်ဖက်က ဂျာမနီနိုင်ပွဲရရှိပါက မက္ကဆီကိုနှင့် ဂျာမနီတို့တက်လှမ်းမည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ ဆွီဒင်အသင်းကသာ မက္ကဆီကိုအသင်းကို ဂိုးပြတ်နိုင်ပွဲရရှိမည်ဆိုပါက ဆွီဒင်အတွက်လည်း နောက်တစ်ဆင့်မျှော်လင့်နိုင်သည့်အခြေအနေဖြစ်သည်။ ထို့ကြောင့် ဂျာမနီနှင့် ဆွီဒင်နှစ်သင်းအနက် မည်သည့်အသင်း နောက်တစ်ဆင့်တက်မလဲဆိုသည်မှာ စိတ်ဝင်စားစရာကောင်းနေခဲ့သည်။

ငွေကြယ် - ရေးသားသည်



# ရုရှားနဲ့ ဥရုဂွေး အုပ်စုပထမနေရာလုမယ့် အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်များ

**ယနေ့ ကစားမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့အုပ်စုအဆင့်ပွဲစဉ်တွေကတော့ နောက်ဆုံးပွဲစဉ်တွေကို ရောက်ရှိလို့လာခဲ့ပါပြီ။ ဒီညမှာ အိမ်ရှင်ရုရှားအသင်းနဲ့ ဥရုဂွေးအသင်းတို့အတွက် အုပ်စုပထမနေရာကို လုရမယ့်ပွဲစဉ်ပါဝင်နေသလို အုပ်စု(B)မှာလည်း နောက်တစ်ဆင့်တက်ဖို့အကြိတ်အနယ်ကစားရမယ့် ပေါ်တူဂီအသင်းနဲ့ အီရန်အသင်းတို့ရဲ့ ပွဲစဉ်လည်းပါဝင်လို့နေပါတယ်။**

**ဆော်ဒီအာရေဗျ-အီဂျစ်** **ည ၈း၃၀ နာရီ၊ ၂၅-၆-၂၀၁၈**

ဒီနှစ်သင်းရဲ့ထိပ်တိုက်တွေ့ဆုံမှုကတော့ စိတ်ဝင်စားစရာမကောင်းတော့ပါဘူး။ ဘာလို့လဲဆိုရင် အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်မကစားရသေးခင်မှာ ရမှတ်တစ်မှတ်မှ ရထားခြင်းမရှိဘဲ နောက်တစ်ဆင့်တက်လှမ်းဖို့အခွင့်အလမ်းက လုံးဝမရှိတော့လို့ပါဘဲ။ ဆော်ဒီအာရေဗျအသင်းဟာ အရင်နှစ်ပွဲမှာ အိမ်ရှင်ရုရှားကို ငါးဂိုးပြတ်နဲ့ ရှုံးခဲ့ရသလို ဥရုဂွေးအသင်းကိုလည်း တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ရတာပါ။ ဒီအုပ်စုမှာလည်း ရလဒ်ပိုင်းရော ခြေစွမ်းပိုင်းပါ အဆိုးရွားဆုံးအသင်းလို့လည်း ဆိုရမှာပါ။ အီဂျစ်အသင်းကတော့ ကောင်းရှုံးလို့ဆိုရမှာပါ။ ဒီနှစ်သင်းစလုံးဟာ ကမ္ဘာ့ဖလားကို အုပ်စုအဆင့်ကနေ လက်ပြနှုတ်ဆက်သွားကြရမှာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီနှစ်သင်းတွေ့ဆုံမှုက နောက်တစ်ဆင့်အတွက်မျှော်လင့်မရတော့လို့ ဂုဏ်သိက္ခာပိုင်းအရပဲ ယှဉ်ပြိုင်ရမှာဖြစ်လို့ အီဂျစ်အသင်းက အသာစီးရယူသွားနိုင်ပါတယ်။

**ဥရုဂွေး-ရုရှား** **ည ၈း၃၀ နာရီ၊ ၂၅-၆-၂၀၁၈**

ဒီအုပ်စုမှာ နှစ်ပွဲကစားအပြီး ရမှတ် ခြောက်မှတ်စီကိုင်ထားပြီး နောက်တစ်ဆင့်တက်ဖို့အခွင့်အရေးက အခုပွဲစဉ်မကစားစဉ်ကတည်းက အဖြေကထွက်ခဲ့ပြီးသားပါ။ ဒါပေမယ့် ဒီနှစ်သင်းဟာ နောက်တစ်ဆင့်ကို တက်လှမ်းနိုင်ဖို့အတွက် သေချာခဲ့ပေမယ့် ၁၆ သင်းအဆင့်ကို ဘယ်အသင်းက အုပ်စုပထမနဲ့ တက်လှမ်းသွားမလဲဆိုတာက ဒီပွဲစဉ်ရလဒ်ရဲ့ အဆုံးအဖြတ်ပဲဖြစ်ပါတယ်။ ဥရုဂွေးအသင်းမှာ ဆွာရတ်ဇ်၊ ကာဗာနီနဲ့ ဒီယေဂိုဂိုဒင်တို့လို ဝါရင့်ကစားသမားတွေရှိနေတဲ့အပြင် အသင်းလိုက်စုဖွဲ့မှုလည်း အားကောင်းနေပါတယ်။ ရုရှားအသင်းကတော့ အုပ်စုအဆင့် နှစ်ပွဲကစားအပြီးမှာ ရှစ်ဂိုးအထိသွင်းယူထားနိုင်တဲ့ခြေစွမ်းက လက်ရှိမှာ ရှစ်ဂိုးအထိသွင်းယူထားတဲ့ ဘယ်လ်ဂျီယံအသင်းရဲ့ သွင်းဂိုးနဲ့ တူညီနေပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဂိုးရမယ်ဆိုရင် ကြုံသလိုအနေအထားကနေ ဂိုးရအောင်သွင်းယူနိုင်တာကြောင့် အိမ်ရှင်ရုရှားရဲ့ နိုင်ခြေရာနှုန်းက ပိုများပါလိမ့်မယ်။

**အီရန်-ပေါ်တူဂီ** **နံနက် ၀၀း၃၀ နာရီ၊ ၂၆-၆-၂၀၁၈**

ဒီနေ့ညပိုင်းကစားမယ့်ပွဲတွေထဲမှာ ပရိသတ်စိတ်ဝင်စားမှုအကောင်းဆုံးပွဲစဉ်လို့ဆိုရမှာပါ။ ဘာလို့လဲဆိုရင် နှစ်ပွဲစီကစားအပြီးမှာ အီရန်က ရမှတ်သုံးမှတ်၊ ပေါ်တူဂီက ရမှတ်လေးမှတ်ရရှိထားကြတာဖြစ်ပြီး ဒီအုပ်စုမှာ ရမှတ်လေးမှတ်နဲ့ စပိန်အသင်းက ထိပ်ဆုံးမှာရပ်တည်နေပါတယ်။ ဒီနှစ်သင်းထဲက တစ်သင်းကတော့ အုပ်စုအဆင့်မှာပဲ ကျန်ခဲ့ဖို့များနေပါတယ်။ အီရန်အသင်းက အသင်းလိုက်စုဖွဲ့မှု အားကောင်းတဲ့အသင်းဖြစ်ပြီး ပေါ်တူဂီအသင်းကတော့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ ခြေစွမ်းတွေကြောင့်သာ အခုလိုရလဒ်တွေထွက်ပေါ်လာတာဖြစ်ပါတယ်။ ဒီနှစ်သင်းဟာ ၂၀၀၆ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ တစ်အုပ်စုတည်းကျရောက်ခဲ့ဖူးပြီး အဲဒီမှာတော့ ပေါ်တူဂီအသင်းက စီရိုနယ်လ်ဒိုနဲ့ ဒီကိုတို့ရဲ့သွင်းဂိုးနှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ ပေါ်တူဂီအသင်းက သရေတစ်မှတ်ရရုံနဲ့ နောက်တစ်ဆင့်တက်မှာဖြစ်တာကြောင့် ပေါ်တူဂီအသင်းက အနိမ့်ဆုံးသရေထားပြီး ကစားဖို့ရှိနေပါတယ်။

**စပိန်-မော်ရိုကို** **နံနက် ၀၀း၃၀ နာရီ၊ ၂၆-၆-၂၀၁၈**

စပိန်အသင်းကတော့ နောက်တစ်ဆင့်တက်လှမ်းဖို့ အခြေအနေကောင်းနေပြီး မော်ရိုကိုအသင်းကတော့ အုပ်စုအဆင့်ကနေ ထွက်ခွာဖို့နီးစပ်နေပြီဖြစ်ပါတယ်။ စပိန်အသင်းက လက်ရှိမှာ လေးမှတ်ရထားပြီး ကစားသမားစုဖွဲ့မှုကောင်းတာမို့ မော်ရိုကိုအသင်းကို အသာစီးရယူပြီး ကစားသွားဖို့ရှိနေပါတယ်။ စပိန်ဟာ နောက်ဆုံးငါးပွဲကစားထားရာမှာလည်း သုံးပွဲနိုင်၊ နှစ်ပွဲ သရေရလဒ်ထွက်ပေါ်ထားပြီး ရှုံးပွဲမရှိကစားထားနိုင်တာကိုလည်း တွေ့ရမှာပါ။ မော်ရိုကိုအသင်းကတော့ နောက်ဆုံးငါးပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲရှုံးထားပါတယ်။ ဒီယေဂိုကော်စတာ၊ အစ္စကို၊ ဆေးလ်ဗား၊ အင်နီယေစတာတို့လို ကစားသမားကောင်းတွေရှိနေတာမို့ ဒီပွဲစဉ်မှာ မော်ရိုကိုအသင်းကို အနိုင်ကစားပြီး စပိန်အသင်းက နောက်တစ်ဆင့်တက်သွားဖို့ရှိနေပါတယ်။

# တိုက်စစ်မှူး ဟာနန်ဒက်ဇ် မက္ကဆီကိုအတွက် ဂိုး ၅၀ ပြည့် သွင်းယူ

မက္ကဆီကိုတိုက်စစ်မှူး ဟာနန်ဒက်ဇ်သည် တောင်ကိုရီးယားအသင်းနှင့် မက္ကဆီကိုအသင်းတို့ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စုအဆင့်ဒုတိယပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် မက္ကဆီကိုအသင်းနှင့်အတူ သွင်းဂိုး ၅၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

တိုက်စစ်မှူး ဟာနန်ဒက်ဇ်သည် ကမ္ဘာ့ဖလားသွင်းဂိုးလေးဂိုးအထိရှိလာခဲ့ပြီး မက္ကဆီကို အသင်းနှင့်အတူ ဂိုး ၅၀ ပြည့်မြောက်ခဲ့ခြင်းမှာ မက္ကဆီကိုအသင်း၏ သမိုင်းတွင် ပထမဆုံးသောကစားသမားလည်းဖြစ်လာခဲ့သည်။ ဟာနန်ဒက်ဇ်သည် မတူညီသည့်ကမ္ဘာ့ဖလားပြိုင်ပွဲသုံးခုတွင် ဂိုးသွင်းယူနိုင်ခဲ့သည့် တတိယမြောက်ကစားသမားဖြစ်လာခဲ့ပြီး ၂၀၁၀၊ ၂၀၁၄ နှင့် ၂၀၁၈ တို့တွင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဘလန်ကို(၁၉၉၈၊ ၂၀၀၂၊ ၂၀၁၀)နှင့် မာကွက်ဇ်(၂၀၀၆၊ ၂၀၁၀၊ ၂၀၁၄) တို့က မတူညီသည့်ကမ္ဘာ့ဖလားပြိုင်ပွဲသုံးခုတွင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မက္ကဆီကိုအသင်းမှာ နိုင်ပွဲနှစ်ပွဲရရှိထားကာ ရမှတ်ခြောက်မှတ်ရရှိထားခြင်းကြောင့် နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းနေသည့်အသင်းဖြစ်သည်။

# အင်္ဂလန်အသင်းက ပနားမားအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ

အင်္ဂလန်အသင်းနှင့် ပနားမားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စုအဆင့်ဒုတိယပွဲစဉ်တွင် အင်္ဂလန်အသင်းက ပနားမားအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲစဉ်တွင် အင်္ဂလန်အသင်းအတွက်သွင်းဂိုးများကို ပွဲကစားချိန် ၈ မိနစ်နှင့် မိနစ် ၄၀ တွင် ဂျွန်စတုန်းကနှစ်ဂိုး၊ ပွဲကစားချိန် ၂၂ မိနစ်၊ ၄၅ မိနစ်နှင့် ၆၂ မိနစ်တွင် ဟယ်ရီကိန်းက သုံးဂိုးနှင့် ပွဲကစားချိန် ၃၆ မိနစ်တွင် လင်းဂတ်က တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ပနားမားအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုမူ ပွဲကစားချိန် ၇၈ မိနစ်တွင် ဘာလွိုင်းက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ယင်းဂိုးမှာ ကမ္ဘာ့ဖလားကို ပထမဆုံးစတင်ကစားခွင့်ရတဲ့ ပနားမားအသင်းအတွက် ကမ္ဘာ့ဖလားပထမဆုံးသွင်းဂိုးလည်းဖြစ်လာခဲ့သည်။

အင်္ဂလန်အသင်းနှင့် ပနားမားအသင်းတို့၏ ပွဲစဉ်တွင် အင်္ဂလန်အသင်းမှာ ပင်နယ်တီနှစ်ဂိုးရရှိခဲ့ပြီး ယင်းသွင်းဂိုးနှစ်ဂိုးစလုံးကို တိုက်စစ်မှူး ဟယ်ရီကိန်းက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူး ဟယ်ရီကိန်းသည် ယခုပွဲစဉ်တွင် ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့ခြင်းကြောင့် လက်ရှိကမ္ဘာ့ဖလားတွင် စုစုပေါင်းသွင်းဂိုးငါးဂိုးအထိသွင်းယူထားနိုင်ခဲ့ပြီး သွင်းဂိုးလေးဂိုးစီသွင်းယူထားသည့် ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုနှင့် ဘယ်လ်ဂျီယံတိုက်စစ်မှူး လူကာကူတို့ကို ကျော်ဖြတ်ထားနိုင်ခဲ့သည်။ ထို့ကြောင့် အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းမှာ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရွှေဖိနပ်ဆုရရှိလိမ့်မည်ဟု ရေပန်းစားလာခဲ့သည်။ အင်္ဂလန်အသင်းသည် ပနားမားကို ခြောက်ဂိုး-တစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့ခြင်းမှာ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတွင် အင်္ဂလန်အသင်းအတွက် အကြီးမားဆုံးနိုင်ပွဲဖြစ်လာခဲ့သည်။

အင်္ဂလန်အသင်းသည် လက်ရှိတွင် နှစ်ပွဲအနိုင်ရရှိထားခဲ့ခြင်းကြောင့် ရမှတ်ခြောက်မှတ်ရရှိထားကာ ဘယ်လ်ဂျီယံအသင်းနှင့် ရမှတ်တူဂိုးကွာခြားချက်ဖြင့် အုပ်စု(G)တွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။ အုပ်စု(G)တွင် အင်္ဂလန်အသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ နောက်တစ်ဆင့်တက်ရန် သေချာသွားခဲ့ပြီဖြစ်သော်လည်း အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်တွင် အင်္ဂလန်အသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေပြီး ယင်းပွဲစဉ်ပြီးမှသာ အုပ်စုပထမဖြင့် နောက်တစ်ဆင့်တက်မည့်အသင်းကို သိရှိရမည်ဖြစ်သည်။

အင်္ဂလန်အသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့၏ အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်ကို ဇွန် ၂၈ ရက်တွင်လည်းကောင်း၊ ယင်းအုပ်စုမှ ရမှတ်မရသေးသည့် ပနားမားအသင်းနှင့် တူနီးရှားအသင်းတို့ပွဲစဉ်ကို ဇွန် ၂၈ ရက်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

| ကမ္ဘာ့ဖလားပွဲစဉ်များ |
| --- |
| ၂၅-၆-၂၀၁၈၊ ည ၈း၃၀ နာရီ |
| ဆော်ဒီအာရေဗျ - အီဂျစ် |
| ၂၅-၆-၂၀၁၈၊ ည ၈း၃၀ နာရီ |
| ဥရုဂွေး - ရုရှား |
| ၂၆-၆-၂၀၁၈၊ နံနက် ၀၀း၃၀ နာရီ |
| အီရန် - ပေါ်တူဂီ |
| ၂၆-၆-၂၀၁၈၊ နံနက် ၀၀း၃၀ နာရီ |
| စပိန် - မော်ရိုကို |

| ကမ္ဘာ့ဖလားပွဲပြီးရလဒ် |
| --- |
| အင်္ဂလန် ၆ - ၁ ပနားမား |
| ဂျပန် ၂ - ၂ ဆီနီဂေါ |

# ကျိုက်ထိုမြို့နယ် မရမ်းချောင်းကျေးရွာ၌ စေတီတော်တစ်ဆူ မိုးကြိုးခ

**ကျိုက်ထို ဇွန် ၂၄**
ကျိုက်ထိုမြို့နယ်အတွင်း ဇွန် ၂၃ ရက် ညနေပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ည ၈ နာရီခန့်တွင် ကျိုက်ထိုမြို့နယ် မရမ်းချောင်းကျေးရွာ ဘုရားကိုးဆူ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ တည်ထားကိုးကွယ်ထားသော ဉာဏ်တော်အမြင့် ကိုးတောင်ခန့်ရှိ ဖဿစေတီတော်မှာ မိုးကြိုးစက်ကွင်း ထိမှန်၍ စိန်ဖူးတော်မြေခပြီး စေတီတော်အက်ကွဲကာ ဌာပနာတိုက် ပွင့်ထွက်ခဲ့သည်။ ထို့အပြင် ကျောင်းတိုက်နေသီလရှင် ဒေါ်ဝေဠုဝတီ သက်တော်(၆၀) နှစ် ဝါတော်(၂၀)မှာ မိုးကြိုးစက်ကွင်းမိပြီး သတိလစ်လဲကျမှုကြောင့် ဦးခေါင်း နောက်စေ့ အနည်းငယ်ပေါက်ပြဲဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့၍ သိမ်ဇရပ်တိုက်နယ် ဆေးရုံတွင် ဆေးဝါးကုသမှုခံယူလျက်ရှိသည်။

အဆိုပါဖြစ်စဉ်ကြောင့် စေတီတော်အတွင်းမှဌာပနာများကို ကျောင်းထိုင်ဆရာတော် ဦးဝိမလက ထိန်းသိမ်းထားကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

# သမီးအရင်းနှင့် မြေးတို့ကို သတ်ဖြတ်သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

**မော်လမြိုင် ဇွန် ၂၄**
မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကျွဲခြံကုန်းရပ်ကွက် မော်လမြိုင်-မြဝတီကားလမ်းဘေးနေ ဟသ်ာအဝိုင်း စစ်ဆေးရေးဂိတ်အနီး လယ်မြေနေ သမီးအရင်းဖြစ်သူနှင့် မြေးတို့ကို သတ်ဖြတ်ကျူးလွန်ခဲ့မှုဖြင့် ဖမ်းဆီးခံရသည့် ဖခင်ဖြစ်သူ ဦးဂေါ်ပါ(ခ)အပ္ပဒူဂါဖာ (၈၈)နှစ်ကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် အနှစ် ၂၀၊ နောက်ထပ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ်အနှစ် ၂၀ (ပြစ်ဒဏ်များကို သီးခြားစီကျခံစေ)ဟု လည်းကောင်း၊ နူရာမဒင်(ခ)နိုရာမဒင်(၄၂)နှစ်ကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် အနှစ် ၂၀၊ နောက်ထပ် ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၂)အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် အနှစ် ၂၀(ပြစ်ဒဏ်များကို သီးခြားစီကျခံစေ)ဟု လည်းကောင်း၊ လွှမ်းမိုးအောင်(၃၈)နှစ်ကို ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၂)အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် အနှစ် ၂၀၊ နောက်ထပ် ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၂)အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် အနှစ် ၂၀၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀ အရ အလုပ်နှင့် ထောင်ဒဏ်သုံးနှစ် (ပြစ်ဒဏ်များကို သီးခြားစီကျခံစေ)ဟု လည်းကောင်း၊ ဒေါ်ဟာဇရာဘီ ၅၄ နှစ်ကို ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂)/၁၁၄ အရ အလုပ်နှင့် ထောင်ဒဏ်ငါးနှစ်ဟု လည်းကောင်း၊ ဇလာမဒင်(ခ)စိုးမောင်(၆၀)နှစ်ကို ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၂)/၁၀၉ အရ အလုပ်နှင့် ထောင်ဒဏ်သုံးနှစ်နှင့် စံလင်း(ခ)မျိုးမြင့်(၄၅)နှစ်ကို ရာဇသတ်ကြီး ပုဒ်မ ၂၀၂ အရ အလုပ်နှင့် ထောင်ဒဏ်သုံးလဟု လည်းကောင်း ဇွန် ၂၂ ရက်က မွန်ပြည်နယ် မော်လမြိုင်ခရိုင် တရားသူကြီးရုံးက အမိန့်ချမှတ်ခဲ့သည်။

အမှုမှာ ၂၀၁၇ ခုနှစ် ဇူလိုင် ၁၈ ရက်က မော်လမြိုင်မြို့နယ် ကျွဲခြံကုန်းရပ်ကွက် မော်လမြိုင်-မြဝတီကားလမ်းဘေး ဟသ်ာအဝိုင်းအနီး လယ်မြေပေါ်နေ ဒေါ်ဇွန်မီလာဘီ (၅၀)နှစ်၊ သမီး မဇင်မာစိုး(ခ)ဆာဟာဒါ(ခ)စဟလာ(၁၄)နှစ်တို့ကို သတ်ဖြတ်ကျူးလွန်ခဲ့မှုဖြစ်သည်။

ကျူးလွန်တိမ်းရှောင် သွားခဲ့သူများအား မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် အခင်းဖြစ်ပြီး ၂၃ ရက်အတွင်း ပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ်အကူတပ်ဖွဲ့ခွဲမှ ရဲအုပ်ကျော်ဆန်း၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ် ဇော်ဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ ပူးပေါင်းဖော်ထုတ် ဖမ်းဆီးပြီး တရားစွဲဆိုမှုဖြစ်သည်။ အမှုအား သားဖြစ်သူ စိုးဝေ (ခ)အာရစွတ်က တရားလိုပြုလုပ်တိုင်ကြားချက်အရ မြိုင်သာယာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။ **ကျော်သန်း(မော်လမြိုင်)**



## အင်းတော်မြို့နယ်တွင် ကုန်ရထားနှင့် ထော်လာဂျီယာဉ်တိုက်မိ၍ ယာဉ်မောင်းသေဆုံး

**အင်းတော် ဇွန် ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် တရားမဝင်သံလမ်းကူး၌ အမှတ် ၉၃၇ အဆန်ကုန်ရထားနှင့် တရားမဝင်ကျွန်းသစ်ခွဲသားများတင်ဆောင်လာသော ထော်လာဂျီယာဉ်တို့တိုက်မိရာ ယာဉ်မောင်းသူမှာနေရာတွင် သေဆုံးခဲ့ကြောင်း သိရသည် ။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၆ နာရီခန့်က ဆည်ရွာဘူတာနှင့် အင်းတော်ဘူတာကြား မိုင်တိုင်အမှတ် ၅၈၂ တွင် မန္တလေးမှ မြစ်ကြီးနားသို့ စက်ခေါင်းမောင်း ဦးသန်းစိုး၊ ရထားထိန်း ဦးထွန်းထွန်းဝင်းတို့ မောင်းနှင်လာသော အမှတ်၉၃၇ အဆန်ကုန်ရထားသည် ဆည်ရွာဘူတာမှ ထွက်ခွာလာစဉ် နတ်မဟုတ်လေးကျေးရွာဘက်မှ အင်းတော်ဘက်သို့ ယာဉ်မောင်း နေလင်းအောင် မောင်းနှင်လာသော ထော်လာဂျီယာဉ်နှင့် အဆိုပါ တရားမဝင် ဇီးဖြူကျင်းသံလမ်းကူးနေရာတွင် ဖြတ်သန်းမောင်းနှင်စဉ် တိုက်မိရာ ယာဉ်မောင်း နေလင်းအောင် ၃၀ နှစ်သည် ဦးခေါင်းကြေမွဒဏ်ရာ၊ ညာဘက်တင်ပါးပဲ့ထွက်ဒဏ်ရာများဖြင့် နေရာတွင်သေဆုံးခဲ့ကြောင်း၊ အဆိုပါ ယာဉ်တိုက်မှုကြောင့် အမှတ် ၉၃၇ အဆန်ကုန်ရထား ပေါ်ပါရှိသူ တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာမရရှိဘဲ ရထားမှာ ဆက်လက်ထွက်ခွာခဲ့ကြောင်း သိရသည်။

ယာဉ်မဆင်မခြင်မောင်းနှင်သူ နေလင်းအောင်အား အင်းတော်မြို့မ ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝ၅၈**

# မဘိမ်းမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀၀ နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၄**
မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၃ ရက် ညနေ ၃ နာရီခွဲက မဘိမ်းမြို့နယ် ခေါတောကျေးရွာအုပ်စု ဒေသအခေါ် တစ်တောင်ကွေ့ ရွှေမျောဟောင်းလျှိုအတွင်းရှိ ယာယီရွက်ဖျင်တဲကို ရှာဖွေရာ ညီသန်းဝင်းအားတွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀၀ နှင့် ဘိန်းဖြူ



ဆပ်ပြာခွက် ၁၇၂ ခွက် (ဘိန်းဖြူအလေးချိန် ၁ ဒသမ ၇၂ ကီလို)တို့ကို သိမ်းဆည်းရမိခဲ့သည်။ **(အောက်ဓာတ်ပုံ)**

အလားတူ ဇွန် ၂၁ ရက် ည ၉ နာရီခွဲက ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် ကော့လာပလ ကျေးရွာအဝင် တံတားအနီးတွင် နိုင်ကျော်မြင့်(ခ)ညီညီဦး မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀ သိမ်းဆည်းရမိသည်။ ဆက်လက်၍ ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် ဘားအံမြို့နယ် ကော့ဂွန်းကျေးရွာရှိ နိုင်ကျော်မြင့်(ခ)ညီညီဦး၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၉၅ ပြားကို လည်းကောင်း၊ ထို့အတူ ဇွန် ၂၃ ရက် နံနက် ၉ နာရီခန့်က မူးယစ်တပ်ဖွဲ့စု ၂၇ လွိုင်လင်မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် လွိုင်လင်-နမ့်စန်သွားကားလမ်း မြို့နယ်နယ်ခြားမှတ်တိုင်တွင် အောင်မျိုး(ခ)ထွန်းမြတ် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ အိုက်စ် ၁ ဒသမ ၀၀၁၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀၊ ငွေကျပ် ၄၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရေပူစစ်ဆေးရေးအဖွဲ့ တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၄**
ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ဇွန် ၂၃ ရက်က ခရီးသည်တင်ယာဉ်တစ်စီးနှင့် ယာဉ်ငယ်သုံးစီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Car Spare Parts ၄၀၀ ကီလိုဂရမ်အပါအဝင် လျှပ်စစ်ပစ္စည်းသုံးမျိုးနှင့် လူသုံးကုန်ပစ္စည်းရှစ်မျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၅ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန် ၂၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၄၈ စီး၊ သွင်းကုန် ၉၈၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၈ စီး၊ သွင်းကုန် ၁၇၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၃ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၅၂ သန်းခန့်) စုစုပေါင်းတားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ၀၂ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ခိုးမှုပြစ်ချက်ဟောင်းရှိသူများကို ဖမ်းဆီးစစ်ဆေးရာမှ ခိုးမှု ၁၄ မှု ဖော်ထုတ်နိုင်

**ရန်ကုန် ဇွန် ၂၄** - ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက ခိုးမှုပြစ်ချက်ဟောင်းရှိသည့် လှိုင်သာယာမြို့နယ် အမှတ် ၇ ရပ်ကွက်နေ မင်းသိန်းဆန်း(ခ) မင်းမင်း ၂၂ နှစ်နှင့် အမှတ် ၉ ရပ်ကွက်နေ အာကာကျော် ၁၉ နှစ်တို့ကို ဖမ်းဆီးစစ်ဆေးရာမှ ဖုန်းခိုးမှု ၁၄ မှု ဖော်ထုတ်ရရှိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ မင်းသိန်းဆန်း(ခ) မင်းမင်းနှင့် အာကာကျော်တို့ကို စစ်ဆေးရာ ၎င်းတို့သည် ၂၀၁၇ ခုနှစ် ဩဂုတ်၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်း လှိုင်သာယာမြို့နယ်တွင် စုစုပေါင်း လက်ကိုင်ဖုန်း ၁၄ လုံးကို ခိုးယူရောင်းချခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။ စစ်ဆေးချက်များအရ သက်သေပစ္စည်းများကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ ပြစ်မှုကျူးလွန်သူ မင်းသိန်းဆန်း (ခ) မင်းမင်းနှင့် အာကာကျော်တို့ကို လှိုင်သာယာမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၂၅-၆-၂၀၁၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | MRTV Travelogue |
| ၈း၃၅ | "လူငယ်နှင့်မူးယစ်ဆေးဝါးကဏ္ဍ" (လူငယ်များကပြောသော လူငယ်စကားများ)(အပိုင်း-၂) |
| ၈း၅၀ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၉း၂၀ | "ဇွန်လအတွက် မိုးလေဝသအစီအစဉ်" |
| ၉း၃၅ | ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ "Grand Cyon" (USA) |
| ၉း၅၀ | "မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်အသင်းခရီးသွား ကျန်းမာရေးဝန်ဆောင်မှု" |
| ၁၀း၁၀ | စိုက်ပျိုးရေးရာအဖြေရှာ "ဝါးစိုက်ပျိုးအသုံးချမှုနှင့် လက်မှုအနုပညာ"(အပိုင်း-၂) |
| ၁၀း၅၀ | လုံမမှတ်စု(အပိုင်း-၄၂) |
| ၁၁း၁၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၁း၁၀ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၂း၄၅ | "အမှိုက်ကစ" (ခန့်စည်သူ၊ ခင်သဇင်)(ဒါရိုက်တာ-ဇော်မြင့်ဦး) |
| ၁၃း၁၀ | သုခုမရင်ခွင်အငြိမ့်သဘင် "အလင်္ကာဖန်တီးရှင်အငြိမ့်" (မင်းသမီး-ပဲခူးသိင်္ဂီဝင်း၊ လူရွှင်တော်-ရန်ကျော်၊ အေရိန်း၊ ထူးချွန်၊ စွမ်းထက်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |
| ၁၄း၂၅ | Tasty Trip |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၄၇) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၂၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(သမိုင်းအထူးပြု)(သမိုင်း) |
| ၁၇း၀၅ | This Week's Special Interest |
| ၁၇း၂၀ | "ဦးနုအထိမ်းအမှတ် အမှတ်တရပြခန်း" |
| ၁၇း၃၀ | Yes or No Talk Show |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | ဥပဒေရေးရာအဖြာဖြာ "တာဝန်နှင့်လူ" (ဝေဖြိုးဟိန်း၊ နေသစ်ခန့်၊ ဦးစံပေါ၊ ခင်ဖြူဖြူသန့်၊ အိအိသဲ၊ ဒေါ်အမာကြည်၊ ဒေါ်မို့မို့သိန်း) (ဒါရိုက်တာ-ဝေဠု(ဝသန်)) |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၁၉) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | -"လူငယ်နှင့်မူးယစ်ဆေးဝါးကဏ္ဍ" (လူငယ်များကပြောသော လူငယ်စကားများ)(အပိုင်း-၃) -ရာဇဝင်ထဲကသမိုင်းအနုပညာ "ဆယ်ပွင့်ပန်း"(ပန်းတဉ်းလုပ်ငန်း) -မျက်မှောက်ရေးရာသုံးသပ်စရာ နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း"(အပိုင်း-၂၇) အစီအစဉ်ပြီး၏။ |

# နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

ယမန်နေ့မှအဆက်

**နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးအရာရှိ၏ လုပ်ငန်းတာဝန်များ**

၉။ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးအရာရှိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိမှ တင်ပြလာသည့် နယ်နိမိတ် မျဉ်းကြောင်းတစ်လျှောက် ရှင်းလင်းခြင်းနှင့် စပ်လျဉ်း၍ ခုတ်လှဲ ဖယ်ရှင်းရသည့် သစ်ပင်၊ ပန်းပင်၊ ချုံနွယ်၊ ခြံစည်းရိုး သို့မဟုတ် ပေါက်ရောက်လျက်ရှိသည့် ကောက်ပဲသီးနှံများ၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးများကို စိစစ်အတည်ပြု၍သက်ဆိုင်ရာ ပြည်ထောင်စု နယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ အစီရင်ခံ တင်ပြခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါကိစ္စရပ်အပေါ် ပိုင်ဆိုင်မှု သို့မဟုတ် လက်ရှိဖြစ်ခြင်းနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုများအပေါ် အဆုံးအဖြတ်ပေးခြင်းနှင့် ဆုံးဖြတ်၍မရရှိသည့် ကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဂ) တာဝန်ယူဆောင်ရွက်ရမည့် မြေနှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်း စတင်ပြုလုပ်သည့် နေ့ရက်မတိုင်မီ ရက်ပေါင်း ၉၀အတွင်း တရားသဖြင့် လက်ရှိလုပ်ကိုင်နေထိုင်သူတို့ကို ဥပဒေနှင့်မညီဘဲ လက်လွှတ်စေ၍ လက်ဝယ်ရယူထားကြောင်း စစ်ဆေးတွေ့ရှိရလျှင် ဥပဒေနှင့်အညီမဟုတ်ဘဲ လက်လွှတ်ဆုံးရှုံးရသူကို လက်ရှိအဖြစ်ထား၍ နယ်နိမိတ်သတ်မှတ်ခြင်း၊

(ဃ) နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိက ပေးပို့သော အစီရင်ခံစာကို မည်သူ မဆို လာရောက်ကြည့်ရှုနိုင်ကြောင်းနှင့် သဘောမတူ၍ ကန့်ကွက်ငြင်းဆိုလိုလျှင် ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀အတွင်း ငြင်းဆိုလိုသော အချက်များကို စာဖြင့်ရေးသားဖော်ပြကန့်ကွက်နိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ကြေညာစေခြင်း၊

(င) အဆိုပါ ရက်ပေါင်း ၃၀ ကုန်ဆုံးပြီးနောက်တွင် တင်ပြလာသည့် ကန့်ကွက်လွှာများကို ငြင်းပယ်ရမည်ဖြစ်ပြီး၊ လိုအပ်ပါက ယင်းကန့်ကွက်လွှာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စု နယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(စ) တာဝန်ယူဆောင်ရွက်ရမည့် မြေများနှင့်စပ်လျဉ်း၍ လိုအပ်သည့် အချက်အလက်များကို စစ်ဆေးမေးမြန်းရန်အတွက် ဤဥပဒေအရ အပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များအပြင် နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရပါ သက်သေတို့ကို လာရောက်စေရန်ဆင့်ခေါ်ပြီး စာချုပ်စာတမ်း များကို တင်ပြစေခြင်း၊

(ဆ) နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိ၏ တင်ပြချက်အရ လည်းကောင်း၊ မိမိကိုယ်တိုင် စစ်ဆေးတွေ့ရှိချက်အရ လည်းကောင်း နယ်နိမိတ်အငြင်းပွားမှုတွင် မည်သူက လက်ရှိဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ရန် ခိုင်လုံမှုမရှိလျှင် စစ်ဆေးမေးမြန်းချက်များအပေါ် ချိန်ဆုံးသုံးသပ်ပြီး လက်ရှိဖြစ်သူနှင့် ညှိနှိုင်း၍ နယ်နိမိတ် သတ်မှတ်ခြင်း၊

(ဇ) တာဝန်ယူဆောင်ရွက်ရမည့် မြေနယ်နိမိတ်များနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြခြင်း။

**အခန်း(၅)**

**နယ်နိမိတ်မှတ်တိုင်များစိုက်ထူခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း**

၁၀။ နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိသည် နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ပြီးပါက နယ်နိမိတ်တစ်လျှောက် လိုအပ်သည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များကို မြေရှင်တို့ကိုဖြစ်စေ၊ မြေလက်ရှိလုပ်ကိုင်နေသူတို့ကိုဖြစ်စေ စိုက်ထူစေရမည်။

၁၁။ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ပြီး နယ်နိမိတ်တစ်လျှောက်လိုအပ်သည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များ စိုက်ထူပြီးသည့်အခါ နယ်နိမိတ်တိုင်းတာပိုင်းခြားသည့် လုပ်ငန်းဆောင်ရွက်မှုမှာ အပြီးအပြတ်ဖြစ်စေရမည်။

၁၂။ နယ်နိမိတ်တိုင်းတာပိုင်းခြား ကြပ်မတ်ရေးအရာရှိသည် နယ်နိမိတ်တစ်လျှောက် စိုက်ထူထားသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များကို ထိန်းသိမ်းစောင့်ရှောက်ရန် မြေရှင်များနှင့် မြေလက်ရှိလုပ်ကိုင်နေသူတို့အား သတ်မှတ်ချက်နှင့်အညီ တာဝန်ပေးအပ်ရမည်။

၁၃။ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး သို့မဟုတ် မြေရှင် သို့မဟုတ် မြေတွင် လက်ရှိလုပ်ကိုင်လျက်ရှိသူသည် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ် မှတ်တိုင်တစ်ခုခုကို ထိခိုက်ပျက်စီးခြင်း၊ ပြောင်းလဲခြင်းမရှိစေရန်တားဆီးကာကွယ်ရန် တာဝန်ရှိသည်။

၁၄။ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များကို တစ်စုံတစ်ရာ ရွှေ့ပြောင်းဖယ်ရှားခံရခြင်း၊ ဖျက်ဆီးခံရခြင်း၊ ထိခိုက်ပျက်စီးစေခြင်း၊ ပြောင်းလဲခြင်း၊ မှတ်သားထားသည့် အမှတ်အသားတစ်ခုခုကို မထင်မရှားဖြစ်စေခြင်းပါကိစ္စရပ်တစ်ခုခုဖြစ်ပွားကြောင်း မိမိကိုယ်တိုင်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ သိရှိလျှင် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးထံ အမြန်ဆုံး တင်ပြရမည်။

၁၅။ ပုဒ်မ ၁၄ အရ တင်ပြလာသည့် ကိစ္စရပ်အပေါ် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးသည် ကွင်းဆင်းစိစစ်ပြီး တွေ့ရှိချက်နှင့်တကွ ဥပဒေနှင့်အညီ အရေးယူနိုင်ရန် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကို တာဝန်ပေးအပ်ရမည်။

၁၆။ ရာသီဥတုအခြေအနေအရလည်းကောင်း၊ သဘာဝဘေးအန္တရာယ်အရလည်းကောင်း မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များ ထိခိုက်ပျက်စီးခြင်း၊ ပြင်ဆင်ရန် လိုအပ်ခြင်းများရှိလျှင် မြေရှင် သို့မဟုတ် မြေလက်ရှိလုပ်ကိုင်နေသူ သို့မဟုတ် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်ပြင်ဆင်ခြင်း၊ အသစ်စိုက်ထူခြင်း ပြုလုပ်နိုင်ရန် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။

၁၇။ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာနယ်နိမိတ်အတွင်း ဤဥပဒေအရ စိုက်ထူထားသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ် မှတ်တိုင်တစ်ခုခု ထိခိုက်ပျက်စီးခြင်း သို့မဟုတ် ပြင်ဆင်ရန် လိုအပ်ခြင်းကို သိရှိလျှင် မှတ်တိုင်အသစ်ကို မူလနေရာတွင် ပြန်လည်စိုက်ထူရန် ဖြစ်စေ၊ ပြင်ဆင်ရန်ဖြစ်စေ ဆုံးဖြတ်ချက်ချမှတ်၍ ကုန်ကျစရိတ်ငွေ ကျခံရမည့်သူကို သတ်မှတ်ရမည်။

**အခန်း(၆)**

**တားမြစ်ချက်များ**

၁၈။ မည်သူမျှ နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေးအရာရှိ၏ ပုဒ်မ ၈၊ ပုဒ်မခွဲ (က)နှင့် (ခ)ပါ တာဝန်များ ဆောင်ရွက်ခြင်းကို တားဆီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ အန္တရာယ်ပြုခြင်းတို့ကို မပြုရ။

၁၉။ မည်သူမျှ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးအရာရှိ၏ ပုဒ်မ ၉၊ ပုဒ်မခွဲ (ဂ)နှင့် (စ)ပါ တာဝန်များ ဆောင်ရွက်ခြင်းကို တားဆီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ အန္တရာယ်ပြုခြင်းတို့ကို မပြုရ။

၂၀။ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ပြီး နယ်နိမိတ်တစ်လျှောက် စိုက်ထူထားရှိပြီးဖြစ်သည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင် တစ်ခုခုကို ခွင့်ပြုချက်မရှိဘဲ မည်သူမျှ ဖယ်ရှားခြင်း၊ ရွှေ့လျားခြင်း၊ ဖျက်ဆီးခြင်း၊ ပြောင်းလဲခြင်း၊ မှတ်သားထားရှိသည့် အမှတ်အသား တစ်ခုခုကို မထင်မရှားဖြစ်စေခြင်းတို့ကို မပြုရ။

**အခန်း(၇)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၂၁။ မည်သူမဆိုပုဒ်မ ၁၈၊ ၁၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၂။ မည်သူမဆို ပုဒ်မ ၂၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

**အခန်း(၈)**

**အထွေထွေ**

၂၃။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ဆောင်ရွက်သည့် ကွင်းဖွဲ့တိုင်းတာခြင်း လုပ်ငန်းများနှင့် နေပြည်တော် သို့မဟုတ် ရန်ကုန်မြို့တော် သို့မဟုတ် မန္တလေးမြို့တော် စည်ပင်သာယာ နယ်နိမိတ်များအတွင်း စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်ရသည့် မြေတိုင်းတာရေး လုပ်ငန်းများအတွက်-

(က) မြေတိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသည့် မြေတိုင်း အရာရှိများသည် ဤဥပဒေတွင် ဖော်ပြထားသည့် နယ်နိမိတ်တိုင်းတာပိုင်းခြား ကြပ်မတ်ရေးအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအတိုင်း လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

(ခ) သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးသည် နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေးအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအတိုင်း ဆောင်ရွက်ခွင့်ရှိသည်။

၂၄။ မြေတိုင်းတာထားရှိပြီးဖြစ်သည့် မြို့၊ ရပ်ကွက်နှင့် ကျေးရွာများအတွင်းရှိ ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းတစ်ခုချင်းတို့၏ မြေနယ်နိမိတ်များနှင့်စပ်လျဉ်း၍ တိုင်းတာပြင်ဆင် သတ်မှတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ မြေစီမံခန့်ခွဲသည့် ဌာန သို့မဟုတ် အဖွဲ့အစည်း အကြီးအမှူး၏ ခွင့်ပြုချက် ရယူဆောင်ရွက်ရမည်။

၂၅။ ပုဒ်မ ၉၏ ပုဒ်မခွဲ (ခ)၊ (င)၊ (ဇ)နှင့် ပုဒ်မ ၁၀ ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နယ်နိမိတ် တိုင်းတာပိုင်းခြားသတ်မှတ်ရေးအရာရှိနှင့် နယ်နိမိတ်တိုင်းတာပိုင်းခြားကြပ်မတ်ရေး အရာရှိတို့က တင်ပြလျှင် ပြည်ထောင်စုနယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက လုပ်ငန်းများ စဉ်ဆက်မပြတ် စီမံဆောင်ရွက်ရန် သင့်လျော်သူတစ်ဦးကိုဖြစ်စေ၊ အဖွဲ့ကိုဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။ ယင်းဆောင်ရွက်မှု ကုန်ကျစရိတ်များကို နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ပေးရမည့် မြေရှင် သို့မဟုတ် မြေလက်ရှိ လုပ်ကိုင်နေသူ သို့မဟုတ် တာဝန်ရှိသူတို့က ကျခံစေရမည်။

၂၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထမ်းဆောင်ရမည့် အရပ်ရပ်ကြေးငွေများကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ မြေခွန်တော်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၂၇။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကိုပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၉။ ၁၈၈၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတော် မြေနယ်သတ်အက်ဥပဒေ“The Boundaries Act (INDIA ACT V, 1880,Vol X)”ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

## တိုက်ကြီးမြို့နယ်တွင်ကြွက်ဖလောင်းများကျရောက်မှုကြောင့် စပါးကြဲခင်းဧက ၂၂၀ ခန့်ပျက်စီး

**တိုက်ကြီး ဇွန် ၂၄**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ခုနှစ်ကြိုက်အနောက်အုပ်စုနှင့် အလယ်ဘုတ် အုပ်စုများတွင် မိုးစပါးကြဲခင်းများတွင် ကြွက်ဖလောင်းမျိုးကြွက်များ ဝင်ရောက်စားသောက်ဖျက်ဆီးမှုကြောင့် လယ်သမား ၂၅ ဦး၏ စိုက်ပျိုးထားသော စပါးကြဲခင်း ဧက ၂၂၀ ခန့်ပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများသို့ တိုက်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ မြို့နယ်စိုက်ပျိုးရေးဦးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်၊ ခရိုင် သီးနှံတာဝန်ခံ ဒေါ်ခင်မြင့်ရီနှင့်အဖွဲ့က ဇွန် ၂၃ ရက်တွင် ကြွက်အန္တရာယ် အသိပညာပေးဆွေးနွေးခြင်း၊ ကွင်းဆင်းစစ်ဆေး လမ်းညွှန်မှုပြုလုပ်ခြင်း၊လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ကြွက်များ၏ သဘောသဘာဝအလေ့အထကိုရှင်းလင်းခြင်း၊ စပါးခင်းများတွင် ကြွက်နှိမ်နင်းရေးလုပ်ငန်းများအားလက်တွေ့ပြသခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**



## သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဟောပြော

**လမ်းမတော် ဇွန် ၂၄**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၃) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၁၉ ရက် ညနေ ၅ နာရီခွဲက လမ်းမတော် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညွန့်လွင်ဦးနှင့် လမ်းမတော် မြို့မစခန်းမှူး ဒုရဲမှူးညွန့်ဝင်းတို့က ရပ်ကွက်နေပြည်သူများအား သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူခင်းအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**နိုးတူး(ကျောက်တန်း)**

## သီးနှံထိခိုက်ပျက်စီးမှု လျော့နည်းစေရေး ပိုးမွှားကျရောက်မှုကြိုတင်ကွင်းဆင်းပညာပေး

**မြို့သစ် ဇွန် ၂၄**
မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ၂၀၁၈ ခုနှစ်ဇွန်လအတွင်း မိုးကြီး၍ ရေလွှမ်းခြင်း၊ သီးနှံထိခိုက်မှုကြောင့် မိုးမြေပဲ၊ မိုးနှမ်း၊ မိုးပဲတီစိမ်း၊ မိုးအစေ့ထုတ်ပြောင်း၊ မိုးစပါးနှင့် နွေနှမ်းသီးနှံစိုက်ခင်းများ ဇွန် ၂၄ ရက်အထိ စုစုပေါင်းစိုက်ဧရိယာဧက ၁၉၈၉၀ ရေလွှမ်းမိုးမှုနှင့် ထိခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း သက်ဆိုင်ရာဌာနမှ သိရသည်။

အဆိုပါသီးနှံစိုက်ခင်းများတွင် သီးနှံထိခိုက်ပျက်စီးမှု လျော့နည်းစေရေးနှင့် ပိုးမွှားရောဂါကျရောက်မှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် မကွေးတိုင်းဒေသကြီး တိုင်းသီးနှံကာကွယ်ရေးဌာနခွဲ၊ မျိုးစေ့ဌာနခွဲ၊ ခရိုင်ဦးစီးမှူး၊ ခရိုင်မြေအသုံးချရေးဌာနခွဲနှင့် မြို့သစ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက မြို့သစ်မြို့နယ် ရုံးတောကျေးရွာ၊ ဝါးကြီးအိုင်ကျေးရွာနှင့် နွားလှကျေးရွာများရှိ စိုက်ကွင်းတောင်သူများနှင့် တွေ့ဆုံ၍ ကွင်းဆင်းပညာပေးခြင်းနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖြည့်ဆည်းထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့နယ် ရုံးတောကျေးရွာ၊ ဝါးကြီးအိုင်ကျေးရွာနှင့် နွားလှကျေးရွာများသို့ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနခွဲ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများက မိုးသီးနှံစိုက်တောင်သူများနှင့်အတူ ကွင်းဆင်းတွေ့ဆုံ၍ မိုးသီးနှံများ ပိုးမွှားရောဂါကျရောက်မှုလျော့နည်းစေရေးအတွက် ထရိုင်ကိုဒါးမား (Trichoderma) မှိုမျိုးစေ့ထုပ်များ ပွားများဖြန့်ဖြူးပေးခြင်းနှင့် ပိုးမွှားကျရောက်ဖျက်ဆီးမှုကြိုတင်ကာကွယ်ရေးအတွက် ထရိုင်ချိုဂရမ်းမား (Trichogramma) ဥကပ်ပါးနဂျယ်ကောင်များ လွှတ်ပေးခြင်းများဆောင်ရွက်ခဲ့ကြောင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းက ပြောကြားခဲ့ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

## ဗန်းမောက်မြို့နယ်တွင် နန်းမားချောင်းသံပေါင်ဘေလီတံတားကိုယ့်အားကိုယ်ကိုးတည်ဆောက်

**ဗန်းမောက် ဇွန် ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံအင်မင်းကုန်းကျေးရွာအုပ်စုတွင် ကျေးရွာချင်းဆက် နန်းမားချောင်း သံပေါင်ဘေလီတံတားကို ကိုယ့်အားကိုယ်ကိုးတည်ဆောက်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်သည်။



အဆိုပါတံတားကို မေ ၄ရက်နေ့က စတင်ဆောက်လုပ်ခဲ့ပြီး တံတားအရှည် ပေ ၁၄၀၊ အကျယ် ၁၃ ပေ၊ အမြင့် ၃၅ ပေ အာရ်စီကွန်ကရစ်လေးတိုင် သံပေါင်ဘေလီတံတား အမျိုးအစားဖြစ်ကြောင်း၊ တံတားဖြစ်မြောက်ရေးအတွက် ရွှေမင်းကြီးကုမ္ပဏီ၊ တံချူသျှင်ကုမ္ပဏီ၊ သန်းထိုက်ရွှေစင်ကုမ္ပဏီ၊ ဂိုးဒင်းဇော်ကုမ္ပဏီများနှင့်အတူ မံအင်မင်းကုန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် နောင်ကွတ်ကျေးရွာဒေသခံများ၊ ရွှေလုပ်ငန်းရှင်များ၊ အလှူရှင်များ စုပေါင်းမတည်ငွေကျပ် သိန်း ၇၀၀ ဖြင့် ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း တံတားဖြစ်မြောက်ရေး အကျိုးတော်ဆောင် ရွှေမင်းကြီးကုမ္ပဏီ နာယကဦးတင်ဌေးက ပြောကြားသည်။

"ဒီတံတားကို နှစ်လနဲ့အပြီး တည်ဆောက်မှာပါ။ မိုးတွင်းဆိုတော့ မိုးရွာတဲ့ရက် ရာသီဥတုမကောင်းတဲ့ရက်ကလွဲပြီ နေ့စဉ် တံတားဆောက်လုပ်ရေးအဖွဲ့တွေနဲ့အတူ ရွှေလုပ်ငန်းရှင်ကုမ္ပဏီများကဘက်ဟိုးယန္တရားသုံးစီး မြေသည်ယာဉ် ၁၀ စီး လူအင်အား ၃၀ နဲ့ တံတားအနောက်ဘက် နှစ်မိုင်၊ အရှေ့ဘက်ခြမ်း ၃ မိုင်ကို စက်ယန္တရားတွေနဲ့ နေ့စဉ်ကိုယ့်အားကိုယ်ကိုးပြုပြင်ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါတံတားမှာ ဗန်းမောက်မြို့နယ် မံစီကြီးကျေးရွာအုပ်စုနှင့် မံအင်မင်းကုန်းကျေးရွာအုပ်စုအပြင် ဗန်းမောက်မြို့နယ်နှင့် ဟုမ္မလင်းမြို့များသို့ ဆက်သွယ်သွားလာရာတွင် အဓိကအရေးပါသော တံတားတစ်စင်းအပါအဝင်ဖြစ်ကြောင်း၊ အဆိုပါတံတားနှင့် ကျေးရွာချင်းဆက် လမ်းအရှည် ၅ မိုင်ကို မြေသားလမ်းနှင့်အတူ ကျောက်ခင်းလမ်းအဖြစ် ခင်းကျင်းဆောင်ရွက်လျက်ရှိရာ လမ်းနှင့် တံတားတည်ဆောက်မှုပြီးစီးပါက ရာသီမရွေး သွားလာမှုလွယ်ကူပြီး ဒေသအတွင်း ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားရေးတို့တွင် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တံတားဖြစ်မြောက်ရေး အကျိုးတော်ဆောင် ရွှေတော်ကျေးရွာနေ ဦးစံမြထံမှ သိရသည်။

**(၀၅၈)**

## မြန်မာ-ထိုင်းသံတမန်ဆက်ဆံရေးနှစ်(၇၀)ပြည့်အထိမ်းအမှတ် ထိုင်းယဉ်ကျေးမှုအဖွဲ့မန္တလေးအမျိုးသားဇာတ်ရုံ၌ကပြဖျော်ဖြေ

**အောင်မြေသာစံ ဇွန် ၂၄**
မြန်မာ-ထိုင်းသံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့် အထိမ်းအမှတ်အဖြစ်ထိုင်းရိုးရာယဉ်ကျေးမှု အကအဖွဲ့ဖျော်ဖြေပွဲကို ဇွန် ၂၃ ရက် ညနေ ၆ နာရီခွဲက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၆ လမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။



ထိုင်းရိုးရာယဉ်ကျေးမှုမျက်နှာဖုံးစွပ်အကအဖွဲ့ ဖျော်ဖြေပွဲတွင် မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr.Jukr Boon- Long က မြန်မာ-ထိုင်းသံတမန်ဆက်ဆံရေး နှစ် (၇၀) ပြည့်အထိမ်းအမှတ်အဖြစ် ထိုင်းရိုးရာယဉ်ကျေးမှုအကအဖွဲ့ ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံကြားတွင် ကပြမည့်ရာမယဏဇာတ်ကဲ့သို့ တူညီသောယဉ်ကျေးမှု အနုပညာများရှိပါကြောင်း၊ မြန်မာ-ထိုင်းချစ်ကြည်ရေးခိုင်မြဲပါစေကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဒေါ်ခင်ကြည်ပြာက နှစ်နိုင်ငံကြား ယဉ်ကျေးမှုပူးပေါင်းဖလှယ်မှုမှသည် ခင်မင်ရင်းနှီးမှုတိုးတက်ပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တော်ဝင်အကအဖွဲ့နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ မြန်မာ့ယဉ်ကျေးမှုအကအဖွဲ့တို့ ပူးပေါင်း၍ ရာမယဏဇာတ်ကို ဇာတ်တော်ဖွင့်ခန်း၊ လေးတော်တင်ခန်း၊ သီတာဒေဝီကို ခိုးယူခန်း၊ ရာမနှင့် ဒသဂီရိတို့ စစ်ခင်းခန်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဖျော်ဖြေပွဲသို့ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီနာယက ဒေါက်တာယုယုမေ၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ထိုင်းနိုင်ငံယဉ်ကျေးမှုဝန်ကြီး H.E. Mr.Vira Rojpojchanarat နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ကျောင်းသား၊ ကျောင်းသူများ၊ ယဉ်ကျေးမှုအနုသုခုမကို စိတ်ဝင်စားသူများတက်ရောက်ကြသည်။

**သီဟကိုကို (မန္တလေး)**

## စလင်းမြို့နယ်တွင် မိုးစပါးချေးငွေများ ထုတ်ပေးလျက်ရှိ

**စလင်း ဇွန် ၂၄**
မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း ကျေးရွာအုပ်စု ၈၈ အုပ်စုရှိပြီး မိုးစပါးစိုက်ပျိုးမည့်တောင်သူများ စိုက်ပျိုးစရိတ်အဆင်ပြေရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ ၂၀၁၇-၂၀၁၈ ကြွေးဟောင်းကျေတောင်သူများအား ၂၀၁၈-၂၀၁၉ အတွက်ချေးငွေသစ်များ ထုတ်ပေးလျက်ရှိရာ ဇွန် ၂၀ ရက်ထိ ကျေးရွာအုပ်စု ၂၇ အုပ်စုရှိတောင်သူ ၂၂၁၁ ဦးအား စလင်းမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ကျပ် ၁၁၁၈၄ သိန်းထုတ်ချေးပြီးကြောင်း ဘဏ်မန်နေဂျာ ဦးအေးကျော်ကပြောသည်

ယမန်နှစ်က စလင်းမြို့နယ် စိုက်ပျိုးရေးချေးငွေ ၇၉၃၄၅ ဒသမ ၅ သိန်းထုတ်ချေးခဲ့သည်။ ယခင်နှစ်မိုးစပါးချေးငွေများ ပြန်ရငွေမှာ ၇၉၂၉၆ သိန်းပြန်လည်ရရှိခဲ့ကာ ကျေးရွာအုပ်စု ၅ အုပ်စုမှ ၅၈ ဒသမ ၅ သိန်းပြန်လည်ရရှိရန်ကျန်ရှိနေပြီး ၎င်းချေးငွေများပြန်လည်ပေးဆပ်မှ နောက်ချေးငွေသစ်ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။

ချေးငွေများကို နေ့စဉ်ရုံးဖွင့်ရက်များတွင် နံနက် ၈ နာရီမှ စတင်ထုတ်ပေးလျက်ရှိပြီး စနေ၊ တနင်္ဂနွေရက်များတွင် မန်နေဂျာနှင့် ဝန်ထမ်းများသည် အကြွေးကျန်ရွာများသို့ ကွင်းဆင်းစည်းရုံး၍ အကြွေးကျန်တောင်သူများနှင့်တွေ့ဆုံကာ ဟောပြော၍ ကြွေးကျန်မရှိအောင်ဆောင်ရွက်ခြင်း၊ ချေးငွေအမှုတွဲများအား စိစစ်ဆေးဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဖြေလျှော့ပေးချက်များမှာ ချေးငွေလုပ်ငန်းအား ပုံစံ (၇) မူရင်းတင်ပြရမည်ဖြစ်ရာ ပုံစံ ၇ အား အခြားကုမ္ပဏီများ၊ အခြားငွေချေးဌာနများတွင်ထားရှိခဲ့လျှင် အဆိုပါတောင်သူသည် ထားရှိသော ကုမ္ပဏီမန်နေဂျာ၏ ပုံစံ ၇ မိတ္တူထောက်ခံချက်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပုံစံ ၇ လိုအပ်၍ တောင်းခံလာလျှင် မူရင်းကိုပေးအပ်ပါမည်။ ချေးထားသောကုမ္ပဏီမှချေးငွေကျေလျှင် ပုံစံ ၇ မူရင်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အပ်နှံပါမည်ဆိုသောအချက်များ ပြည့်စုံလျှင် ငွေချေးပေးမည်မည်ဖြစ်သည်။

ချေးငွေကျန်တောင်သူများ၏ ပြောပြချက်မှာ ပြီးခဲ့သောမိုးကြောင့် စပါးဝယ်ယူသူမရှိခြင်း၊ သီးနှံများဈေးမကောင်းသောကြောင့် အချိန်မီမပေးနိုင်ကြောင်းနှင့် အကျေပေးဆပ်ရန်စီစဉ်လျက်ရှိကြောင်းပြောကြားသည်။ လက်ရှိအနေဖြင့် မိုးစပါးချေးငွေများအား ဇွန် ၃၀ ရက် နောက်ဆုံးထုတ်ချေးရမည်ဖြစ်ပြီး ငွေချေးလိုသောတောင်သူများ၏အမှုတွဲများအား ဇွန် ၂၀ ရက် နောက်ဆုံးထားတင်ပြရမည်ဖြစ်သော်လည်း အမှုတွဲတင်ရန်ကျန်ရှိနေသေးကြောင်းနှင့် ရက်ထက်တိုးညွှန်ကြားချက်မရရှိသေးကြောင်း ချေးငွေကျေပြီးသူများအား ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## မုံရွာမြို့၌ ဘောလုံးနည်းပြဆရာ(မွမ်းမံ) သင်တန်းဖွင့်ပွဲကျင်းပ

**မုံရွာ ဇွန် ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ ဖူဆယ်အားကစားရုံတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ဘောလုံးနည်းပြဆရာ(မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၁၈)ကို ဇွန် ၂၄ ရက် နံနက် ၉ နာရီက စတင်ပြီး ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ တကယ်ကိုလိုအပ်နေတဲ့ အခြေခံကျွမ်းကျင်တဲ့ ဘောလုံးသမားတွေ ပေါ်ထွက်လာရေးအတွက် နည်းပြဆရာတွေမှာ အများကြီးတာဝန်ရှိပါတယ်၊ အခုလက်ရှိအခြေအနေက မြို့နယ်တွေမှာ စနစ်တကျ တတ်ကျွမ်းနားလည်တဲ့ နည်းပြဆရာတွေ အတော့်ကို နည်းပါတယ်၊ စနစ်တကျနဲ့ နည်းပြဘာသာရပ်ကို သင်တန်းတစ်ခုအနေနဲ့ တက်ရောက်ပြီး မဟုတ်ဘဲ ကိုယ့်အတွေ့အကြုံနဲ့ ပြသပေးတဲ့သူတွေများတယ်၊ အခုကတော့ တိုင်းဒေသကြီးအားကစားနဲ့ကာယပညာဦးစီးဌာန ဖွင့်ချင်တယ်ဆိုတာနဲ့ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်နဲ့ ပူးပေါင်းဖွင့်လှစ်ခဲ့တာပါ" ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ နည်းပြဆရာ ဦးတင်ငြိမ်းက ပြောသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ဘောလုံးနည်းပြဆရာ(မွမ်းမံ) သင်တန်းသို့ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်မှ ၃၇ ဦး၊ ခရိုင် ၁၀ ခုမှ ၁၀ ဦးနှင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန တိုင်းဒေသကြီးရုံးမှ သုံးဦး စုစုပေါင်း ၅၀ တို့အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ နည်းပြဆရာများက ဇွန် ၂၄ ရက်မှ ဇူလိုင် ၁ ရက်အထိ သင်ကြားပေးသွားမည် ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

# ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း (၃၉)ကြိမ်မြောက် ကျန်းမာရေးအလှူတော်ကျင်းပ



**အိမ်မဲ ဇွန် ၂၄**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ရွှေပါရမီ ကျန်းမာရေး ဖောင်ဒေးရှင်း၏ (၃၉)ကြိမ်မြောက် ကျန်းမာရေးအလှူတော်အခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၈ နာရီ ၃၀ မိနစ်က ကျင်းပသည်။

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း နာယကဆရာတော် အရှင်ဆန္ဒာဓိကမှ သြဝါဒစကားမြွက်ကြားခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီး ဦးဌေးဝင်းက အမှာစကားပြောကြားခဲ့ပြီး ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ဥက္ကဋ္ဌ ဦးရှိန်ဝင်းကဆေးကုသခြင်းနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားကာ အိမ်မဲမြို့နယ်သူ၊ မြို့နယ်သားများကိုယ်စားမြို့မိမြို့ဖ ဦးထိန်ဝင်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ဆရာတော်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသက်ဇော် ဦးနှင့် တာဝန်ရှိသူများက ဆေးကုသမှုခံယူသောလူနာများကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်နယ်တစ်ခွင် ဆေးလိပ်ငွေ့ကင်းစင် ဆိုင်းဘုတ်တင်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပဲခူး ဇွန် ၂၄**
ပဲခူးတိုင်းဒေသကြီး ပြည်နယ်တစ်ခွင် ဆေးလိပ်ငွေ့ကင်းစင်ထူထောင်ရေးဆိုင်းဘုတ်တင်ခြင်း အခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၈ နာရီက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားကွင်းရှေ့၌ ကျင်းပသည်။

ဆိုင်းဘုတ်တင်ခြင်းအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ဦးအုန်းမြင့်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန နေပြည်တော်မှ ညွှန်ကြားရေးမှူးဒေါက်တာကျော်ကံကောင်း၊ ပဲခူးတိုင်းဒေသကြီးကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်တစ်ခွင် ဆေးလိပ်ငွေ့ကင်းစင် ထူထောင်ရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်းသိရသည်။

**၀၇၅**

# လှိုင်မြို့နယ် အမှတ် ၈ သစ်စက်မမွှာရုံတွင် ခြင်ထောင်ဆေးရည်စိမ် လုပ်ငန်းဆောင်ရွက်

**ရန်ကုန် ဇွန် ၂၄**
မိုးရာသီတွင် သွေးလွန်တုပ်ကွေးရောဂါမှာ ကပ်ရောဂါ အသွင်ဖြစ်ပေါ်နေသဖြင့် စည်ပင်သာယာကျန်းမာရေးဌာနက စီစဉ်မှုဖြင့် ကြိုတင်ကာကွယ်မှု လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဇွန် ၂၃ ရက်က လှိုင်မြို့နယ် အမှတ် ၁၅ ရပ်ကွက်တွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းကြီးကြပ်မှုဖြင့် စည်ပင်သာယာကျန်းမာရေးဌာန တာဝန်ခံ ဒေါ်စန်းစန်းသွင်နှင့် ဝန်ထမ်းများကရပ်ကွက်အုပ်ချုပ်ရေးရုံးအဖွဲ့ဝင်များနှင့်ပူးပေါင်း၍ တစ်အိမ်တက်ဆင်း အဘိတ်ဆေးခတ်ပေးခြင်း ခြင်ထောင်များ ဆေးရည်စိမ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

"ဆယ်အိမ်စုမှူး ရာအိမ်စုမှူးတွေရဲ့ကူညီမှုနဲ့အိမ်ခြေ ၂၄၅ လုံးကို အဘိတ်ဆေးတွေခတ်ပေးပါတယ်။ ခြင်ထောင်ဆေးရည်စိမ်လိုတဲ့ သူတွေကိုတော့အမှတ် ၈ သစ်စက်မမွှာရုံမှာ စုရပ်လုပ်ပြီး ဆေးရည်စိမ်ပေးပါတယ်၊ အခုဆေးရည်စိမ်ပေးဖို့ လာရောက်ပေးပို့ထားတဲ့ ခြင်ထောင် စုစုပေါင်းအလုံး ၁၅၀ ရောက်နေပါပြီ"ဟု ကျန်းမာရေးတာဝန်ခံက ပြောသည်။

မျက်မှောက်ကာလတွင် ရာသီဥတုဖောက်ပြန်မှုနှင့် ဂေဟစနစ်ပျက်သုဉ်းမှုတို့ကြောင့် မိုးရာသီရောက်တိုင်း သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားမှုရှိနေသဖြင့် ကျန်းမာရေးဦးစီးဌာနနှင့် စည်ပင်သာယာ ကျန်းမာရေးဌာနတို့က ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးနေသည်ဟုဆိုသည်။

**မောင်သုည**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး စာစီစာကုံးပြိုင်ပွဲ ဒလမြို့နယ်၌ကျင်းပ

**ရန်ကုန် ဇွန် ၂၄**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA) တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပသည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေရီစိုးက မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ဆိုးကျိုးများ အကြောင်းအရာများကို လူငယ်များသိရှိစေရေး၊ လူငယ်များအကြား ပျံ့နှံ့နေသည့် မူးယစ်ဆေးဝါးများကို ပူး ပေါင်းတိုက်ဖျက်ပါဝင်နိုင်ရေး၊ အကျင့်စာရိတ္တအပိုင်းကိုပါ မြှင့်တင်ပေးနိုင်ရေးနှင့် အသိပညာပေးနိုင်ရေးတို့အတွက် ရည်ရွယ်ပြီး ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

"မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များ"ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ၌ ဒလမြို့နယ် အောင်တံခွန် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၅ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာမြင့်၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးသန်းဝင်း၊ ဆရာမ ဒေါ်တင်တင်ဦး(ငြိမ်း)၊ ဒေါ်နှင်းယုဆွေ (အောင်တံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမ) နှင့် ကျောင်းသား ကျောင်းသူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**



# လှိုင်သာယာမြို့နယ်ရှိကျောင်းများတွင် စွန့်ပစ်အမှိုက်လျှော့ချရေးပညာပေး ဆောင်ရွက်မည်

**ရန်ကုန် ဇွန် ၂၄**
ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ KG တန်း၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် အမှိုက်ခွဲခြားစွန့်ပစ်ခြင်း၊ စွန့်ပစ်အမှိုက်လျှော့ချရေးနှင့် ပြန်လည်အသုံးပြုခြင်းတို့နှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Clean Yangon ပရဟိတအဖွဲ့များ ပူးပေါင်းကာ ဇူလိုင်လမှစ၍ အသိပညာပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

"ကျွန်မတို့ရဲ့ဦးတည်ချက်က ကျောင်းသူ ကျောင်းသားတွေ၊ လမ်းပျော်ကလေးတွေ၊ ရပ်ရွာထဲမှာရှိတဲ့ အလုပ်လက်မဲ့ အမျိုးသမီးတွေ အမှိုက်လျှော့ချရေးပါဝင်လာအောင်လုပ်မယ်၊ လမ်းပျော်ကလေးတွေနဲ့အလုပ်လက်မဲ့တွေအတွက် စွန့်ပစ်အမှိုက်ကိုအသုံးပြုပြီး ဝင်ငွေရရှိဖို့အတွက် နည်းစနစ်တွေသင်ပေးမယ်"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် စာရေးဆရာမ ဒေါ်သန်းမြင့်အောင်ကပြောသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် လှိုင်သာယာမြို့နယ်၌ ပထမဆုံးဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် အင်းစိန်မြို့နယ်နှင့် ကျန်ရှိသည့်မြို့နယ်များတွင် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများနှင့်ပတ်သက်၍ ပရဟိတအဖွဲ့များမှအဖွဲ့ဝင် ၆၀ အား သင်တန်းပို့ချခြင်းအနေဖြင့် ပထမအဆင့်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၃ နာရီက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ၁၂ ထပ်ခွဲရုံး၌ ကျင်းပရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် ဆရာကိုရင်လှကအမှိုက်လျှော့ချရေး အစီအစဉ်များနှင့် ဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်း၍ သင်တန်းပို့ချသည်။

"ကျွန်တော်တို့ ကျောင်းတွေမှာအသိပညာပေးတဲ့အခါ သူ့အတန်းနဲ့သူကိုက်ညီမယ့် သင်ပုံသင်နည်းတွေနဲ့အသိပညာပေးသွားမှာပါ၊ ပြိုင်ပွဲတွေလည်းလုပ်ပေးသွားမှာပါ"ဟု ဆရာကိုရင်လှက ပြောသည်။

အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် စာရေးဆရာမ ဒေါ်သန်းမြင့်အောင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများ၊ လှိုင်သာယာမြို့နယ်မှ ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမများ၊ ပရဟိတအဖွဲ့များတက်ရောက်ကြသည်။

**သတင်း-ဇာနည်မောင်၊ ဓာတ်ပုံ-သွင်မောင်မောင်**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စာစီစာကုံးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၄**
ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အထက ၁ တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲနှင့်ပိုစတာစိုက်ထူခြင်းကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (မင်္ဂလာဒုံ)၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်း၍ မျိုးဆက်သစ်လူငယ် ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ်သိရှိစေရန်နှင့် မူးယစ်အန္တရာယ်မှ ကင်းဝေးစေရန် ရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး မင်္ဂလာဒုံမြို့နယ်အတွင်းရှိ အခြေခံကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်း စုစုပေါင်း ၈၇ ကျောင်းမှ ကျောင်းသား သူ ၂၂၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်ပြီး အထက(၁) မင်္ဂလာဒုံမြို့နယ် ကျောင်းရှေ့၌ မူးယစ်ဆေးဝါးအန္တရာယ် အထိမ်းအမှတ်ပိုစတာကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဒေဝ၊ ဒုတိယမြို့နယ် ပညာရေးမှူး ဦးခင်မောင်အေး၊ မင်္ဂလာဒုံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က စိုက်ထူပေးခဲ့ကြောင်းသိရသည်။

**ဆောင်းဦး(ပြန်/ဆက်)**

# အလုပ်သမားဆေးရုံကြီး(ရန်ကုန်)မှ ကွင်းဆင်းဆေးကုသ

**ရန်ကုန် ဇွန် ၂၄**
လူမှုဖူလုံရေးအဖွဲ့ အလုပ်သမားဆေးရုံကြီး (ရန်ကုန်)မှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းတို့ကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက မရမ်းကုန်းမြို့နယ် Yangon Airport Group ၌ ပြုလုပ်သည်။

အခမ်းအနားတွင် အလုပ်သမားဆေးရုံကြီး (ရန်ကုန်)မှ အထူးကုဆရာဝန်ကြီး (ရောဂါဗေဒ) ဒေါက်တာ ညီညိုဝင်းက ရာသီတုပ်ကွေးရောဂါအကြောင်း ကျန်းမာရေးအသိပညာပေးဟောပြော ဆွေးနွေးမှု ပြုလုပ်ခဲ့သည်။ ဆက်လက်၍ ဆေးကုသမှု လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ခွဲစိတ်လူနာ သုံးဦး၊ သားဖွား၊ မီးယပ်လူနာ ၂၀၊ အရိုး၊ အကြောလူနာ ၄၅ ဦး၊ အထွေထွေအထူးကု ၁၅၅ ဦး၊ သွားရောဂါ ၅၀ စုစုပေါင်း ၂၇၃ ဦးတို့အား ဆေးကုသမှုပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ကမ္ဘည်းမဲ့ အုတ်ဂူပိုင်ရှင် ရဲဘော်ဗဟိန်း

ဆူးငှက်



ရဲဘော်ဗဟိန်းကို အင်းဝမြို့မှာ ၁၂၇၉ ခု၊ ဝါဆိုလဆန်း ၉ ရက်(၂၇-၆-၁၉၁၇)ဗုဒ္ဓဟူးနေ့မှာ အဖပွဲစားကြီး ဦးမှင်၊ အမိ ဒေါ်ဒေါ်ဦးတို့က မွေးဖွားခဲ့တာပါ။ မွေးချင်း ခုနစ်ယောက်အနက် ဒုတိယအငယ်ဆုံးဖြစ်ပြီး မူလတန်း ပညာကို အင်းဝမြို့မှာပဲ သင်ကြားခဲ့ပါတယ်။ နောက် မိသားစုက မန္တလေးကိုပြောင်းရွှေ့နေထိုင်ကြပြီးနောက် ဗဟိုအမျိုးသားအထက်တန်းကျောင်း မန္တလေးဥပစာ ကောလိပ်တို့မှာ ပညာဆက်သင်ခဲ့တယ်။ ရန်ကုန် တက္ကသိုလ်မှာ ဘီအေတန်းတက်ရောက်စဉ် ၁၉၃၈ ခုနှစ်မှာပဲ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂမှာ ဥက္ကဋ္ဌ တာဝန်ယူခဲ့တယ်။ အဲဒီအချိန် တိုင်းပြည်မှာ အထွေထွေ အကျပ်အတည်းတွေနှင့်အတူ အုပ်စိုးသူရဲ့ မတရားဖိနှိပ်မှုအပေါ်မှာ မခံနိုင်ကြတဲ့အဆုံး ချောက်ရေနံမြေက အလုပ်သမားထုကြီးက အစိုးရရုံး စိုက်ရာ ရန်ကုန်အထိ ခြေကျင်ချီတက်ပြီး ဆန္ဒပြကြဖို့စုစည်း ညီညွတ်ခဲ့ကြတယ်။ ရေနံမြေမှာရှိတဲ့ အလုပ်သမားထုကြီးနဲ့ မိသားစုများအပါအဝင် လှည်းနေလှေအောင်း မြင်းဇောင်းမကျန်လို့ပြောရမှာပေ့ါ။ ဒီစုစည်းညီညွတ်မှု၊ ငြိမ်းချမ်းစွာဆန္ဒပြမှုကို အုပ်စိုးသူတို့ရဲ့ထုံးစံအတိုင်း လက်နက်နဲ့ပဲ ဖြေရှင်းဖို့ကြိုးစားလာတယ်။ ဒီတင်ပဲ ကျောင်းသားသမဂ္ဂ ခေါင်းဆောင် ရဲဘော်ဗဟိန်းက အလုပ်သမားသပိတ်တပ်ကြီးရဲ့ တပ်ဦးကနေ "မနက်ဖြန် ထွက်ဖြစ်အောင်ထွက်ကြပါ။ အနှောင့် အယှက်တွေ့ရင် အသေခံပါ။ ကျုပ်တို့ကို အခုဖမ်းနေပြီ။ ကိစ္စမရှိပါဘူး။ ကျုပ်ကိုဖမ်းတဲ့အတွက် နက်ဖြန် ဗမာ တစ်ပြည်လုံးဘာဖြစ်သွားမယ်ဆိုတာ သိရပါလိမ့်မယ်။ မြင်းခွာတစ်ချက်ပေါက်ရင် မီးဟုန်းဟုန်းတောက်စေ့ မယ်" လို့ ဟစ်ကြွေးလိုက်တယ်။ ၁၉၃၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်နေ့က မကွေးမြို့ မဲထီးကျောင်းတိုက် သပိတ်စခန်းမှာ ရေနံမြေသပိတ်တပ်ကြီးကို ပြောလိုက်တဲ့ ရဲဘော်ဗဟိန်းရဲ့မိန့်ခွန်းဟာ ဘဝင်တိုင်ညံသွားတာပါပဲ။ ဒီမှာတင် အဖမ်းအဆီးခံခဲ့ရပြီး ထောင်ထဲမှာ 'ခနရှင် လောက' စာအုပ်ကို ပြုစုခဲ့တယ်။

**နိုင်ငံရေးကိုခြေစုံပစ်ဝင်**

၁၉၃၉ ခုနှစ်မှာ ကျောင်းထွက်ပြီး သခင်အောင်ဆန်း၊ သခင်စိုး၊ ရဲဘော်ဂိုရှယ်တို့နှင့်အတူ ဗမာပြည် ကွန်မြူနစ်ပါတီကို လျှို့ဝှက်တည်ထောင်တယ်။ နိုင်ငံရေးကိုခြေစုံ ပစ်ဝင်ပြီး မြေအောက်တော်လှန်ရေးကို ဦးဆောင်ကာ ပြည်သူ့အရေးတော်ပုံ စာတမ်း၊ မီးပွားစာစောင်၊ မြန်မာ တော်လှန်မှုစာတမ်းတွေကို ရေးသားခဲ့တယ်။ ဒီနောက် နိုင်ငံရေးခံယူချက်တူတဲ့ မခင်ကြီးနှင့် မေတ္တာသက်ဝင် လက်ထပ်ခဲ့တယ်။ ၁၉၄၁ ခုနှစ်မှာတော့ ဒို့ဗမာအစည်း အရုံးမှာ အမှုဆောင်လူကြီး တာဝန်ယူခဲ့တယ်။ ဂျပန် တော်လှန်ရေးကာလအတွင်း ပဲခူးရိုးမမှာ သခင်သန်း ထွန်း၊ သခင်သန်းဖေတို့နှင့်တွဲပြီး နိုင်ငံရေးမှူးတာဝန်နှင့် ပြောက်ကျားတပ်ကိုဦးဆောင်ကာ ရန်သူကို အများဆုံး ချေမှုန်းနိုင်ခဲ့တယ်။ တော်လှန်ရေးကာလအတွင်းမှာပဲ ကရင်ဗမာသွေးစည်းရေးစာတမ်းနှင့် လီနင်ရဲ့ 'အစိုးရ နှင့် တော်လှန်ရေး'ကျမ်း ဘာသာပြန်တွေကို ပြုစုခဲ့ တယ်။ ဂျပန်တော်လှန်ရေးအပြီး ဖ. ဆ. ပ. လ ကို ပြန် လည်ထူထောင်သူတစ်ဦးအဖြစ် ဗဟိုဦးစီးအဖွဲ့ဝင် တာဝန်ယူခဲ့သလို ဗမာပြည်ကွန်မြူနစ်ပါတီကိုလည်း စနစ်တကျ ပြန်လည်စည်းရုံးဖွဲ့စည်းရာမှာ ပေါလစ်ဗျူရို လူကြီးအဖြစ် ဆောင်ရွက်ခဲ့တယ်။ ဒီနောက် အလုပ် သမားသမဂ္ဂတည်ထောင်ရေးကိုလည်း ကြိုးပမ်းခဲ့တယ်။ ၁၉၄၅ ခုနှစ် စက်တင်ဘာ ၂၉ ရက်နေ့မှာ စတင်ထုတ်ဝေတဲ့ 'ပြည်သူ့အာဏာဂျာနယ်' ရဲ့ ဦးစီးစာတည်းချုပ် တာဝန်လည်း ယူခဲ့တယ်။

နိုင်ငံရေးခရီးကြမ်းတစ်လျှောက်၊ ဂျပန်တော်လှန်ရေး တစ်လျှောက်၊ ပင်ပန်းဆင်းရဲမှုတွေကြောင့် ကျန်းမာရေး ချို့ယွင်းလာလို့ ဗမာပြည်ကွန်မြူနစ်ပါတီကခွင့်ယူပြီး မန္တလေးရှိ မိဘများနေအိမ်ကိုပြန်ကာ ဆေးကုသခဲ့ တယ်။ အခု အ-ထ-က (၉-စိန့်ပီတာကျောင်း)မှာ ဖွင့်လှစ်ထားတဲ့ ဆေးရုံပေါ် တက်ရောက်ဆေးကုသ နေဆဲ ရဲဘော်ရဲဘက်တွေ စုစည်းခဲ့ကြတဲ့ ဖဆပလ အဖွဲ့ချုပ်ကြီးကနေ ကွန်မြူနစ်ပါတီကို ထုတ်ပယ်ပစ် လိုက်တဲ့ အခြေအနေတစ်ရပ် ပေါ်ပေါက်ခဲ့ပါတယ်။ ကျောင်းသားဘဝကစပြီး သဘောထားရည်ရွယ်ချက် တူစွာ အသက်သွေးချွေးစွန့်ပြီး ခက်ခဲကြမ်းတမ်းတဲ့ နိုင်ငံရေးခရီးကြမ်းကြီးပေါ် အတူတကွဖြတ်သန်းခဲ့ကြ တဲ့ ရဲဘော်ရဲဘက်များအချင်းချင်း သဘောထားကွဲလွဲ ကြတဲ့ ဝမ်းနည်း စိတ်မကောင်းဖွယ်ဖြစ်ရပ်ကို ဖဆပလ ကိုရော ဗမာပြည်ကွန်မြူနစ်ပါတီကိုရော သည်းလှိုက် အူလှိုက်သံယောဇဉ်ကြီးလှတဲ့ ရဲဘော်ဗဟိန်းကို အသိ မပေးဝံ့ခဲ့ကြပါဘူး။ ဒီလို တုန်လှုပ်ဖွယ်သတင်းက မကျန်း မာနေသူရဲ့စိတ်ဓာတ်ကို ဒုက္ခပေး လိမ့်မယ်ဆိုတာ သိရှိခဲ့ ကြလို့ပါပဲ။ ဒါကြောင့် ဒီသတင်းကို သေချာပိတ်ဆို့ထား ကြပါတယ်။

**စိတ်မကောင်းဖြစ်မှု၊ ဒေါသဖြစ်မှုတွေနဲ့**

ဒါပေမယ့် ကံကြမ္မာက မျက်နှာသာမပေးခဲ့ပါဘူး။ နေ့ စဉ်ထုတ်သတင်းစာများကိုပင် ရဲဘော်ဗဟိန်းထံ မပို့ရလို့ တာဝန်ကျဆရာဝန်က ကန့်သတ်ထားတဲ့ကြားကနေ ဘီတီဘရားသားကုမ္ပဏီက လူမမာဆီအမြဲပို့တဲ့ ပေါင်မုန့်နဲ့ ကော်ဖီမှုန့်ကို ထုပ်ပိုးပေးတဲ့ ဂျာနယ်ကျော် သတင်းစာဟောင်းမှာ 'ဖဆပလခါးပိုက်ထဲက ကွန်မြူနစ် မြွေပွေး' ဆိုတဲ့သတင်းနဲ့ သရုပ်ဖော်ပုံကို ဖတ်မိ သွားတဲ့ ရဲဘော်ဗဟိန်းဟာ စိတ်မကောင်းဖြစ်မှု၊ ဒေါသ ဖြစ်မှုတွေနဲ့ ရောဂါသည်းသွားပြီး ၁၉၄၆ ခုနှစ် နိုဝင်ဘာ ၂၀ ရက် နံနက် ၅ နာရီခွဲမှာ ကွယ်လွန်ခဲ့ပါတယ်။ အသက် ၂၉ နှစ်အရွယ်နှင့် ကွယ်လွန်ခဲ့တဲ့ ရဲဘော်ဗဟိန်း(ဝါ) သခင်ဗဟိန်းကို မန္တလေးရွာဟိုင်းသုသာန်မှာ အုတ်ဂူ သွင်းသင်္ဂြိုဟ်ခဲ့ပါတယ်။ မန္တလေးက ဝါရင့်နိုင်ငံရေး သမားကြီးတွေ၊ ရဟန်းပျိုအဖွဲ့တွေ၊ ကျောင်းသားတွေ၊ မိသားစုဝင်တွေဟာ ရွာဟိုင်းသုသာန်ရောက်တိုင်း ရဲဘော်ဗဟိန်းအုတ်ဂူမှာ ဂါရဝပြုကြ၊ အလေးပြုကြ၊ အမှုအတန်းဝေနေကျပါ။ ၁၉၉၀ ပြည့်နှစ်ကျော် ရွာဟိုင်းသုသာန်ဖျက်သိမ်းတော့ ကျောင်းသားနှင့် ရဟန်းပြည်သူတို့က မပျက်စီးအောင် ကာကွယ်နိုင်ခဲ့ ကြလို့ ဘူဒိုဇာထိုးထားတဲ့ ကွက်လပ်ကြီးထဲမှာ ရဲဘော် ဗဟိန်းရဲ့အုတ်ဂူလေး ထီးတည်းကျန်ရစ်နေသေးရဲ့။

**ရဲဘော်ဗဟိန်း အုတ်ဂူ ဘယ်မှာလဲ**

ထီးတည်းကျန်နေတဲ့ ရဲဘော်ဗဟိန်း အုတ်ဂူ ဝန်းကျင်ဟာ အသစ်အသစ်သော တည်ဆောက်ပြုပြင် တိုးချဲ့မှုတွေကြောင့် စီးပွားရေးအရ အကွက်အကွင်း ကောင်းတဲ့နေရာဖြစ်လာတယ်။ ဒါကြောင့် ရွာဟိုင်း သုသာန်နေရာမှာ ကျောက်မျက်ဈေး၊ အားကစားကွင်း နဲ့ ဈေးဆိုင်တန်းတွေ တည်ဆောက်ပြီးတဲ့နောက် ဒီ သမိုင်းဝင်အုတ်ဂူလေးဟာ ဆိုင်ကြိုဆိုင်ကြားရောက်ပြီး ၂၀၀၉ ခုနှစ်ဝန်းကျင် သတိထားမိတဲ့အချိန်မှာ အုတ်ဂူ လေးဟာ အစအနပင်မကျန်အောင် ပျက်စီးပျောက်ဆုံး သွားတယ်။ နေရာတွေကိုပင် မမှတ်မိလောက်အောင် အဆောက်အအုံ ဈေးဆိုင်ခန်းတွေ ဖြစ်ကုန်တယ်။ ရဲဘော်ဗဟိန်း အုတ်ဂူဘယ်မှာလဲ။ ဘယ်ရောက်သွားလဲ။ ဘယ်သူတွေ ဖျက်ဆီးလိုက်တာလဲ။ အားလုံးဟာ အဖြေ တွေ ပျောက်နေတယ်။ ဒီလိုနဲ့ ရဲဘော်ဗဟိန်း ရာပြည့် ကျင်းပဖို့ ကော်မတီအသီးသီးဖွဲ့ပြီး လှုပ်ရှားဆောင်ရွက် နေကြချိန်မှာ အုတ်ဂူနဲ့ပတ်သက်ပြီး သတင်းအစအန တစ်ခုရလာတယ်။ ကုန်လွန်ခဲ့သော ၁၀ နှစ်ကျော် ကာလ လောက် လူခြေတိတ်ချိန် ညသန်းခေါင်လောက်မှာ လူ တစ်စုက အုတ်ဂူကို ဖြိုလှဲပြီး သစ်တုံးဒလိမ့်တွေနဲ့ မလှမ်း မကမ်းက သင်္ချိုင်းရေထဲ တွန်းချ ဖျောက်ဖျက်လိုက် တာ မျက်မြင်ကိုယ်တွေ့ပါဆိုတဲ့ သတင်းပါပဲ။ အုတ်ဂူကို တွန်းချခဲ့တဲ့ သင်္ချိုင်းချောင်း ကမ်းစပ်နေရာကို အတိ အကျမှတ်မိပါတယ်လို့လည်း ဆိုလေတော့ ဒီသတင်းကို ရဲဘော်ဗဟိန်းရာပြည့် ကျင်းပရေးကော်မတီထံ အသိ ပေးခြင်းနှင့်အတူ အသစ်ဖွဲ့စည်းပြီးစ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီထံ တင်ပြခဲ့တယ်။

**သင်္ချိုင်းချောင်းထဲ အုတ်ဂူရှာ**

မြို့တော်စည်ပင်သာယာရေး ကော်မတီကလည်း လူထုကိုယ်စားလှယ်များ အားကောင်းတဲ့ကော်မတီမို့ မြို့တော်ဝန်ဦးဆောင်ကာ သက်ဆိုင်ရာ မဟာအောင် မြေမြို့နယ် ကော်မတီဝင်ကိုယ်တိုင် ကြီးကြပ်ပြီး စက် ယန္တရားတွေနဲ့ သင်္ချိုင်းချောင်းထဲက အုတ်ဂူကို ရှာဖွေ ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် မတ်လ ၂ ရက်နဲ့ ၃ ရက် ဆက် တိုက်ရှာဖွေနေစဉ်မှာပဲ နောက်ထပ် သတင်းတစ်ခုထပ် ရပြန်ပါတယ်။ တကယ်တော့ ပြည်သူလူထုဟာ နှစ် ပေါင်းများစွာ ကြောက်ရွံ့စိုးရိမ်မှုတွေအောက်မှာ လူလား မြောက်ခဲ့ရလေတော့ သိတဲ့၊ မြင်တဲ့၊ ကြားခဲ့တာတွေ ဘယ်သူ့ကိုမှ စိတ်ချယုံကြည်စွာ မပြောရဲခဲ့ကြဘူး။ အမှန်ကို မဖွင့်ဟရဲခဲ့ကြဘူး။ နောက်ရတဲ့သတင်းက သင်္ချိုင်းချောင်းထဲ အုတ်ဂူရှာနေကြတာ လာကြည့်တဲ့ ပရိသတ်တစ်ယောက်ဆီက သဲလွန်စရခဲ့တာပါပဲ။ ဒီသဲလွန်စကို ရတာနဲ့ သက်ဆိုင်ရာကော်မတီဝင်က ချက်ချင်းပဲ သူ့ကို နှစ်ယောက်ချင်းတွေ့ စည်းရုံးပြီး သတင်းကိုဆွဲထုတ်ယူပါတယ်။ ရတဲ့သတင်းက ပိုပြီး ခိုင်လုံတယ်။ မျက်မြင်သက်သေစစ်စစ် ဖြစ်နေတယ်။

သင်္ချိုင်းချောင်းထဲမှာရှိတယ်ဆိုတာကတော့ မဟုတ် တော့တာ သေချာပြီ။ ဒါကြောင့် စက်ယန္တရားများနှင့် ရှာဖွေတာ ရပ်ဆိုင်းလိုက်ပါတယ်။ ကော်မတီဝင်ကိုယ် တိုင် နောက်ထပ်သတင်းပေးသူနဲ့ သိုသိုသိပ်သိပ်တွေ့ ဆုံပြီး ပိုမိုခိုင်လုံအောင် စုံစမ်းတယ်။ သက်ဆိုင်ရာ နေရာတွေကို သွားရောက်လေ့လာတယ်။ သေချာ သလောက်ရှိမှ ရဲဘော်ဗဟိန်း ရာပြည့်ကျင်းပရေး ကော်မတီက ကိုယ်စားလှယ်နှစ်ယောက်နဲ့အတူ သက် ဆိုင်ရာနေရာမှာ သတင်းပေးသူကိုပါ ခေါ်ယူပြီး သူ့ မျက်မြင်ကိုယ်တွေ့ အချက်အလက်တွေကို ပြောစေပါ တယ်။ ပြီးတာနဲ့ နောက်ထပ် အတည်ပြုမယ့်သူတစ်ဦးကို ထပ်မံတွေ့ရှိ တာမို့ တွေ့ဆုံပြီး မေးမြန်းစုံစမ်းတဲ့အခါ စောစောက သိရှိထားတဲ့အချက်အလက်များနဲ့ ဆက်စပ် မှန်ကန်နေပါ တော့တယ်။

**ရဲဘော်ဗဟိန်းဆိုတဲ့ အင်္ဂတေစာလုံးကြောင့်**

၂၀၀၃ ခုနှစ် စက်တင်ဘာလလယ်လောက် ည ၉နာရီဝန်းကျင်လောက်မှာ လူသူကင်းမဲ့နေတဲ့ ရဟိုင်း သုသာန်ဟောင်းထဲက ကွင်းပြင်မှာ ထီးတည်းကျန် နေတဲ့ ရဲဘော်ဗဟိန်းအုတ်ဂူလေးနား ဒိုင်နာကဲ့သို့ ကားတစ်စီးနဲ့ လူရှစ်ယောက်လောက် တစ်စုံတစ်ရာ လှုပ်ရှားလုပ်ကိုင်နေတာ အနီးအနားက တိုက်တန်း ဆိုင်ခန်းဆောက်လုပ်ရေးက ဝန်ထမ်းတစ်ဦးက မြင်လို့ သွားစပ်စုတယ်။ အုတ်ဂူကို ၁၀ပေါင်တူတွေနဲ့ ဖျက်နေ ကြသတဲ့။ ဒါနဲ့ သမိုင်းကြောင်းကို မသိသော်ငြား ဂူပေါ် က ရဲဘော်ဗဟိန်းဆိုတဲ့အင်္ဂတေစာလုံးကြောင့် မနက် လမ်းလျှောက်တိုင်း ဂူနားရောက်ရင် အမှုအတန်းဝေ နေကျမို့ အခုလို အကာလညအခါ လူမသိအောင် လာ ဖျက်ဆီးတာကို ဝန်ထမ်းလေးကပဲ မြင်တွေ့ပြီး အနား ထိသွားကာ မေးမြန်းစပ်စုတော့ ခြိမ်းခြောက် အော် ငေါက်ခံရတယ်။ ဒါပေမယ့် သူတို့ လှုပ်ရှားမှုကို အစ အဆုံးမြင်လိုက်ရတယ်။ ကျိုးပဲ့သွားတဲ့အုတ်ခဲနဲ့ အင်္ဂတေ အစအနတွေကို ပါလာတဲ့ဆာလာအိတ်တွေထဲ မကျန် အောင်ထည့်တယ်။ ဂူအတွင်းပိုင်းနေရာရောက်တော့ မမြင်ရအောင် ပုဆိုးနဲ့အုပ်ပြီးမှ အိတ်တွေထဲထည့်တယ်။ အမှောင်ထဲမှာ သိသိသာသာ မြင်လိုက်ရတာ သားရေ ပြားတွေပဲတဲ့။ ပြီးတော့ အားလုံး အိတ်တွေထဲ ထည့်၊ ကား ပေါ်တင်၊ မောင်းထွက်သွားတယ်။ သူတို့ချင်း ပြောသံ သဲသဲကွဲကွဲကြားလိုက်ရတာ ကြာနီကန်သုသာန်ဆိုတာ ပဲ။ ဒါက မြင်ခဲ့ရသူဆီက သတင်း။

မိသားစုထဲက သိရှိရတာက ကွယ်လွန်ပြီး ဈာပနကိစ္စ အဝဝကို ပါတီနဲ့ ရဲဘော်များကပဲ အစစတာဝန်ယူ ဆောင်ရွက်ခဲ့ကြောင်းနဲ့ လူမမာအိပ်ရာမှာ ကျောအနာ များကြောင့် သားရေပြားတွေ ခင်းပေးခဲ့ရတယ်ဆိုတာ အတည်ပြုခဲ့ပါတယ်။

**အမည်မဲ့ ကမ္ဘည်းမဲ့ ဂူတစ်လုံးရှေ့မှာ**

ဒါကြောင့် ၂၀၀၃ စက်တင်ဘာက ကြာနီကန် သုသာန် ဂူသွင်းစာရင်းမှာ အမည်မဲ့ဂူတစ်လုံး နေရာ ကောင်းမှာ တရားဝင်တည်ခဲ့တာကို ရှာတွေ့တယ်။ အဲ့ဒီ ဂူနေရာလည်း မပျက်မစီး တွေ့ရတယ်။ တစ်ဆက်တည်း အဲဒီကာလက သုသာန်မှာ လုပ်ကိုင်တဲ့ပန်းရန်ထဲက သက်ရှိထင်ရှား တစ်ယောက်ကျန်သေးတယ်။ အသက် ၆၀ ကျော်ပြီ။ သူ့ကို စုံစမ်းခေါ်ယူပြီး ဂူကိုပြ မေးမြန်း တော့ "ဟုတ်တယ်၊ ဒီဂူကို တည်တာသူပါတယ်။ အားလုံး ပန်းရန်သုံးယောက်ပါ။ အရွယ်ကောင်း သန် သန်မာမာ လူလေးယောက်လောက်က ကားနဲ့လာပြီး ဆာလာအိတ်တွေနဲ့ အုတ်တိုအစအနတွေ ဂူသွင်းတာ၊ မှတ်မိနေတာက အိတ်ထဲမှာ အုတ်အင်္ဂတေ အစအန တွေနဲ့အတူ သားရေပြားလိတ်တွေပါတယ်။ ဂူလာသွင်း သူတွေ လိုချင်တဲ့ပုံစံအတိုင်း တည်ပေးရတယ်။ ဂူ တည်တာအပြင် ကန်တော့ဖို့ နေရာ သမံတလင်းပါ ခင်းပေးခဲ့ရတယ်။ သူတို့ အချင်းချင်းပြောသံကြောင့် ထူးထူးခြားခြား မှတ်မိနေတာက သခင်ဗဟိန်းဆိုတဲ့ နာမည်ပါပဲ။ ဒါက ၂၀၁၇ ခုနှစ် မတ်လ ၄ ရက်နေ့ က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဇောအောင်၊ ရဲဘော်ဗဟိန်းရာပြည့် ကျင်းပ ရေးကော်မတီဝင် ကဗျာဆရာ မောင်မိုင်းလွင်(အင်းဝ) နဲ့ ကျွန်တော် ဆူးငှက်တို့ကို အေးရိပ်ငြိမ်သုသာန် (ကြာနီကန်သုသာန်) အရှေ့ခြမ်း လမ်းမဘေးမှာ ရှိတဲ့အမည်မဲ့ ကမ္ဘည်းမဲ့ဂူတစ်လုံးရှေ့မှာ ရဟိုင်း သုသာန်က ရဲဘော်ဗဟိန်းဂူဖျက်တာကို မျက်မြင် တပ်အပ်မြင်ခဲ့သူနဲ့ အခု အေးရိပ်ငြိမ်သုသာန်က ဂူကိုတည်ရာမှာ ပါဝင်ခဲ့တဲ့ ပန်းရန်ဆရာတို့က သူတို့ သိသမျှပြောပြခဲ့တာတွေပါ။

**အေးရိပ်ငြိမ်သုသာန်ရဲ့ အရှေ့ခြမ်း အစွန်အဖျား**

၁၃၀၀ ပြည့် အရေးတော်ပုံကြီးအောင်မြင်ရေး အတွက် 'မြင်းခွာတစ်ချက်ပေါက်ရင် မီးဟုန်းဟုန်း တောက်စေ့မယ်' ဆိုတဲ့ မိန့်ခွန်းနဲ့ ရဲရဲတောက်ထိရောက် စွာလှုံ့ဆော်ပြီး လွတ်လပ်ရေးအတွက် ကျန်းမာရေးနဲ့ အသက်ကိုပင် ပဓာနမထားဘဲ တိုက်ပွဲဝင်ခဲ့တဲ့ ရဲဘော် ဗဟိန်း (ဝါ) သခင်ဗဟိန်းဟာ ဒီနှစ် ၂၀၁၈ ဇွန်လ ၂၇ ရက်ဆိုရင် ရဲဘော်ဗဟိန်း(ဝါ)သခင်ဗဟိန်း ၁၀၁ နှစ် ပြည့်ပါပြီ။ ၁၉၄၆ ခုနှစ် နိုဝင်ဘာ ၂၀ ရက် နံနက် ၅ နာရီခွဲအချိန် အသက် ၂၉ နှစ်အရွယ်နှင့် ကွယ်လွန်ခဲ့ တဲ့ ရဲဘော်ဗဟိန်း (ဝါ) သခင်ဗဟိန်းကို မန္တလေး ရွာဟိုင်းသုသာန်မှာ ဝမ်းနည်းကြေကွဲစွာနှင့် မြို့လုံးကျွတ် ဈာပနပို့ဆောင်ကာ အုတ်ဂူသွင်းသင်္ဂြိုဟ်ခဲ့ပါတယ်။ အခုတော့ ရဲဘော်ဗဟိန်းဟာ မန္တလေးမြောက်ဖျား အေးရိပ်ငြိမ်သုသာန်ရဲ့ အရှေ့ခြမ်း အစွန်အဖျား ကမ္ဘည်း တင် အုတ်ဂူတွေအကြား၊ အတင်းအဓမ္မ အပြောင်း အရွှေ့ခံရတဲ့ အပစ်ပယ်ခံ အညတရ ကမ္ဘည်းမဲ့ အုတ်ဂူ လေးအဖြစ် လူမသိသူမသိ မထင်မရှား ရှိနေပါသေး ကြောင်း တင်ပြလိုက်ရပါတယ်။ ။

၁၃၀၀ ပြည့် အရေးတော်ပုံကြီးအောင်မြင်ရေးအတွက် "မြင်းခွာတစ်ချက်ပေါက်ရင် မီးဟုန်းဟုန်း တောက်စေ့မယ်" ဆိုတဲ့ မိန့်ခွန်းနဲ့ ရဲရဲတောက်ထိရောက် စွာလှုံ့ဆော်ပြီး လွတ်လပ်ရေးအတွက် ကျန်းမာရေးနဲ့ အသက်ကိုပင် ပဓာနမထားဘဲ တိုက်ပွဲဝင်ခဲ့တဲ့ ရဲဘော် . . .

# တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားဧည့်သည်များလည်ပတ်

**နေပြည်တော် ဇွန် ၂၄**

နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှများ၊ ခရီးသွားဆွဲဆောင်သည့်နေရာများ၊ တိုင်းရင်းသားတို့၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ၊ လူနေမှုဘဝပုံစံများကို ကြည့်ရှုလေ့လာ သိမြင်ခံစားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ အဆက်မပြတ် ဝင်-ထွက်သွားလာ လည်ပတ်လျက်ရှိသည်။

**လာရောက်လည်ပတ်**

ဇွန် ၁၅ ရက်မှ ဇွန် ၂၁ ရက်အထိ တာချီလိတ် နယ်စပ် ဝင်၊ ထွက် ပေါက်မှတစ်ဆင့် ညအိပ်၊ နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသားခရီးသွား ဧည့်သည် ၁၃၉၆၄ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည် ၈၄ ဦး၊ ဗီဇာဖြင့်လာရောက် လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည် ၇၇ ဦး ရှိကြောင်း သိရသည်။

နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည် အများစုသည် တာချီလိတ်မြို့ရှိ အထင်ကရနေရာများဖြစ်သော တာလော့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ဝမ်ကောင်းဈေး၊ ကိုးမြို့ရှင်နတ်နန်း၊ ရွှေတိဂုံစေတီတော်၊ မြို့လယ်ဓမ္မာရုံ၊ ပဒေါင်ကျေးရွာ၊ နဂါးနှစ်ကောင် ဆရာတော်ကျောင်း၊ ကွမ်ရင်မယ်တော် တရုတ်ဘုံကျောင်း၊ ကျောက်တန်းဈေးများသို့ သွားရောက်လည်ပတ်ကြသည်။

ညအိပ်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ ဈေးတန်းကြီး ဘုန်းကြီးကျောင်း၊ သမိုင်းဝင်ဆုတောင်းပြည့် ဆံတော်ရှင်စွန်တောင်းစေတီ၊ ကျိုင်းတုံမြို့အဝင် ဗုဒ္ဓဥယျာဉ်နှင့် ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိ၊ ဟိုခုံ ကျောင်း၊ မြဘုရားကျောင်း၊ ကျိုင်းရင်းဘုန်းကြီးကျောင်း၊ ဝပ်အင်းကျောင်း၊ စွန်တောင်စေတီ၊ ကျော့မ်ဆရီစေတီ၊ ရမ်ကုန်းကျောင်း၊ ပါလျှန်ကျောင်း၊ ရပ်တော်မူ၊ သစ်တစ်ပင်တောင်၊ ကမ္ဘာအေး စေတီ၊ စံပြယန်းလောကျေးရွာ၊ ကတ်တောင်ကျေးရွာအနီးရှိ ကိုးထပ်ရေတံခွန်စသည့် အထင်ကရ နေရာများသို့ သွားရောက်လည်ပတ်ကြသည်။

**နေ့ချင်းပြန်ခရီး**

တာချီလိတ် နယ်စပ်ဝင်ပေါက်မှ တစ်ဆင့် ဝင်ရောက်သည့် နိုင်ငံခြားခရီးသွားဧည့်သည်မှာ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ဇွန် ၂၁ ရက်အထိ ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသားအများစု ပါဝင်သောနေ့ချင်းပြန်ခရီးသည် စုစုပေါင်းမှာ ၁၈၀၄၆၂ ဦးဖြစ်ပြီး မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် ခရီးသည် စုစုပေါင်း ၁၉၉၃ ဦးနှင့် ဗီဇာဖြင့် တာချီတ်လိတ်မှတစ်ဆင့် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ဝင်ရောက်လည်ပတ်သည့် ခရီးသည်စုစုပေါင်း ၁၅၈၁ ဦးတို့ ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**





# ပြည်နယ်ဝန်ကြီးချုပ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်

**တောင်ကြီး ဇွန် ၂၄**

၂၀၁၈ ခုနှစ် ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလားမြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇွန်လ တတိယပတ်က ညနေက ရှမ်းပြည်နယ် တောင်ကြီးမြို့ အားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ဆုများချီးမြှင့်**

ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ပထမဆုရ ညောင်ရွှေမြို့နယ်အသင်းအားလည်းကောင်း၊ ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်က ဒုတိယဆုရ ဟိုပုံးမြို့နယ်အသင်းအားလည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းမြင့်က တတိယဆုရ ရပ်စောက်မြို့နယ်အသင်းအားလည်းကောင်း၊ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမူမူမြင့်က အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရ ပင်လုံမြို့နယ်အသင်းအားလည်းကောင်း၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဆုရအသင်းလိုက်၊ တစ်ဦးချင်းအလိုက်ဆုများနှင့် ငွေသားများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမျိုးသားအသင်းလိုက် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုရ သိန်းနီမြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ဆုဖလားနှင့် ငွေကျပ်ငါးသိန်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးက ဒုတိယဆုရ လားရှိုးမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ကျပ်သုံးသိန်းတို့အား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# လဟယ်မြို့နယ်အတွင်း လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများစစ်ဆေး



**လဟယ် ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လဟယ်မြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် တည်ဆောက်ပေးလျက်ရှိသော ကျေးလက် လမ်းနှင့်တံတားများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ဇွန် ၂၂ ရက် နေ့လယ်ပိုင်းက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နာဂဦးစီးအဖွဲ့ဝင် (စီးပွား) ဦးရိထင်၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခန္တီးခရိုင်မှ ဒေသကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထင်ကျော်နှင့်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

လဟယ်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်ပေးလျက်ရှိသော အဆိုပါ လမ်းတံတားများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက် လပတ် (ဧပြီလမှ စက်တင်ဘာလအထိ) ပြည်ထောင်စုရန်ပုံငွေနှင့် တတိယအကြိမ်အဖြစ် အိန္ဒိယနိုင်ငံမှ ထောက်ပံ့သည့်ငွေများဖြင့် တည်ဆောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်း ကျေးလက် လမ်း/တံတားများ ဖွံ့ဖြိုးရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၈၄ သန်းဖြင့် အကျယ် ၂၄ ပေ၊ အရှည် ၂ မိုင်ရှိ (လဟယ်-လုံခင်-ယွန်တိုင်း-လွန်ထောင်း) ကျေးရွာချင်းဆက် မြေသားလမ်းကို စစ်ဆေးခဲ့သည်။

ထို့အပြင် တတိယအကြိမ်အဖြစ် အိန္ဒိယနိုင်ငံမှ ထောက်ပံ့သည့်ငွေကျပ် ၃၉၄ သန်းဖြင့် တည်ဆောက်ခင်းကျင်းပေးလျက်ရှိသော လမ်းအကျယ် ၂၄ ပေ၊ လမ်းအရှည် (၆/၂) မိုင်အရှည်ရှိ (လဟယ်-လောင်ကျန်းနောက်ကုန်း-တိုက်ရံ)ကျေးရွာခြင်းဆက် မြေသားလမ်း နှင့် လမ်းဘေး ဘယ်/ညာမှ အကျယ် လေးပေရှိ ရေနုတ်မြောင်းတည်ဆောက်မှုအားလည်းကောင်း၊ လဟယ်ဝုထကျေးရွာချင်းဆက် လမ်းမပေါ်ရှိ (၁၆×၂၄×၁၅)ပေရှိ သံကူကွန်ကရစ် တံတားတည်ဆောက်နေမှုတို့အား ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# တာချီလိတ်၌ မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးများ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များ ပြသ

**တာချီလိတ် ဇွန် ၂၄**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဇွန် ၂၂ ရက် နံနက် ၉ နာရီက တာချီလိတ် အခြေခံပညာအထက်တန်းကျောင်းတွင် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကို ကျင်းပသည်။

တာချီလိတ်အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအေးသိန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလှဌေးက ကျောင်းသားလူငယ်များ စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတတိုးပွားရရှိရေးကိုလည်းကောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ ဒုတိယရဲမှူးသက်မောင်က မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်များ၊ ပြစ်မှုပြစ်ဒဏ်ဆိုင်ရာများနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (တာချီလိတ်ခရိုင်)မှ အတွင်းရေးမှူး ဦးသိန်းထွန်းက ရှောင်လေဝေးဝေး မူးယစ်ဆေးခေါင်းစဉ်ဖြင့်လည်းကောင်း ပညာပေးဟောပြောသည်။

ဟောပြောပွဲအပြီးတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံများနှင့် စာအုပ်စာစောင်များပြသရာ ကျောင်းသား ကျောင်းသူများက လေ့လာဖတ်ရှုကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကျောင်းအုပ်ဆရာကြီးဦးအေး သိန်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ အင်အား ၂၅၀ ကျော် တက်ရောက်ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**



## မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲ ဖရူဆို၌ ကျင်းပ

**ဖရူဆို ဇွန် ၂၄**
ဖရူဆိုမြို့နယ် လူထုဗဟိုပြုတတိယနှစ်စက်ဝန်းတွင် မြို့နယ်အဆင့်သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ဇွန် ၂၂ ရက် နံနက်ပိုင်းက ဖရူဆိုမြို့နယ်ခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်သူအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်လူထုဗဟိုပြုစီမံကိန်း ဒုတိယတာဝန်ခံ ဒေါ်နော်ချောစုက ဆောင်ရွက်ခဲ့သည့်စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ မြို့နယ်နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင်ဦးမောင်ပိုက တတိယနှစ်စက်ဝန်းတွင် ဆောင်ရွက်ပြီးစီးခဲ့သော စီမံကိန်းလုပ်ငန်းခွဲများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက်စီမံကိန်းလုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များကို အုပ်စု ခုနစ်စုခွဲ၍ ဆွေးနွေးကြပြီး ဆုရရှိသောကျေးရွာများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျေးလက်ဦးစီးဌာန(ရုံးချုပ်)မှတာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်လူထုဗဟိုပြု စီမံကိန်းမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ NGO,INGO,CSO အဖွဲ့အစည်းနှင့် စီမံကိန်းအထောက်အကူပြုကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။ **ဝတ်ရည်(ပြန်ဆက်)**

## သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ခြင်နှင့်ပိုးလောက်လမ်းနှိမ်နှင်း

**ရန်ကုန် ဇွန် ၂၄**
ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်၌သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်သည့်အနေဖြင့် ခြင်နှင့်ပိုးလောက်လမ်းများပေါက်ပွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းကို ဇွန် ၂၂ ရက်က ခနောင်တိုအရှေ့ရပ်ကွက်တွင် ဆောင်ရွက်ခဲ့သည်။

ဆေးဖျန်းရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ခိုင်ဌေးဦးဆောင်၍ မြို့နယ်ကျန်းမာရေး၊ မြို့နယ်စည်ပင်သာယာရေး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ တစ်အိမ်တက်ဆင်းသွားရောက်၍ ခြင်ဆေးဖျန်းခြင်း ဖုံး သွန် လဲ စစ်ဆောင်ရွက်ပေးခြင်း၊ သုံးရေများအတွင်း အဘိတ်ဆေးခတ်ပေးခြင်းအပြင် မြို့နယ်ကျန်းမာရေးဆရာမများက ကျန်းမာရေးအသိပညာပေး ရှင်းလင်းပြောကြားကြကြောင်း သိရသည်။

ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ရပ်ကွက် ကိုးခုရှိရာ ကျန်ရှိသောရပ်ကွက်များကိုလည်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ **ဝေယံ(ဆိပ်ကြီးခနောင်တို)**

## အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အကြိုအသိပညာပေးဟောပြော



**တွံတေး ဇွန် ၂၄**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ဥပဒေရုံးနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုဟောပြောပွဲကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဦးငွေသူရက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ဦးက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြလွင်လွင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ရှင်းလင်းရာ မူးယစ်ဆေးဝါးဆိုးကျိုး အန္တရာယ်များ၊ ဆောင်ရန်ရှောင်ရန်များ၊ ပြဋ္ဌာန်းထားသည့် ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်သားကောင်တို့၏ စက်ကွင်းအန္တရာယ်များ၊ မူးယစ်ဆေးဝါးသည် လူငယ်တို့၏ အနာဂတ်အတွက် ပျက်စီးစေမည့် အရာတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်သန္တာထွန်းက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ပြစ်မှုပြစ်ဒဏ် ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ တွံတေးမြို့နယ် ရဲတပ်ဖွဲ့မှ ရဲအုပ်ရန်နိုင်ထွန်းက ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ မူးယစ်ဆေးဝါးသည် လူငယ်များ အနီးအနားတွင် လွယ်လင့်တကူရရှိနိုင်သည့် အရာဖြစ်သည့်အတွက် လူငယ်များအနေဖြင့် အချိန်မရွေးမူးယစ်ဆေးဝါးနှင့်ပတ်သက်၍ မူးယစ်နွံအတွင်း သက်ဆင်းသွားနိုင်ကြောင်း၊ မူးယစ်ဆေးဝါးများ ပုံစံအမျိုးမျိုးနှင့် ပေါ်ပေါက်ပုံတို့ကို ရှင်းလင်းခဲ့သည်။

ထို့နောက် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူအသီးသီးက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မျိုးလှိုင် (တွံတေး)**

## မှော်ဘီမြို့နယ်တွင် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး ဟောပြော

**မှော်ဘီ ဇွန် ၂၄**
အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုအဖြစ် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်တွင် ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေး ဟောပြောခြင်းနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်စာစောင်ပြပွဲကို ဇွန် ၂၂ ရက် မွန်းလွဲ ၁ နာရီက အထက ၁ မှော်ဘီကျောင်းရှိ ပညာရတနာခန်းမတွင် ကျင်းပသည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေက အဖွင့်အမှာစကားပြောကြားသည်။ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးဦးသိန်းတိုးက "မူးယစ်ဆေးဝါး အန္တရာယ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းမှ ဥက္ကဋ္ဌ ဦးနေလင်းက "လူငယ်နှင့်မူးယစ်ဆေးဝါး အန္တရာယ်"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်တင်မူမြင့်က "မူးယစ်ဆေးဝါးနှင့် ကျန်းမာရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်လဲ့လဲ့ကိုက "မူးယစ်ဆေးဝါး ဆိုင်ရာဥပဒေ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပုလဲမြို့ ပုလဲရတနာခန်းမ၌ လူငယ်နှင့်အနာဂတ်နိုင်ငံတော် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ပုလဲ ဇွန် ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ပုလဲရတနာခန်းမ၌ ယနေ့ နံနက် ၉ နာရီက မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ "လူငယ်နှင့် အနာဂတ်နိုင်ငံတော်"ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်စိုးက ဒီမိုကရေစီစနစ်၏ အင်္ဂါရပ်များနှင့်အညီ အများပြည်သူနှင့်အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့်အကြောင်းအရာ ကိစ္စများ ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရန်၊ မိမိရပ်ရွာဒေသတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများ ရှိလာစေရန်နှင့် ပြည်သူလူထု စဉ်းစားတွေးခေါ်မှုများ မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်များဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးအောင်ထွန်းမြင့်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမြင့်အောင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မိုးနိုင်၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးတင်ငွေ၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဝင်းနှင့် မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးဌေးလင်းအောင်တို့က "လူငယ်နှင့်အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲ တက်ရောက်လာကြသော လူငယ်များနှင့် ဒေသခံပြည်သူများက ဆွေးနွေးသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထက်နှင့် ဌာနတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာများမှ လူငယ်များနှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၁၉၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဖေယျာမြေ)**

## စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး

**ဒိုက်ဦး ဇွန် ၂၄**
ဒိုက်ဦးမြို့နယ် ကျိုက်စကော စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများအား အသိပညာပေးဟောပြောပွဲကို ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ စားသုံးသူရေးရာဌာနခွဲ တာဝန်ခံ ပဲခူးခရိုင်ဦးစီးမှူး ဦးအောင်သိုက်က စားသုံးသူအခွင့်အရေး(၈)ရပ်ကိုလည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(မြန်မာ)အကြောင်းကိုလည်းကောင်း၊ အကျဉ်းသားများအနေဖြင့် ပြစ်ဒဏ်မှလွတ်မြောက်လာသည့်အချိန်တွင် စားသုံးသူအနေဖြင့် ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုများကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုရှိလာပါက စားသုံးသူရေးရာဦးစီးဌာနတွင် ဖွင့်လှစ်ထားသော CICC စင်တာများအား လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ email ဖြင့်ဖြစ်စေ တိုင်ကြားနိုင်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များဖြစ်လျှင်လည်း စီးပွားရေးလုပ်ငန်းရှင်များ၏အခွင့်အရေးများရှိသလို တာဝန်နှင့်တားမြစ်ချက်များကို လိုက်နာဆောင်ရွက်ကြရန်လိုအပ်ကြောင်း ရှင်းလင်းဟောပြောသည်။

**ခရိုင်(ပြန်/ဆက်)**

## ညောင်ရမ်း အထကတွင် မှူးခင်းအသိပညာပေးဟောပြော

**သာစည် ဇွန် ၂၄**
သာစည်မြို့နယ် ညောင်ရမ်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း စုဝေးသဘင်ခန်းမ၌ ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရဲအုပ်ဇာလင်းက ကျောင်းသားကျောင်းသူများအား လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများနှင့် လိုက်နာဆောင်ရွက်ရေး၊ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားရေးနှင့် ကြိုတင်ကာကွယ်တားဆီးရေး၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကို အသိပညာပေးဟောပြောဆွေးနွေးပြီး မှူးခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ **မောင်ကို(သာစည်)**

**ရန်ကုန် ဇွန် ၂၄**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် လသာကုန်းကျေးရွာ၌ ဇွန် ၂၃ ရက် နံနက် ၁၁ နာရီတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးသန်းဦး၊ နယ်ထိန်းအရာရှိ ရဲအုပ်အောင်ဇော်မိုး၊ ညောင်လန်းကုန်း ရဲကင်းမှူး ဒုရဲအုပ်ကောင်းမြတ်မော်တို့က မှူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် မူးယစ်ဆေးဝါးများအကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **၁၁၈**

## အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကဗျာ၊ ပုံပြော၊ စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဇွန် ၂၄**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် Community Centre ဘက်စုံသုံးခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများအား ကဗျာ၊ ပုံပြော၊ စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇွန် ၂၂ ရက် ညနေ ၄ နာရီခွဲက ကျင်းပသည်။

အင်းစိန်မြို့နယ် တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်တို့က အမှာစကားပြောကြားပြီး မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးဘိုကြည်က အမှတ်ပေး စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြား၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြောက်ပိုင်းခရိုင် မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းကြည်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကဗျာ၊ ပုံပြောနှင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ညဏ်ဟိန်း**

# ဘေးအန္တရာယ်ကျရောက်ချိန်တွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် စေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ

တက္ကသိုလ်ဇော်ထူးဦး

အရေးပေါ်အခြေအနေဆိုသည်မှာ လူမှုအသိုက်အဝန်းတစ်ခုသည် ပုံမှန်လည်ပတ်နိုင်ခြင်းမရှိတော့ဘဲ လူ၊ အဆောက်အအုံ၊ ပစ္စည်းဥစ္စာနှင့် သဘာဝပတ်ဝန်းကျင်တို့ နေရာအနှံ့ပျက်စီးဆုံးရှုံးကာ လက်ရှိစွမ်းအားဖြင့် ကျော်လွှားဖြေရှင်းနိုင်စွမ်းမရှိတော့သည့်အခြေအနေဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကမူ တစ်ရက်လျှင် လူတစ်သောင်းတွင် တစ်ယောက်ထက်ပို၍သေဆုံးနေလျှင် အရေးပေါ်အခြေအနေဟု သတ်မှတ်ထားသည်။

အရေးပေါ်အခြေအနေဖြစ်ပွားနိုင်သည့် ဖြစ်ရပ်များစွာရှိနိုင်သည်။ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ လူတို့ဖန်တီးမှုကြောင့်လည်းကောင်း ဖြစ်နိုင်ပြီး၊ အချိန်ကြာမြင့်မှုမှာ တစ်ခါတစ်ရံ ခန့်မှန်းရခက်သည်။ ရုတ်ခြည်းဖြစ်ပွားသောအခြေအနေများရှိသလို တဖြည်းဖြည်းဖြစ်ပွားသောအခြေအနေများလည်းရှိနိုင်သည်။

အရေးပေါ်အခြေအနေဖြစ်ပွားပြီးပါက နောက်ဆက်တွဲအဖြစ်အပျက်များစွာရှိနိုင်သည်။ လူများထိခိုက်အနာတရဖြစ်ခြင်း၊ အသက်ဆုံးရှုံးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ ပစ္စည်းဥစ္စာနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆုံးရှုံးခြင်း၊ လုပ်ငန်းဆောင်တာများ ပျက်စီးခြင်း၊ လူမှုအထောက်အကူပြုစနစ် ပြတ်တောက်ခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုပျက်စီးခြင်း၊ ထို့နောက် ဆင်းရဲမွဲတေခြင်းတို့ဖြစ်ကြရသည်။

## ကျန်းမာရေးထိခိုက်

အရေးပေါ်အခြေအနေများနှင့် ကြီးမားသော ကျယ်ပြန့်သောဘေးဒုက္ခများကြောင့် ပြည်သူ့ကျန်းမာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများ ထိခိုက်ပျက်စီးလျက်ရှိခဲ့သည်။ မှတ်တမ်းများအရ လွန်ခဲ့သောဆယ်စုနှစ်ကကြီးမားသော သဘာဝဘေးဒုက္ခကျရောက်မှု ၄၀၀၀ ကျော်ဖြစ်ပွားခဲ့ရာ လူဦးရေ ၁ ဒသမ ၁ သန်းကျော်အသက်ဆုံးရှုံးခဲ့ရသည်။ ထို့အတူ လူဦးရေသန်းပေါင်း ၂၂၀ ကျော်မှာလည်း နှစ်စဉ် ဘေးဒုက္ခနှင့် ကြုံတွေ့နေရသည်။ လူဦးရေ ၁ ဒသမ ၅ ဘီလီယံတို့သည် စစ်မက်ဖြစ်ပွားမှုများ၊ ကြီးမားကျယ်ပြန့် သော အကြမ်းဖက်မှုများကြောင့် ထိလွယ်ရှလွယ်သည့် နိုင်ငံများအတွင်း နေထိုင်လျက်ရှိကြသည်။

၂၀၁၂ ခုနှစ်မှတ်တမ်းများအရ ၁၆ နိုင်ငံမှ ခန့်မှန်းခြေလူဦးရေ ၅၁ သန်းကျော်မှာ ပုံစံအမျိုးမျိုးသောလူသားချင်းစာနာထောက်ထားမှုအကူအညီများ လိုအပ်ခဲ့သည်။ ယင်းသည် ဘေးဒုက္ခအလုံးစုံကြောင့်မဟုတ်ဘဲ အခြားအရေးပေါ် အခြေအနေများဖြစ်သည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပြဿနာများဖြစ်သည့် ရောဂါကူးစက်ခံရမှု၊ ဓာတုနှင့် ရေဒီယိုသတ္တိကြွမှုဆိုင်ရာအခြေအနေများနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ထိခိုက်မှုများကြောင့်ဖြစ်သည်။ အဆိုပါအခြေအနေများသည် နိုင်ငံအဆင့်သာမက နိုင်ငံတကာဆက်နွယ်နေသော စီးပွားရေးလုပ်ငန်းများအတွက် ဒေါ်လာဘီလီယံပေါင်းများစွာနစ်နာခဲ့ရပြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် ကျန်းမာရေးဆိုင်ရာအကျိုးအမြတ်ရရှိမှုများကိုလည်း လျော့ကျစေခဲ့သည်။

အရေးပေါ်ဘေးဒုက္ခကျရောက်မှုများတွင် ဘေးအန္တရာယ်ကျရောက်နိုင်ဆုံးနှင့် ဘေးအန္တရာယ်ဒဏ်ခံရအလွယ်ဆုံးအုပ်စုတွင် အမျိုးသမီးနှင့် ကလေးငယ်များပါဝင်နေသည်။ စစ်မက်ဆိုင်ရာပဋိပက္ခဖြစ်ပွားနေသောနိုင်ငံ ၁၀ နိုင်ငံအနက် ရှစ်နိုင်ငံတွင် မွေးဖွားမှုကြောင့်မိခင်သေဆုံးမှုနှင့် မွေးကင်းစကလေးသေဆုံးမှုနှုန်းမှာမြင့်မားလျက်ရှိသည်။ ထို့အပြင် အိတ်ချ်အိုင်ဗွီအေအိုင်ဒီအက်စ်ရောဂါကဲ့သို့ ကူးစက်မှုများကိုလည်းတွေ့ရသည်။ လူများရွှေ့ပြောင်းသွားလာနေမှု၊ အစားအစာ မလုံလောက်မှု၊ ကယ်ဆယ်ရေးစခန်းများနေရာချထားမှု၊ ဆင်းရဲမွဲတေမှုအခြေအနေတို့သည်လည်း ရောဂါကူးစက်မှုအတွက် အန္တရာယ်များပင်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကျရောက်မှုများနှင့် လူတို့၏ပယောဂကြောင့်ဖြစ်ပွားသော ဘေးဒုက္ခအခြေအနေများတွင် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးပြဿနာများသည် 'လူထုကျန်းမာရေးအရေးပေါ်အခြေအနေများ' Public Health in Emergency ဖြစ်သည်။ အဆိုပါအခြေအနေများသည် ဘေးအန္တရာယ်ဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီးနောက်ပိုင်းတွင် နောက်ဆက်တွဲပြဿနာများအဖြစ် စိုးရိမ်ဖွယ်ရာကျန်ရစ်သည်။ ကူးစက်ရောဂါ၊ ကပ်ရောဂါအသွင်ဖြင့် လူထု၏ကျန်းမာရေးကို ထိခိုက်စေသည်။

ဘေးအန္တရာယ်များသည် လူထု၏ပုံမှန် လုပ်ကိုင်ဆောင်ရွက်နေမှုများကို ဖရိုဖရဲဖြစ်စေသည်။ ထိခိုက်ဒဏ်ရာများ ရရှိခြင်း၊ အသက်ဆုံးရှုံးခြင်း၊ ပစ္စည်းဥစ္စာနှင့်ပတ်ဝန်းကျင်ဆုံးရှုံးခြင်းစသည်တို့သည် အရေးပေါ်အခြေအနေများဖြစ်သည်။ ဘေးဒုက္ခနှင့် အရေးပေါ်အခြေအနေသည် တစ်ဦးချင်း အိမ်ထောင်စု လူထုအသိုက်အဝန်း၊ မြို့နယ် ခရိုင်တိုင်းဒေသကြီး ပြည်နယ် နိုင်ငံအဝန်း လူတို့၏နေထိုင်မှုအဆင့်တိုင်းတွင် ထိခိုက်မှုရှိနိုင်သည်။ ထိုထိခိုက်မှုအနည်းအများသည် ဘေးဒုက္ခကျရောက်မှု၏ ပြင်းထန်မှုနှင့် အမျိုးအစားပေါ်မူတည်သည်။ ဘေးဒုက္ခ၏နောက်ဆက်တွဲဆိုးကျိုးများကို လူထုကတုံ့ပြန်ချိန်ကြာလေလေ ပို၍ဆိုးကျိုးခံစားရလေလေဖြစ်သည်။ ထို့ကြောင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှသာ အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည်ဖြစ်သည်။ ဘေးဒုက္ခအမျိုးမျိုးပေါ်မူတည်၍ အမျိုးမျိုးထိခိုက်နိုင်သည်။ သို့အတွက် ဘေးဒုက္ခ ကျရောက်မှုအပေါ် လူထု၏ ထိခိုက်ဆုံးရှုံးလွယ်မှုအခြေအနေများကိုလည်း နားလည်ရန်လိုအပ်သည်။

အရေးပေါ်အခြေအနေတွင်ဖြစ်ပွားသော ပြည်သူ့ကျန်းမာရေးပြဿနာများမှာ ထိခိုက်ဒဏ်ရာရရှိခြင်း၊ စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ ကျန်းမာရေးအဆောက်အဦများပျက်စီးခြင်း၊ ရေပေးဝေရေးစနစ်ပျက်စီးခြင်း၊ အစားအစာပြတ်လပ်ခြင်း၊ လူအများအစုလိုက်အပြုံလိုက်ပြောင်းရွှေ့ခြင်း၊ ကူးစက်ရောဂါဖြစ်ပွားခြင်း၊ ရောဂါဖြစ်ပွားမှုများလာခြင်းနှင့် အသက်သေဆုံးမှုများရှိလာနိုင်ခြင်းတို့ဖြစ်သည်။



## ကပ်ရောဂါဖြစ်ပွားနိုင်

အရေးပေါ်အခြေအနေတွင် ကပ်ရောဂါအသွင်ဖြစ်ပွားနိုင်သောရောဂါများမှာ ကာလဝမ်းရောဂါ၊ မသန့်ရှင်းသော ရေနှင့် အစားအစာကြောင့်ဖြစ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါများ၊ အသက်ရှူခက်ခဲခြင်း၊ ချောင်းဆိုးခြင်း၊ တီဘီရောဂါကဲ့သို့ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ခြင်၊ ယင်၊ ကြွက် လင်းနို့ကဲ့သို့ ရောဂါပိုးသယ်ဆောင်သော ပိုးမွှားများမှ တစ်ဆင့်ကူးစက်တတ်သောရောဂါများ၊ ဦးနှောက်အမြှေးရောင်ဝက်သက်၊ ပိုလီယိုစသည့် ကာကွယ်ဆေးများဖြင့် ကြိုတင်တားဆီးမှသာရသည့် ရောဂါများ၊ ထိတွေ့မှုဖြင့် အလွန်ကူးစက်လွယ်သည့် အီဘိုလာ၊ မားဘပ်စ်ဗိုင်းရပ်စ်ကြောင့်ဖြစ်သည့် ကူးစက်မြန်ရောဂါများ၊ ကြက်ငှက်တုပ်ကွေး၊ လူတုပ်ကွေး၊ ဆားစ်၊ ဇီကာစသည့် ရောဂါအသစ်အဆန်းများ ဖြစ်ပွားနိုင်သည်။

သဘာဝဘေးအန္တရာယ်ကျရောက်စဉ်နှင့် ပဋိပက္ခဖြစ်ပွားမှုများတွင် ဘေးဒုက္ခထိခိုက်ခံစားနေရသူများအနေဖြင့်မိမိတို့နေရာဒေသအတွင်း ပျက်စီးယိုယွင်းမှုများကြောင့် နေရာဒေသကိုစွန့်ခွာကာ ယာယီကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိလာကြသည်။ အဆိုပါကယ်ဆယ်ရေးစခန်းများတွင် လူအများစုဝေးနေထိုင်ကြရသည့်အတွက် ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်ကြရမည်ဖြစ်သည်။ ရင်ခွင်ပိုက်ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် မိခင်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ရောဂါသည်များ၊ ယောကျ်ားမိန်းမများ၊ ဆယ်ကျော်သက်အရွယ်များတို့သည် ကျန်းမာရေးပြဿနာများကို ဖြစ်ပွားလွယ်သောအုပ်စုများဖြစ်သည်။ မည်သည့်အုပ်စုသည်မည်သို့ရောဂါကြောင့် ထိခိုက်ဆုံးရှုံးလွယ်နိုင်ကြောင်း သိရှိရန် အလွန်အရေးကြီးသည်။ မည်သူသည် မည်သည့်အကူအညီလိုကြောင်းနှင့် မည်ကဲ့သို့လိုအပ်ကြောင်း သိရှိရမည်ဖြစ်သည်။

## စေတနာ့ဝန်ထမ်းလိုအပ်

အရေးပေါ် ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် လူထုအားကူညီရန် စေတနာ့ဝန်ထမ်းများ၏အခန်းကဏ္ဍမှာ အထူးလိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် ဘေးဒုက္ခအန္တရာယ်များဖြစ်ပွားချိန်တွင် ကျန်းမာရေးဝန်ထမ်းအင်အားနှင့် ပစ္စည်းအင်အားသည် ဒေသခံလူထုအားပြုစုစောင့်ရှောက်ရန်မလုံလောက်ပေ။ များပြားသောလူနာများကို ပြုစုစောင့်ရှောက်ပေးနိုင်ရန်အတွက် ဒေသခံစေတနာ့ဝန်ထမ်းများ၏ လုပ်အားနှင့်အကူညီကိုလိုအပ်သည်။ ဒေသခံစေတနာ့ဝန်ထမ်းများသည် မိမိဒေသ၏ လူများအကြောင်းကို အသိဆုံးနားအလည်ဆုံးဖြစ်သည်။ မိမိဒေသ၏ဓလေ့ထုံးစံအစဉ်အလာများကိုသိရှိထားပြီးဖြစ်သည်။ လိုအပ်သောအရင်းအမြစ်နှင့် လိုအပ်ချက်များကို ရှာဖွေပေးနိုင်သူများလည်းဖြစ်သည်။

ကောင်းမွန်စွာပြင်ဆင်ထားသော စေတနာ့ဝန်ထမ်းလူထုအဖွဲ့အစည်းများသည် လူထုအတွင်းကျန်းမာရေးဆိုင်ရာ ပြဿနာများအား ကာကွယ်ရေးတားဆီးရေးလုပ်ငန်းများကို ကူညီဆောင်ရန်ပေးရန်လိုအပ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်၊ သဘာဝဘေးအန္တရာယ် တုံ့ပြန်ကယ်ဆယ်ရေးသင်တန်းများပေးခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း၊ လူ့အရင်းအမြစ်နှင့် ရုပ်ဝတ္ထုအရင်းအမြစ်များ မည်သည့်နေရာတွင် ရရှိနိုင်သည်၊ တည်ရှိသည်ကို သိရှိထားရန်လိုအပ်သည်။ လူထုအခြေပြု အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များကိုစုစည်းကာ အသင့်ပြင်ဆင်ထားရမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့် အရေးပေါ်အခြေအနေတွင် ပြည်သူလူထု၏ ကျန်းမာရေးအတွက် စေတနာ့ဝန်ထမ်းများအနေဖြင့် ကူးစက်ရောဂါထိန်းချုပ်ရေးလုပ်ငန်းများဖြစ်သော ကျန်းမာရေးပညာပေးခြင်း၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရောဂါကုသရေးနှင့် ညွှန်းပို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရမည်။ ကျန်းမာရေးပညာပေးရာတွင် ကူးစက်ရောဂါနှင့်ပတ်သက်၍ မည်ကဲ့သို့ကာကွယ်ရမည်၊ မည်သို့နေထိုင်ရမည်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို မည်ကဲ့သို့ ကူညီဆောင်ရွက်မည်၊ ရောဂါတစ်ဦးမှတစ်ဦးသို့ မပျံ့နှံ့စေရန်မည်သို့ဆောင်ရွက်မည်၊ ကျန်းမာရေးနှင့်ညီအောင် မည်သို့နေထိုင်မည်ကို အသိပညာပေးရမည်။ ရောဂါကာကွယ်ရေးလုပ်ငန်းများအဖြစ် ရောဂါကူးစက်မှု မရှိစေရန် ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးစသည့် အမူအကျင့် အလေ့အကျင့်များရရှိစေရန် ဆောင်ရွက်ပေးရမည်။ ကုသရေးနှင့်ပတ်သက်၍ နေထိုင်မကောင်းသူများအတွက် ကူညီဆောင်ရွက်ပေးခြင်း၊ ရောဂါ ပြင်းထန်သော လူနာအား ဆေးရုံဆေးခန်းသို့ ညွှန်းပို့ပေးခြင်း၊ ဝမ်းပျက်ဝမ်းလျှောသူများအား ဓာတ်ဆားရေတိုက်ခြင်းစသည့် လုပ်ငန်းများကို ကူညီလုပ်ဆောင်ပေးရန်လိုအပ်သည်။

စေတနာ့ဝန်ထမ်းအဖွဲ့အစည်းဝင်များသည် ဘေးအန္တရာယ်မဖြစ်ပွားစဉ်ကပင် မိမိတို့လူထုအတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ဘေးအန္တရာယ်ဖြစ်ပွားနိုင်သည့် အခြေအနေကို ဆန်းစစ်ခြင်း၊ လူအင်အားပစ္စည်းကိရိယာ၊ ဗဟုသုတနှင့် ကျွမ်းကျင်မှုတို့ကို စုစည်းထားခြင်း၊ အာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ဆက်သွယ်ထားခြင်း၊ သတင်းအဆက်အလက် ဆက်သွယ်ရေးစနစ် တုံ့ပြန်ရေးအစီအစဉ် ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများကို စီစဉ်ထားခြင်းဖြင့် အရေးပေါ်အခြေအနေများတွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို ထိရောက်မြန်ဆန်စွာ အကူအညီပေးနိုင်ကြမည်ဖြစ်သည်။ ။

> "အရေးပေါ်ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် လူထုအားကူညီရန် စေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍမှာ အထူးလိုအပ်...
> ဘေးဒုက္ခအန္တရာယ်များ ဖြစ်ပွားချိန်တွင် ကျန်းမာရေးဝန်ထမ်းအင်အားနှင့် ပစ္စည်းအင်အားသည် မလုံလောက်..."

# ဖားကန့်ဒေသရှိ ဥရုချောင်းအတွင်း ရေထုညစ်ညမ်းမှုကြောင့် ငါးများရှားပါးနေ

**ဖားကန့် ဇွန် ၂၄**

ကမ္ဘာကျော်ကျောက်စိမ်းထွက်ရှိရာ ဖားကန့်ဒေသ၌ ရွှေနှင့် ကျောက်မျက်တူးဖော်မှုများ၊ အမှိုက်စွန့်ပစ်မှုများကြောင့် ဥရုချောင်းအတွင်း ရေများ နောက်ကျိညစ်ညမ်းလာပြီး ငါးနှင့် အခြားရေနေသတ္တဝါများရှားပါးကာ ဒေသခံများ အနေဖြင့် အခြားဒေသများမှ ငါးများကို ဝယ်ယူစားသုံးနေရကြောင်း သိရသည်။

"လွန်ခဲ့တဲ့ နှစ် ၂၀ ဝန်းကျင်ခန့်လောက်က ဥရုချောင်းထဲ ငါးကြင်းကြီးတွေ၊ ငါးရွှေးကြီးတွေနဲ့ တခြားရေနေသတ္တဝါတွေ အများကြီးရှိခဲ့တယ်၊ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ကျောက်မျက်တူးဖော်ရေးတွေလုပ်လာတော့ တဖြည်းဖြည်းနဲ့ ငါးတွေရှားပါးသွားတယ်"ဟု ဖားကန့်တွင် အနှစ် ၄၀ ကျော် နေထိုင်လျက်ရှိသူ ဦးစိုးနိုင်ဦးက ပြောသည်။

ငါးလုပ်ငန်းလုပ်ကိုင်သူများနှင့် ငါးရှာသူအချို့ရှိသော်လည်း တစ်ဝမ်းတစ်ခါးအတွက်ပင် မလွယ်ကူကြောင်း၊ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်းတွင် ချောင်း၏ အရည်အသွေး အဆိုးရွားဆုံး ထိခိုက်လာပြီး သဘာဝရေအရင်းအမြစ်များပါ ဆုံးရှုံးခဲ့သည့်အတွက် ငါးများ မရှိတော့ကြောင်း၊ ဒေသငါးစားသုံးမှုအတွက် မိုးကောင်း၊ အင်းတော်ကြီးဒေသနှင့် အောက်ပိုင်းမှ ရေခဲရိုက်ငါးများ တင်သွင်းနေရပြီး လက်ရှိ ငါးတစ်ပိဿာ ငွေကျပ် ၆၀၀၀၊ ခုတ်သားတစ်ပိဿာ ငွေကျပ် ၈၀၀၀ ဖြင့် ဝယ်ယူစားသုံးနေရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရေထုညစ်ညမ်းနေမှုနှင့်ပတ်သက်၍ ကချင်ပြည်နယ် ရေအရင်းအမြစ်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်သူ ဆရာဦးလကျုံဟောင်းခေါင်က "ဖားကန့်ဒေသက ဥရုချောင်းဟာ သေချာသလောက်နီးပါးကို ရေထုညစ်ညမ်းမှုဖြစ်နေတယ်လို့ ယူဆပါတယ်၊ ဘာလို့ဆို ချောင်းထဲ စွန့်တဲ့အမှိုက်တွေနဲ့ စွန့်ပစ်မြေစာတွေ၊ ရွှေမျှော တိုက်ရာမှာအသုံးပြုတဲ့ ပြဒါးတွေက ချောင်းထဲပဲသွားနေတော့ ရေသောက်လို့မရတော့ဘူး၊ ငါးဖမ်းစားလို့လည်း မရတော့ဘူး၊ ဒါဟာ ရေရှည်မှာ ပိုမိုဆိုးရွားသွားနိုင်တယ်လို့ မြင်ပါတယ်"ဟု ပြောကြားသည်။



စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများသည် ရေသယံဇာတကို ဆိုးရွားစွာထိခိုက်စေသည့် အဓိကအချက်ဖြစ်ပြီး ရွှေရှာရာတွင်သုံးသည့် ပြဒါးသည် ငါးမျိုးစိတ်များအား မျိုးတုန်းစေသကဲ့သို့ လူများ ပြဒါးအဆိပ်သင့်ပါက ဗဟိုအာရုံကြောစနစ်ကိုထိခိုက်ကာ မျိုးဆက်မအောင်သည့် အခြေအနေမျိုးအပြင် အသက်အန္တရာယ်ပါထိခိုက်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဖားကန့်မြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါရှီလဆိုင်းက "အရင်ကဆိုရင် ဒီဥရုချောင်းရေကိုပဲ သောက်သုံးရသလို ချောင်းထဲကငါးတွေကိုပဲ ဒေသခံတွေက မှီခိုစားသုံးရတာပါ။ အခုတော့ဒေသခံတွေက ကော်ဖီချောင်းလို့ ခေါ်ပါတယ်၊ ချောင်းဖျားပိုင်း မော်ပုံရွာ အောက်ဘက်က စပြီးတော့ ရေတွေကနောက်ကျိလာတယ်၊ အဲဒီအခါကျတော့ ဘာငါးမှ မနေနိုင်ပါဘူး"ဟု ပြောကြားသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ စစ်တမ်းကောက်ယူမှု စာရင်းဇယားများအရ ဖားကန့်ဒေသတွင် ငါး၊ ပုစွန်မွေးမြူရေးကန် ၆၈ ခု(ဧကပေါင်း ၁၁၅ ဒသမ ၅၄)မှ ၇၇ ဒသမ ၂၁၉ ပိဿာထွက်ရှိပြီး ဒေသခံလူဦးရေ ၁၂၅၀၃၃ ဦးနှင့် ရွှေ့ပြောင်းလုပ်သား တစ်သိန်းခွဲခန့်အတွက် ငါးစားသုံးမှု လုံလောက်မှုမရှိကြောင်း သိရသည်။

ဥရုချောင်းတစ်လျှောက် ရွှေတူးဖော်မှုလုပ်ငန်းနှင့် ဆက်စပ်၍ ရေသယံဇာတနှင့် ပတ်ဝန်းကျင်ထိခိုက်မှုများကို WCS၊ စင်ကာပူအခြေစိုက် INGO အဖွဲ့အစည်းတစ်ခုနှင့် ဒေသခံအဖွဲ့အစည်းတစ်ခုတို့ ပူးပေါင်း၍ ကာလတို စစ်တမ်းကောက်ယူလျက်ရှိကြောင်း သိရသည်။

ဥရုချောင်းသည် ဖားကန့်မြို့အတွင်း ကံဆီးဒေသ၊ လမာဘွမ်တွင် မြစ်ဖျားခံစီးဆင်းလာကာ လုံးခင်း၊ ဖားကန့်မြို့၊ ဟောင်ပါးနှင့် ဆယ်ဇင်းကျေးရွာများကို ဖြတ်သန်းစီးဆင်းပြီး စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင် ချင်းတွင်းမြစ်အတွင်းသို့စီးဝင်သည့် ရေမိုင် ၁၂၀ ခန့် ရှည်လျားသော ချောင်းတစ်ခုဖြစ်သည်။ ယခုအခါတွင် ရေထုညစ်ညမ်းသည့်အတွက် ငါးများ ရှားပါးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**


**စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ
(ဦးဇော်ဝင်း) + ဒေါ်သန်းခင် (မြစိမ်းမြေကျောက်မျက်ကုမ္ပဏီ) တို့၏သားငယ်
**ဗိုလ်ကြီး ဇော်လင်းထက် B.C.Tech (DSA)**
တပ်မတော်(ရေ)
နှင့်
နေပြည်တော်နေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ
ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ မောင်မောင်အေး + ဒေါ်ဝါဝါသင်း
တို့၏တစ်ဦးတည်းသောသမီး
**မအေးမြသင်း LL.B**
Managing Director (Royal Gandamar Co.,Ltd)

တို့၏ ၂၄-၆-၂၀၁၈ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် စုလျားရစ်ပတ်လက်ထပ်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်တင်အောင်စန်းနှင့်ဇနီး ဒေါ်သန်းသန်းအေးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော ဒုတိယသမ္မတ(၂)(ငြိမ်း) ဦးညွန့်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်အားလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ(ငြိမ်း) ဦးတင်အေးအားလည်းကောင်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ အငြိမ်းစားပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများအားလည်းကောင်း၊ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၅)မှ သူငယ်ချင်းများနှင့်ဇနီးများအားလည်းကောင်း၊ စိန့်ဂျွန်းကျောင်းသားဟောင်းများအားလည်းကောင်း၊ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုးအားလည်းကောင်း၊ ၁၃-၆-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)တွင် မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်(မန္တလေး)၌ကျင်းပပြုလုပ်သည့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးခြင်းနှင့် မင်္ဂလာဆွမ်းကပ်အခမ်းအနားတွင် လက်မှတ်ရေးထိုးပေးပါသော မန္တလေးတိုင်းဒေသကြီး၊ တရားလွှတ်တော်၊ တရားသူကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး ဒေါ်ခင်သောင်းစိုး၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသော ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သောင်းထိုက်ရွှေနှင့် ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာလင်းနှင့်ဇနီးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး အဖြစ်ဆောင်ရွက်ပေးပါသော ဦးမောင်မောင်အောင်အားလည်းကောင်း၊ မင်္ဂလာပွဲများအား အစစအရာရာအဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ၊ နှစ်ဖက်ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရအထူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီး ဇော်လင်းထက် + မအေးမြသင်း


# ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ဘုရင့်နောင်လမ်းမ ပညာရာမိကဆရာတော်ကြီးကျောင်းတိုက်ရှိ ကျောင်းဆောင်သစ်အောက်ထပ်၌ မြို့နယ်ကြက်ခြေနီအသင်းခွဲ တပ်ဖွဲ့မှုကြီးမှူးကျင်းပသော ရှေးဦးပြုစုခြင်း အခြေခံသင်တန်း ၃/၂၀၁၈ သင်တန်းဆင်းပွဲကို ဇွန် ၂၃ ရက် ည ၇ နာရီက ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် မြောက်ပိုင်းခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်ဆွေဆွေအောင်တို့က ကြက်ခြေနီလုပ်ငန်းများနှင့်ပတ်သက်၍ အမှာစကား ပြောကြားခဲ့ကြသည်။

ထို့နောက် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသည့် သင်တန်းဆင်းတပ်ဖွဲ့ဝင်တို့ကို သင်တန်းနည်းပြဆရာများကိုယ်စား ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဒေါ်မိုးခမ်းနှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့သို့ သွေးလွန်တုပ်ကွေးရောဂါနှိမ်နင်းရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ခြင်ဆေးမှုတ်စက်ဝယ်ယူနိုင်ရန် လှူဒါန်းခဲ့ကြသည့် အလှူရှင်တို့ကို တာဝန်ရှိသူများက ဆုများ၊ အောင်လက်မှတ်များ၊ အမှတ်တရလက်ဆောင်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **ကြေးမုံ**


**တစ်ဦးတည်းဖြစ်ပါကြောင်း**

အရှေ့ပိုင်းခရိုင်၊ မ/ဥက္ကလာမြို့နယ် (၂)ရပ်ကွက်၊အလက(၆)မှ ဒေါ်စန်းစန်းမြင့်[၁၂/ဥကမ(နိုင်)၀၇၉၅၈၀]၏ ဖခင်ဦးမြင့်နှင့် ဦးမြငွေ[၁၂/ဥကမ(နိုင်)၀၉၆၆၄၃]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြင့်(ခ)ဦးမြငွေ**

**ဖခင်အမည်မှန်**

ကျုံပျော်မြို့နယ်၊ လှည်းဆိပ်-အခြခံပညာအထက်တန်းကျောင်း၊ အဋ္ဌမတန်းမှ နန့်သက်သက်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းအောင်ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ကွဲပွဲမြို့၊ အထက တက္ကသိုလ်ဝင်တန်း(A)တွင် ပညာသင်ကြားနေသော မောင်ရဲထွန်းအောင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းကူမာရ်[၇/အတန(နိုင်)၁၂၈၀၉၁] ဖြစ်ပါကြောင်း။

**ဦးဆန်းကူမာရ်**

**ရခိုင်မိသားစု (ဂျီတီအိုင်)ကျောင်းသား/ကျောင်းသူဟောင်းများအသင်း၏ တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်ပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နှစ်ပတ်လည်အစည်းအဝေးနှင့် မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီး၊ ရပ်ဝေးနေ အသင်းသူ/သားများ မပျက်မကွက် တက်ရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။**

| | |
|---|---|
| အစီအစဉ်(၁)။ | ။ ဝါဆိုသင်္ကန်းဆက်ကပ်ပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့်နှစ်ပတ်လည်အစည်းအဝေး |
| နေ့ရက်။ | ။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ(၁၅)ရက်(တနင်္ဂနွေနေ့) |
| အချိန်။ | ။ နံနက်၉း၀၀နာရီမှ ၁၂း၀၀နာရီအထိ။ |
| နေရာ။ | ။ ရခိုင်ပြည်နယ်ဓမ္မာရုံ၊ အာဇာနည်ဗိမာန်လမ်း၊ ဗဟန်းမြို့နယ်။ |
| အစီအစဉ်(၂)။ | ။ မိတ်ဆုံညစာစားပွဲ |
| နေ့ရက်။ | ။ ၂၀၁၈ခုနှစ်၊ ဇူလိုင်လ(၁၅)ရက် (တနင်္ဂနွေနေ့) |
| အချိန်။ | ။ ညနေ၆း၀၀နာရီမှ ၁၀း၃၀နာရီအထိ |
| နေရာ။ | ။ M3 food centre ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်။ |

တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရှင်မိဘများ (၇-၇-၂၀၁၈)ရက်ကို နောက်ဆုံးထား၍ ဆက်သွယ်သတင်းပို့ပေးကြပါရန်။

- ဦးသန်းမြင့်အောင်-၀၉-၄၅၀၅၁၉၃၃၄၊ ဒေါ်ခင်စောကြည်-၀၉-၅၁၅၀၆၁၀
- ဦးဦးမြင့်ကျော်-၀၉-၅၀၆၄၆၅၃၊ ဒေါ်မြမြထွန်း-၀၉-၂၅၃၄၆၈၄၇၅

**အမှုဆောင်အဖွဲ့**

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၄-၅-၂၀၁၈ ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၀)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁)ဦးနိုင်လင်းအောင်+၁၏ဂရန်သစ်တွင်မှတ်ပုံတင်အမှတ်-၁၂/ဒဂတ(နိုင်)၀၅၀၁၁၀ ဟု အမှန်ဖတ်ရှုပါရန်။

**ပြင်ဆင်ဖတ်ရှုပါရန်**

